# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၃၀၉)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကို ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပသွားမည်



**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင်းမှ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မြန်မာမြားပစ်အားကစားမယ် စန်းယုထွေး အိုလံပစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့် တက်ရောက်



**ရီယိုဒီဂျနေးရိုး ဩဂုတ် ၈**

ဘရာဇီးနိုင်ငံ၌ကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယို နွေရာသီအိုလံပစ်ပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ မြန်မာအားကစားမယ် စန်းယုထွေးသည် ၁၆ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စန်းယုထွေးယှဉ်ပြိုင်သည့် အမျိုးသမီး Recurve တစ်ဦးချင်းပြိုင်ပွဲကို ကစားသမား ၆၄ ဦး ယှဉ်ပြိုင်ခဲ့ပြီး ပထမအဆင့်တွင် ဖင်လန်ကစားသမား ကူပါနှင့် တွေ့ဆုံခဲ့သည်။ ပြိုင်ပွဲမစတင်မီ ပစ်ခတ်ရသည့် Ranking Round တွင် စန်းယုထွေးသည် အဆင့် ၅၁ သာ ရသောကြောင့် အဆင့် ၁၄ ရရှိသည့် ကူပါ (ဖင်လန်)နှင့် တွေ့ဆုံခြင်းဖြစ်သည်။ စန်းယုထွေးသည် ယနေ့ယှဉ်ပြိုင်သည့်ပွဲများတွင် အမှားနည်းပြီး

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆

အိုလံပစ်ပြိုင်ပွဲတွင် စန်းယုထွေး ယှဉ်ပြိုင်နေစဉ်

## ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ နိုင်ငံရေပိုင်နက်အတွင်း လှည့်ကင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်

စာမျက်နှာ-၁၀

## မန္တလေးမြို့တွင် ပြည်သူများအပန်းဖြေရန် ဗိုလ်ချုပ်ပန်းခြံဖွင့်

စာမျက်နှာ-၄

## မန်ယူတို့ကွန်မြူနတီဒိုင်း (၂၁) ကြိမ်မြောက် ဆွတ်ခူး

စာမျက်နှာ-၁၄


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် အဂတိလိုက်စားအကျင့်ပျက်မှုများ ဖယ်ရှားရေး


ပြီးခဲ့သည့်အစိုးရလက်ထက်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဝေဖန်မှုများအနက် ဝန်ထမ်းလောကအကျင့်ပျက်မှုများကို နိုင်နင်းအောင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ဝေဖန်သံများက အကျယ်လောင်ဆုံးဖြစ်ခဲ့သည်။ လာဘ်ပေးလာဘ်ယူပြုခြင်း၊ ဌာနပိုင် ငွေကြေးပစ္စည်းတစ်စုံတစ်ရာတို့ကို ကိုယ်ကျိုးအတွက်သုံးခြင်း စသည့် အာဏာနှင့် လုပ်ပိုင်ခွင့်တို့ကိုအလွဲသုံးစားပြုကာ ဆန္ဒ၊ လောဘ၊ ဘယ၊ မောဟတို့ဖြင့် အဂတိလိုက်စားမှုအမျိုးမျိုးတို့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုစေသည့် အကြောင်းအရာများအနက် ကြီးစွာသောအကြောင်းတရားတစ်ခုဖြစ်သည်။

လုပ်ပိုင်ခွင့်ဟုဆိုရာတွင်လည်း ရုပ်ရှင်လက်မှတ်၊ ရထားလက်မှတ်ရောင်းသူကဲ့သို့သော အဆင့်မျိုးမှသည် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်စသည်ဖြင့် ပါမစ်ချပေးနိုင်သည့်၊ ခွင့်ပြုမိန့်ပေးနိုင်သည့် အဆင့်အမျိုးမျိုးအထိ ပါဝင်သည်။ အာဏာပိုင်တို့နှင့်အလွမ်းသင့်ကာ အမြီးစားဖက်၊ ခေါင်းစားဖက်အဖြစ်နှင့် လုပ်ငန်းအရပ်ရပ်တို့တွင် လက်ဝါးကြီးအုပ်လုပ်ကိုင်ခွင့် ရရှိခဲ့သူများတစ်ခေတ်တစ်ခါက ဒေသအသီးသီးနှင့် စီးပွားရေးနယ်ပယ်တို့တွင် လွှမ်းမိုးထားခဲ့ရာ လက်ရှိအခြေအနေတွင် ပြန်လည်စိစစ်တည့်မတ်ပေးရန် လိုအပ်လာပြီဖြစ်သည်။

အစိုးရယန္တရားတစ်ရပ်အတွင်း အကျင့်ပျက်ခြစားမှုများက ၎င်းအစိုးရ၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးတို့ကို ညံ့ဖျင်းစေသည်။ အကျင့်ပျက်ခြစားမှုဟူသည် လူ့ခန္ဓာကိုယ်အတွင်း ဝင်ရောက်တွယ်ကပ်နေသော ပိုးရပ်စ်ပိုးများသဖွယ် အရေအတွက်များပြား အင်အားကောင်းသည်နှင့်အမျှ ၎င်းမှီတွယ်ရာခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်သည့်သဘောပင် ဖြစ်သည်။ နိုင်ငံတစ်ခု၏ ကင်ဆာရောဂါတစ်ခုနှယ် အကျင့်ပျက်ခြစားမှုရောဂါ အမြစ်တွယ်နေပြီဆိုပါက ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အဘက်ဘက်တို့တွင် နစ်နာဆုံးရှုံးခြင်းနှင့်အတူ တိုင်းပြည်နှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာသည်လည်း ယုတ်လျော့ကျဆင်းရမည်မှာ မလွဲကေန်သေချာမှုတစ်ခုပင်ဖြစ်သည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စည်ပင်သာယာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဓာတ်အား ဖြန့်ဖြူး ရေးလုပ်ငန်းများစသည်တို့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနိမ့်ကျညံ့ဖျင်းစေခြင်း၊ မြေယာ၊ သားငါး၊ သတ္တု၊ သစ်တောသယံဇာတများဆုံးရှုံးစေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားခြင်း၊ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများအပေါ် ပြည်သူများကလေးစားမှုမရှိခြင်း၊ အုပ်ချုပ်သူအစိုးရအပေါ် အယုံအကြည်ကင်းမဲ့စေခြင်း....စသည်ဖြင့် ဖော်ပြ၍မဆုံးနိုင်သော အကျိုးဆက်ပေါင်းမြောက်မြားစွာတို့မှာ နိုင်ငံ၏ ကဏ္ဍအသီးသီးတွင် အကျင့်ပျက်ခြစားမှုတို့မှ ပေါ်ပေါက်လာနိုင်သည့် ရလဒ်များပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးတို့၏ ကြီးစွာသောရန်သူမှာ အကျင့်ပျက် အဂတိလိုက်စားမှုပင်ဖြစ်သည့်အလျောက် ၎င်းအား မဖြစ်မနေ ဖယ်ရှားရှင်းလင်းကြရမည်ဖြစ်ရာ အဆိုပါအမျိုးသားရေးရည်မှန်းချက် အောင်မြင်ရေးအတွက် အစိုးရနှင့်ပြည်သူ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အိန္ဒိယသမ္မတဟောင်းတစ်ဦးဖြစ်သည့် ပရာတီ ဘာပတေးလ်က ၎င်း၏နိုင်ငံသူ နိုင်ငံသားများအား နှိုးဆော်ခဲ့ဖူးသည်။ မိမိတို့၏ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင်လည်း အဓိက အဟန့်အတားတစ်ခုဖြစ်သည့် အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတို့ကို ပွင့်လင်းမြင်သာစွာ တိုက်ဖျက်သွားကြရမည် ဖြစ်ပါကြောင်း။ ။




## ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

**ရန်ကုန် ဩဂုတ် ၈**

မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဩဂုတ် ၆ ရက်မှစ၍ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်း (၁၅) ခုံးတံတားအနီးတွင် ၃၃ ကေဗွီ သီတာ၊ ကနေဒီ၊ ကောင်းကင် ဓာတ်အားလိုင်းသစ် ၁ ဒသမ ၉၂ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ် မန်နေဂျာရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းများသည် ပုဇွန်တောင်မြို့နယ် သီတာဓာတ်အားခွဲရုံမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်တို့ ဓာတ်အားပေးသော လက်ရှိ ၃၃ကေဗွီ သီတာ၊ ကနေဒီမြေအောက်ဓာတ်အားလိုင်းအတွက် Alternative Source ဓာတ်အားပေးရန်တည်ဆောက်သော ရန်ကုန်ဓာတ်အားလိုင်းဖြစ်ပြီး ကောင်းကင်လိုင်းကြိုး SAC (185 mm2)အရွယ်အစားရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ထင်သာမြင်သာပြုပြင်စရာ**

# ချိန်းချောင်းတူးမြောင်းအတွင်း ဒမင်းကျားပိုက်များထောင်နေသည့်အတွက် လယ်များရေနစ်မြုပ်



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ချိန်းချောင်းတူးမြောင်းသည် အင်္ဂလိပ်ခေတ်က တူးဖော်ခဲ့သည့် တူးမြောင်းဖြစ်ပြီး အသဝိအင်းကြီးနှင့်တကွ သုံးမြို့နယ်အတွင်းရှိ အင်းများ၊ ချောင်းများ၏ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးသည့် တူးမြောင်းဖြစ်ပြီး ၃၈ မိုင်ရှည်သည်။

ယင်းတူးမြောင်းနှင့် စပ်လျဉ်း၍ ပညာပေးဆွေးနွေးပွဲကြီးတွင် ဆည်၊ ဒမင်းမချရ၊ ပြည်သူများ ငါးရှာဖွေစားသောက်ပါက ငါးရှာနည်း ၁၆ မျိုးနှင့် ရှာဖွေစားရမည်။ ဆေး၊ ကျဉ်စက်၊ သုံးထပ်ပိုက်အသုံးမပြုရ၊ ငါးရစ်-ငါးတန်ကုန်ဆုံးချိန် စက်တင်ဘာ ၁ ရက်မှသာ ရှာစားရမည်။ တူးမြောင်းကို ပိတ်ဆို့မှု မလုပ်ရ။ ငါးရစ်-ငါးတန်ရှာဖွေခြင်း မလုပ်ရ၊ လုပ်ဆောင်သူများရှိခဲ့ပါက တာဝန်သိပြည်သူများအနေဖြင့် သက်သေခံအထောက်အထားများဖြင့် တိုင်ကြားရန် ညွှန်ကြားခဲ့သည်။ ထိုဥပဒေစည်းကမ်းချက်များကို ပြည်သူများမှ လေးစားလိုက်နာပြီး နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၁ ရက်မှသာ ရှာဖွေစားသောက်ခဲ့သည်။

ယခုအခါ ကျောက်တံခါးမြို့နယ် ငါးဖယ်အင်းကျေးရွာအနီး လေးမိုင်အရှည်ခန့်ရှိသော တူးမြောင်းအတွင်း ဇူလိုင် ၂၀ ရက်တွင် ဒမင်းခုနစ်လက်ဖြင့် ကျူးလွန်သူခုနစ်ဦးတို့အား ငါးဖယ်အင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဖမ်းဆီးပြီး ညောင်လေးပင်ငါးဦးစီးဌာနသို့ အပ်နှံခဲ့သည်။ ထို့ပြင် ပြစ်မှုကျူးလွန်သူများကို အရေးယူ ဆောင်ရွက်ရန်အတွက် တရားဝင် တိုင်ကြားစာတစ်စောင်ကို ဇူလိုင် ၂၂ ရက်တွင် ပေးပို့ခဲ့သည်။

ထိုသို့ တိုင်ကြားထားသော်လည်း ထပ်မံ၍ ဇူလိုင် ၂၈ ရက်တွင် ချိန်းချောင်းတူးမြောင်းအတွင်း တူးမြောင်းပိတ်ဆို့ခြင်း၊ ငါးရစ်-ငါးသန် ခိုးရှာခြင်းတို့ကို ကျူးလွန်နေပါသဖြင့် ပြည်သူများက ညောင်လေးပင်ငါးဦးစီးနှင့် မြို့မရဲစခန်းတို့သို့ အကြောင်းကြားခဲ့သည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးမှူး ရောက်ရှိလာပြီး တရားစွဲဆိုမှုပြုလုပ်မည်ဟုပြောကြားခဲ့သည်။

ယခုအခါတွင် ဒမင်းများသည် ဖမ်းထားသည့်ဦးရေထက် သာလွန်၍ တူးမြောင်းအတွင်းထောင်နေကြသဖြင့် တောင်သူများ၏ လယ်များ ရေကြီးနစ်မြုပ်ခြင်း ခံနေကြရသည်။ သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးနိုင်ရန် လယ်သမားများက မျှော်လင့်လျက်ရှိသည်။

**သန်းထွန်း(ကျောက်တံခါး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၈-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄.၈၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၁၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*** ရှေ့ဖုံးမှ**

ထို့နောက် ဗဟိုကော်မတီဝင်များက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကော်မတီအလိုက်ဆောင်ရွက် သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြ ချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီကို ဩဂုတ် ၃ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဗဟိုကော်မတီဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖြစ် ဒုတိယဝန်ကြီးဦးခင်မောင်တင်၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ဦးခင်ဇော်ဦးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်းတို့ ပါဝင်ဖွဲ့စည်းခဲ့သည်။

ဗဟိုကော်မတီအောက်တွင် လုပ်ငန်းကော်မတီများကိုလည်း သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည်။

**(သတင်းစဉ်)**

# မစ္စတာ ဟိုင်းဒါ ခရမ် ဒီဗန်လယ်အိုလူ အား မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တူရကီသံအမတ်ကြီးအဖြစ် မစ္စတာ ဟိုင်းဒါ ခရမ် ဒီဗန်လယ်အိုလူ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်ပါသည်။

မစ္စတာ ဟိုင်းဒါ ခရမ် ဒီဗန်လယ်အိုလူ ကို ၁၉၇၀ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် အန်ကာရာမြို့၌ မွေးဖွားခဲ့ပါသည်။ တူရကီနိုင်ငံ၊ အရှေ့အလယ်ပိုင်းနည်းပညာတက္ကသိုလ်၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးသိပ္ပံဆိုင်ရာဌာနမှ နိုင်ငံတကာဆက်ဆံရေးဘွဲ့ကို ရရှိခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် အန်ကာရာမြို့ရှိ တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ ၁၉၉၃ ခုနှစ်တွင် စစ်မှုထမ်းခဲ့ပါသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လည်းကောင်း၊ ဂျာမနီနိုင်ငံ ကာဂျစ်စတန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံများဆိုင်ရာ တူရကီသံရုံးများ၌ လည်းကောင်း ရာထူးတာဝန် အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ယခုလက်ရှိအချိန်အထိ တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံအများနှင့် စီးပွားဆက်ဆံမှုဆိုင်ရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ ဟိုင်းဒါ ခရမ် ဒီဗန်လယ်အိုလူသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိပါသည်။ အင်္ဂလိပ်ဘာသာနှင့် အီတလီဘာသာစကားတို့ တတ်ကျွမ်းပါသည်။

**(သတင်းစဉ်)**

# ရပ်ရွာအခြေပြု Community Based Policing ရှေ့ပြေးစီမံချက် နောက်တိုး ရှစ်မြို့နယ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၈၀၀ ထောက်ပံ့

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရပ်ရွာအခြေပြု Community Based Policing ရှေ့ပြေးစီမံချက် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် ရှစ်မြို့နယ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက တရားဥပဒေစိုးမိုးရေးသည် မည်သည့်စနစ်တွင်မဆို မရှိမဖြစ်လိုအပ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကနဦးစမ်းသပ် လေးမြို့နယ်ဆောင်ရွက်ခဲ့ပြီး ယင်းအတွေ့အကြုံအပေါ်မူတည်၍ နောက်ထပ်ရှစ်မြို့နယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တိုးစီမံချက် ရှစ်မြို့နယ်အတွက် လိုအပ်သည့်ကိစ္စများတွင် သုံးစွဲနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ စီပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက စီမံချက်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အဆိုပါရှေ့ပြေးစီမံချက်ဆောင်ရွက်လျက်ရှိသည့် သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များ၌ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောနေရာများ၌ အသုံးပြုရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ စီအား သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရပ်မိရပ်ဖများထံသို့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အမှတ် (၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**



**(သတင်းစဉ်)**

# ခြင်းလုံးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲ အင်းစိန်မြို့နယ်အသင်း တံခွန်စိုက်ဆုဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ လေးပေါက်တန်းခြင်းလုံးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၇ ရက် ညနေပိုင်းက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏပိုက်ကျော်ခြင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပခဲ့ရာ သာကေတမြို့နယ်အသင်းကရမှတ် ၅၃၉ မှတ်ရရှိပြီး အင်းစိန်မြို့နယ်အသင်းက ရမှတ် ၅၆၂ မှတ်ဖြင့် သာကေတမြို့နယ်အသင်းကို အနိုင်ရရှိသွားသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ပြည်နယ်ကိုယ်စားပြုမယ့် အားကစားသမားတွေကို ရွေးတာပါ။ နှစ်စဉ်ရိုးရာခြင်းလုံးပြိုင်ပွဲတွေကျင်းပပါတယ်။ နောက်တက်လာမယ့် ခြင်းလုံးအားကစားသမား မျိုးဆက်သစ်လူငယ်တွေထွက်ပေါ်လာဖို့အတွက် ပြိုင်ပွဲလုပ်ပေးတာဖြစ်ပါတယ်။ လေးပေါက်တန်းဆိုတာ ခြင်းကြီး ၁၀ မျိုးရှိပါတယ်။ ၁၀ မျိုးမှာမျိုးတူမျိုးကွဲတွေကို ၁၀ မျိုး ပြိုင်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် လေးပေါက်တန်းလို့ခေါ်ပါတယ်။ ဒီပြိုင်ပွဲမှာ အပိုင်းကိုးပိုင်းရှိတယ်။ လေးမျိုးပြိုင်ရတဲ့အတွက် လေးပေါက်တန်းလို့ခေါ်ပါတယ်"ဟု တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်က ပြောသည်။

ဆက်လက်၍ မြို့နယ်ပေါင်းစုံ လေးပေါက်တန်း မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရ အင်းစိန်မြို့နယ်အသင်းမှ နေလင်းထွန်း၊ တတိယဆုရ မြောက်ဥက္ကလာပမြို့နယ်အသင်း၊ ဒုတိယဆုရသာကေတမြို့နယ်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသွားသော အင်းစိန်မြို့နယ်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးတို့က တစ်ဦးချင်းဆု၊ ငွေသားဆုများနှင့် တံခွန်စိုက်ဖလားတို့ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေးကေလင်း**




# မြစိမ်းရောင်စီမံကိန်း တိုးချဲ့ရွာများသို့ ကွင်းဆင်းမိတ်ဆက်

**မိုးမောက် ဩဂုတ် ၈**

ကချင်ပြည်နယ် မိုးမောက်မြို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာကိုးရွာ(၈-ယူနစ်)တိုးချဲ့ဆောင်ရွက်မည်ဖြစ်၍ စီမံကိန်းဆိုင်ရာ အကြောင်းအရာများ မိတ်ဆက်ရှင်းလင်း ပွဲများကို ဩဂုတ်လ ပထမပတ်မှစတင်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တာဝန်ရှိသူများက တစ်ရွာဝင်တစ်ရွာထွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့မီးရထားခရီးသွားပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးရန်စီစဉ်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာ့မီးရထားအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ ဂျိုက်ကာ (JICA) ၏ အကူအညီကိုရယူကာ ခရီးသွားပြည်သူများအတွက် စိတ်ကျေနပ်မှုကို အပြည့်အဝပေးနိုင်မည့် အကောင်းဆုံးဝန်ဆောင်မှုစနစ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ရန်ကုန်ဘူတာကြီးအပါအဝင် ဘူတာငါးခုမှာ စတင်ပြီး အကောင်းဆုံးဝန်ဆောင်မှု အစီအစဉ်တွေ ချမှတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ဘူတာတိုင်းမှာ ဝန်ဆောင်မှုကောင်းတဲ့ဘူတာတွေကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးထွန်းအောင်သင်းက သိမ်ဖြူလမ်းရှိ မြန်မာ့မီးရထား(အောက်မြန်မာပြည်)ရုံး၌ပြုလုပ်သော ဂျိုက်ကာမှတာဝန်ရှိသူများက မြန်မာ့မီးရထားမှ ရုံးပိုင်တာဝန်ရှိသူများကို သင်တန်းပေးသည့် အခမ်းအနား၌ ပြောကြားသည်။

ခရီးသွားပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် JICA အနေဖြင့် ရန်ကုန်၊ အင်းစိန်၊ တညင်းကုန်း၊ မင်္ဂလာဒုံနှင့် ပဲခူးတို့မှ မြန်မာ့မီးရထားဝန်ထမ်းများအား ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် သင်တန်းများပေးအပ်ခြင်းဖြစ်ကြောင်း၊ ယင်းဘူတာများကို စံပြအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး ဘူတာများ ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအား ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံအဆောက်အအုံများ(မီးရထားဘူတာ၊ သံလမ်းပိုင်း၊ ရထားတွဲခေါင်းများ) ကောင်းမွန်ရုံမျှမက မီးရထားဝန်ထမ်းအားလုံးကလည်း ခရီးသွားပြည်သူများအား စိတ်ကျေနပ်မှုအပြည့်အဝရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း ဂျိုက်ကာမှ မြန်မာနိုင်ငံဆိုင်ရာ မီးရထားမူဝါဒ အကြံပေး မစ္စတာ မီဆုအိုဟီဂါရှိက ပြောကြားသည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၈**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသိန်းစိန် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ (ဓါတ်ပုံ)

ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်က မြန်မာနိုင်ငံသမိုင်းကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်မှုဆောင်ရွက်ချက်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်သော ဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်မှုတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအတိုင်ပင်ခံများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပါတီဝင်များ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နယ်စပ်ဆက်ဆံရေးရုံးများ သတင်းအချက်အလက်ရယူခြင်းနှင့် နယ်စပ်ဖြတ်ကျော်မှောင်ခိုမှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၈**

နယ်စပ်ဆက်ဆံရေးရုံးများ သတင်းအချက်အလက်ရယူခြင်းနှင့် နယ်စပ်ဖြတ်ကျော်မှောင်ခိုမှုများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ဒုတိယအကြိမ် သင်တန်းဆန်သော အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၆) ကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ယနေ့နံနက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ ကြီးကြပ်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရဲမှူးချုပ် အောင်ဝင်းဦးနှင့် UNODC PATROL အစီအစဉ်မှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Matthew Nice တို့က အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး ဦးဆောင်ကော်မတီဝင်များ၊ ရဲအရာရှိကြီးများ၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ဗန်းမော်၊ မူဆယ်၊ လောက်ကိုင်နှင့် မောင်တောနယ်စပ် ဆက်ဆံရေးရုံးများမှ အရာရှိများ၊ UNODC မှ ကျွမ်းကျင်သူ နည်းပြများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် UNODC နှင့် ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး (Partnership Against Transnational crime Regional Organized Law enforcement - PATROL) ပူးပေါင်းဆောင်ရွက်ရေးကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ (အထူးသဖြင့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်မှောင်ခိုကုန်ကူးမှုများ တိုက်ဖျက်ရေး)ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက် ဖလှယ်ရေးတို့အတွက် နှစ်စဉ်ကျင်းပသည့် အစီအစဉ် ဖြစ်သည်။

UNODC PATROL အစီအစဉ်သည် နယ်စပ်ဒေသများတွင် ကျူးလွန်သော မှုခင်းဖြစ်စဉ်များနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များအပေါ် နှစ်စဉ်ပြန်လည်လေ့လာသုံးသပ်၍ UNODC အနေဖြင့် နည်းပညာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အထောက်အကူပစ္စည်းများ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက်ထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်မြို့နယ်များရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံအတွင်း ရေဘေးသင့်မြို့နယ်များသို့ သွားရောက်ကာ ကျောင်းသုံးဗလာစာအုပ်များကို မင်းဘူးမြို့နယ်တွင် ဒါဇင် ၃၀၀၀၊ ပွင့်ဖြူမြို့နယ်တွင် ဒါဇင် ၃၀၀၀၊ ပခုက္ကူမြို့နယ်တွင် ဒါဇင် ၅၀၀၀ လှူဒါန်းခဲ့ပြီး ကျန်ဒေသများသို့လည်း လိုအပ်သလို ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်လှမျိုးနွယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ဩဂုတ် ၈ ရက်မှ ၁၃ ရက်ထိကျင်းပမည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူတရားရုံးများအဖွဲ့၏ တတိယအကြိမ် ညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြ သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်လှမျိုးနွယ်နှင့် အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးစီးအရာရှိ ဒေါက်တာမေဆုလှိုင် တို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ စည်းဝေး

**နေပြည်တော် ဩဂုတ် ၈**

မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်လုပ်ငန်းကို ပိုမိုတိုးတက်စေရန် ပြီးခဲ့သည့် ဇူလိုင်လက မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရှေ့ပြေးစီမံကိန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ သေဆုံးမှုနှင့် မသန်စွမ်းဖြစ်ခြင်းများမှ ကာကွယ်နိုင်ရန် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ မျှဝေသည့်စနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ပြောကြားသည်။

ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၏ အစည်းအဝေး အမှာစကားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ဟာ တစ်ပြည်လုံးအတိုင်း အတာနဲ့မလုပ်ခင် မွေးဖွားမှုနဲ့ သေဆုံးမှုဆိုင်ရာ ရှေ့ဦးစီမံကိန်းအဖြစ် လုပ်ခဲ့တယ်။ ဘာလို့လုပ်တာလဲဆိုရင် ပိုပြီးတိုးတက်ကောင်းမွန်အောင်လုပ်ဖို့တွက် မွေးဖွားမှုနဲ့ သေဆုံးမှုအတွက် လုပ်ဆောင်နေတဲ့စနစ်တခုလုံးကို ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ဒီလို ပြန်လည် သုံးသပ်မှသာ အားနည်းချက်တွေကို သိလာမယ်။ အားနည်းချက်တွေကို ပြင်နိုင်မယ်။

ဒီနေ့ဆွေးနွေးပွဲက မွေးဖွားမှုနဲ့ သေဆုံးမှုဆိုင်ရာ စာရင်းအင်းတွေ ပိုမိုအရည်အသွေး ကောင်းမွန်ရေးအတွက် နည်းပညာပိုင်း ပိုမိုကောင်းမွန်ဖို့ ရည်ရွယ်ပြီးတော့ မွေးဖွားမှုနဲ့ သေဆုံးမှုဆိုင်ရာ စာရင်းအင်းတွေ ဘာကြောင့် လိုအပ်ချက်ဖြစ်တာလဲဆိုတဲ့ အားနည်းချက်ကို ရှာသွားမှာဖြစ်ပါတယ်။

မွေးဖွားမှုနဲ့ သေဆုံးမှုဆိုင်ရာ စာရင်းအင်းတွေအတွက် ဌာနတွေကြားထဲမှာ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေတဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုအားကောင်းအောင် ဆောင်ရွက်ရမယ်၊ အရည်အသွေးပြည့်ဝအောင်လုပ်ရမယ်" ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်လုပ်ငန်းကို UNICEF နှင့် Vital Strategies အဖွဲ့တို့က ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရပြီး UNICEF က မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းလုပ်ငန်း အတွက် ဆောင်ရွက်ထားသော E-platform စနစ် ဆောင်ရွက်ထားရှိမှုနှင့် ဖွားသေစာရင်းအင်းများ မှတ်ပုံတင်ခြင်းစနစ်ကို ပိုမိုတိုးတက်စေရန်အတွက် Vital Strategies အဖွဲ့မှ ဆောင်ရွက်ထားရှိမှုများကို အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်လုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများမှ တွေ့ရှိရသော ကွဲပြားချက်များ၊ ထပ်တူဖြစ်နေသောလုပ်ငန်းများနှင့် လုပ်ဆောင်ရန် ကျန်ရှိသောလုပ်ငန်းများကိုလည်း ဆွေးနွေးကြမည်ဖြစ်ပြီး အစည်းအဝေးကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သနပ်ပင်၌ မြေငှားဂရန်ထုတ်ပေး

**သနပ်ပင် ဩဂုတ် ၈**

သနပ်ပင်မြို့နယ် မင်းရွာတာဝကျေးရွာအုပ်စု ကမာဘာကျေးရွာနေ ပြည်သူများ ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ထုတ်ပေးသည့် အခမ်းအနားကို မြို့နယ်ထွေ/အုပ်ရုံး၌ ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက မြေငှားဂရန်ထုတ်ပေးခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ထံ ကျေးရွာမြေငှားဂရန်များပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကမာဘာကျေးရွာနေ ပြည်သူများကိုယ်စား ကျေးရွာသားတစ်ဦးအား မြေငှားဂရန်များ ထပ်ဆင့်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မန္တလေးမြို့တွင် ပြည်သူများအပန်းဖြေရန် ဗိုလ်ချုပ်ပန်းခြံဖွင့်

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနပိုင် ဗိုလ်ချုပ်ပန်းခြံဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၇ နာရီခွဲက မန္တလေး မဟာအောင်မြေမြို့နယ် ၆၂လမ်း× ၃၉ နှင့် လမ်း၄၀ကြားရှိ အဆိုပါပန်းခြံ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ရောက်အားပေးခဲ့ကြသည်။

"အရင် ကျုံးအတွင်း၌ရှိတဲ့ ရေပေါ်ဥယျာဉ်မှ ဗိုလ်ချုပ်ကြေးရုပ်ကို အခုပန်းခြံနေရာကို ပြောင်းရွှေ့ခဲ့တာပါ။ ဒီပန်းခြံကြီးကလည်း အရင်ကတည်းက မနော်ရမ္မံဥယျာဉ်နာမည်နဲ့ ရှိခဲ့ပေမယ့် မပြုပြင်ဘဲထားခဲ့တဲ့အတွက် လာရောက်အပန်းဖြေသူနည်းပါးခဲ့တယ်။ အခုလို ဥယျာဉ်တစ်ခုရဲ့ လိုအပ်ချက်တွေကို ပြည့်စုံစွာပြုပြင်ပြီး ပြန်လည်ဖွင့်လှစ်လိုက်တော့ ကျွန်တော်တို့ မိသားစုတွေ ဖွင့်ဖွင့်ချင်းပဲ လာရောက်လည်ပတ်ဖြစ်တာပါ။ ကလေးတွေလည်း ပျော်ရွှင်ကြတယ်၊ ကျွန်တော်တို့တွေလည်း စိတ်အပန်းဖြေမှုကို ရရှိစေပါတယ်" ဟု အောင်ပင်လယ်ရပ်ကွက်နေ ကိုတင်မိုးဝင်းက ပြောသည်။

အဆိုပါ ပန်းခြံသည် ၄ ဒသမ ၆၄၂ ဧက ကျယ်ဝန်းပြီး ခိုင်မာသော ပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သန်း ၂၁၀ ဒသမ ၃၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကာ ပန်းခြံအတွင်းသို့ မည်သူမဆို အခမဲ့ဝင်ရောက် အပန်းဖြေနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာ့တပ်မတော်မှ အရာရှိများ၊ သင်တန်းနည်းပြများ၊ ဩစတြေးလျသံအမတ်ကြီးနှင့် တာဝန်ရှိသူများ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ့တပ်မတော်နှင့် ဩစတြေးလျတပ်မတော်တို့အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဆောင်ရွက်သော Myanmar-Australia United Nations Peacekeeping Training Programme ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက UN Peacekeeping တွင် ၁၉၅၈ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် ၂၀၁၄ ခုနှစ်မှ ယနေ့ထိ လိုက်ဘေးရီးယားနှင့် တောင်ဆူဒန်နိုင်ငံတို့၌ UN Observer အဖြစ် တာဝန်ထမ်းဆောင်မှု၊ သင်တန်းဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ပေးသည့် ဩစတြေးလျနိုင်ငံဆိုင်ရာတာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးရှိသည့် သင်တန်းဖြစ်စေရေး ကြိုးစားအားထုတ်လေ့လာကြရန် မှာကြားသည်။

ထို့နောက် ဩစတြေးလျသံအမတ်ကြီးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မြန်မာ့တပ်မတော်မှ အရာရှိများအား ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူနိုင်စေရန်၊ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများအချင်းချင်း အပြန်အလှန် တွေ့ဆုံဖလှယ်ဆွေးနွေးရန်နှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန် ရည်ရွယ်ပြီး ဩဂုတ် ၁၈ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# (၂၈)နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနေ့တွင် ၈၈၈၈ သမိုင်းပြတိုက်(ယာယီ)၌ လေ့လာသူများစည်ကား

**သတင်း-မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ- ရဲထွဋ်**

**ရန်ကုန် ဩဂုတ် ၈**

ယနေ့(၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံမွေ့ပီယကျောင်းတိုက်တွင် ဒီမိုကရေစီအင်အားစုများဖြင့် ယနေ့အထူးစည်ကားသကဲ့သို့ ကျိုက္ကဆံအနောက်ရပ်ကွက်ရှိ ၈၈၈၈ သမိုင်းပြတိုက် (ယာယီ)တွင်လည်း လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ပြတိုက်တွင် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကာလအတွင်း တစ်ပါတီအာဏာရှင်စနစ်အား ဆန့်ကျင်ဆန္ဒပြခဲ့သည့် ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ၊ ထိုခေတ် ထိုအခါက နိုင်ငံပိုင်သတင်းစာနှင့် ပုဂ္ဂလိကစာစောင်များတွင် ဖော်ပြခဲ့သည့် သတင်းမှတ်တမ်းများကို နောင်မျိုးဆက်သစ်လူငယ်များ သင်ခန်းစာယူနိုင်ရန်အတွက် ပြသထားသည်။

ထို့ပြင် ရှစ်လေးလုံး အရေးတော်ပုံကာလကြီးအတွင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်၏ ကြေညာချက်များ၊ စာတမ်းများ၊ သတင်းနှင့်ပြန်ကြားချက်များ ထုတ်ဝေရာတွင် အသုံးပြုခဲ့သည့် လက်လှည့်စာကူးစက်ကြီးကိုလည်း ပြသထားသည်။

"အရေးတော်ပုံကာလအတွင်းမှာ ကြေညာချက်တွေ၊ စာတမ်းတွေ ထုတ်ပြန်ဖို့အတွက် ဝက်ဘ်ပေပါပေါ်မှာ ကလစ်နဲ့ဖောက်ပြီး နှစ်ပေမီးချောင်းနဲ့နှိပ်ခဲ့ရတာ။ ကြေညာချက်တွေရေးဖို့အတွက် လက်ရေးနဲ့က အဆင်မပြေဘူး၊ အဲဒီတုန်းက ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက လက်လှည့်စာကူးစက်ကြီး ရလာတယ်။ အဲဒီစက်ကြီးနဲ့ တစ်ညလုံးကြေညာချက်တွေ၊ စာတမ်းတွေကို လိုမ့်ထုတ်ရိုက်ခဲ့တယ်။ လူတွေသာ ထောင်ကျခံမယ်၊ ခုချိန်ထိ အဲဒီစက်ကြီးကို အဖမ်းဆီး အဖျက်ဆီးမခံနိုင်ဘူး၊ သူက ကျွန်တော်တို့တွေရဲ့ သက်မဲ့ အရေးတော်ပုံ တပ်သားတစ်ယောက်ပါ"ဟု ပြတိုက်တွင် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး လှူဒါန်းထားသည့် လက်လှည့်စာကူးစက်ကြီးနှင့် ပတ်သက်သည့် သမိုင်းကြောင်းကို ပြတိုက်ရုံးတာဝန်ခံ ဦးအောင်မော်က ပြောသည်။

၈၈၈၈ သမိုင်းပြတိုက် (ယာယီ)ကို ဒီမိုကရေစီအထိမ်းအမှတ် မော်ကွန်းတစ်ခု တည်ဆောက်ရေး၊ ရှစ်လေးလုံး လူထုအရေးတော်ပုံ သမိုင်းဖြစ်ရပ်မှန်ကို ရေးသားပြုစုနိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရှစ်လေးလုံးသမိုင်းဖြစ်ရပ်မှ သင်ခန်းစာများ ရယူနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

ရှစ်လေးလုံးသမိုင်းပြတိုက်ကို ၂၀၁၃ ခုနှစ်မှစတင်ကာ ပြတိုက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ယာယီပြတိုက်ဖွင့်လှစ်ခဲ့ကြောင်း၊ နိုင်ငံတော်အဆင့်ပြတိုက်ဖွင့်လှစ်ရန်အတွက် သက်ဆိုင်ရာသို့ တင်ပြထားကြောင်း ဦးအောင်မော်က ပြောသည်။

"ပြတိုက်ဖွင့်ဖို့အတွက် အခက်အခဲတွေ အများကြီးရှိခဲ့တယ်၊ အခန်းငှားရတာတွေရှိတယ်၊ အခန်းကကျဉ်းတော့ ပြချင်တဲ့ပစ္စည်းတွေ ပြလို့မရသေးဘူး၊ အခုနေရာက အခက်အခဲရှိတယ်၊ မူရင်းပစ္စည်းတွေကို ထိန်းသိမ်းထားတယ်။ နိုင်ငံတော်အဆင့် ပြတိုက်ကြီးဖွင့်နိုင်ရင် ထိန်းသိမ်းထားတဲ့ပစ္စည်းတွေကို ပြသသွားမယ်။ ဒီနေ့လာလှူတဲ့ ပစ္စည်းတွေဆိုရင် မတွေ့ဘူး၊ မကြုံဖူးဘူး။ သွေးစွန်းနေတဲ့အင်္ကျီတွေ၊ အလံတွေ၊ နဖူးစည်းတွေ ပါပါတယ်"ဟု ဦးအောင်မော်က ပြောသည်။

၈၈၈၈ သမိုင်းပြတိုက်(ယာယီ)တွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်း ၁၄၇ ကားအပြင် ထိုခေတ်ထိုအခါက ထွက်ရှိခဲ့သည့် သတင်းစာ စာစောင်များတွင်ပါရှိခဲ့သည့် သတင်းမှတ်တမ်းများကိုလည်း ပြသထားသည်။

"မျိုးဆက်သစ်တွေ လေ့လာဖို့ရအောင် ရှစ်လေးလုံးပြတိုက်ရုံးခန်းဖွင့်ထားတယ်၊ မျိုးဆက်သစ်တွေ ရှစ်လေးလုံးဆိုတာ ဘာလဲဆိုတာမသိလိုက်တဲ့ မျိုးဆက်သစ်တွေကို မျိုးဆက်ဟောင်းတွေ ဖြတ်သန်းခဲ့တဲ့သူတွေက လက်ဆွဲခေါ်လာပြီး ရှစ်လေးလုံးဆိုတာ ဟောဒီလိုကွလို့ မြင်ကွင်းတွေနဲ့ ပြနေတယ်၊ အသံတွေနဲ့ပုံဖော်နေတယ်။ ယခုတော့ မှတ်မှတ်သားသား စုမိဆောင်းမိတာ မရှိသလောက် အားနည်းနေတယ်လို့ ခံစားရတယ်"ဟု ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်က ပြောသည်။

ပြတိုက်ကို အများပြည်သူရုံးပိတ်ရက်များနှင့် တနင်္လာနေ့မှအပ ကျန်သည့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်ပြသထားပြီး ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ကာလအတွင်း ရှစ်လေးလုံးသမိုင်းမှတ်တမ်း အထောက်အထားများကို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။





ညောင်တုန်းမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ဆည်မြောင်းတာတမံများတွင် တာနိမ့်ခြင်း၊ ကမ်းပြိုခြင်း၊ ရေပေါက် ဖြစ်ပေါ်ခြင်း၊ ရေကျော်ခြင်းများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သော်ဇင်ဦး ဦးဆောင်သော တပ်မတော်သားများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)နှင့်တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများက လိုက်လံစစ်ဆေး၍ လိုအပ်သည့်သဲအိတ်များဖို့ခြင်း၊ ရေခွေများပြုလုပ်စဉ် (မြို့နယ် ပြန်/ဆက်)

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၂၄)အား ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကယ်က စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆားမူအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသည်သာ မဲအများဆုံးရရှိသူဖြစ်ကြောင်းနှင့် လျှောက်ထားသူအား ရွေးကောက် တင်မြှောက်ခံရသူအဖြစ် ကြေညာပေးပါရန် (၂၂-၁၂-၂၀၁၅) ရက်နေ့တွင် ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၂၄)အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူတို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ဆက်လက်စစ်ဆေးကြားနာခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆားမူသည် ရွေးကောက်ပွဲ၌ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၁)နှင့် (၄)တို့အရ တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် လျှောက်ထားခံရသူ ဦးဆားမူအား ရွေးကောက်တင်မြှောက်ခြင်းသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၁ (က) (ဃ)အရ ပျက်ပြယ်ကြောင်း၊ ဦးကယ်သည် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ခုံအဖွဲ့မှ ဆုံးဖြတ်ပြီး တရားစရိတ် ငွေကျပ်နှစ်သိန်းတိတိအား လျှောက်ထားခံရသူက လျှောက်ထားသူအား ပေးစေကြောင်း သိရှိရသည်။
**(သတင်းစဉ်)**

# စာပေဖတ်ရှုမှုအလေ့အထ ထူထောင်ကြပါစို့

**မြင့်ကျော်(ဇလွန်)**

စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးမြင့်မည်၊ စာပေပျောက်ကလူမျိုးပျောက်မည်၊ အလိမ္မာစာမှာရှိသည်၊ စာပေ၏တန်ဖိုး အဖိုးမဖြတ်နိုင် စသည့် ဝေါဟာရများသည် မြန်မာပြည်သူများကြား နှစ်ပေါင်းများစွာလက်ခံမှတ်ယူထားသောအယူအဆများဖြစ်ပါသည်။ စာဖတ်ခြင်းနည်းကို ပညာရှင်အမျိုးမျိုးတို့ ညွှန်ပြခဲ့ကြပြီး ဂမ္ဘီသာရပျို့လာရှင်မဟာရဋ္ဌသာရ၏ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့ ဟူသော ဩဝါဒသည် မြန်မာ့စာပေသမိုင်းတွင် စာပေဖတ်ရှုနည်းလမ်းညွှန်မှုများတွင် တန်ဖိုးအရှိဆုံးတိုက်တွန်းမှုအဖြစ် သတ်မှတ်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအကြောင်းတရားများတွင် နိုင်ငံသူ/ နိုင်ငံသားများ၏ စာပေဖတ်ရှုလေ့လာမှု အလေ့အထသည်လည်း အရေးပါသောအချက်တစ်ချက်ဖြစ်သည်။ စာပေဖတ်ရှုမှုကြောင့် အသိဉာဏ်ပညာ၊ ဆင်ခြင်နားလည်နိုင်စွမ်းနှင့် ဝေဖန်ပိုင်းခြားနိုင်မှုများ မြင့်မားတိုးတက်လာမှုနှင့်အညီလူ့ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း ဥပဒေများအပေါ် လေးစားလိုက်နာနိုင်မှုများပိုမိုထွန်းကားလာနိုင်သော သဘောရှိပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်မြင့်မားနေသော နိုင်ငံအများစုရှိ ပြည်သူများသည် စာပေဖတ်ရှုမှုအလေ့အထကောင်းများရှိနေသည်ကိုလေ့လာတွေ့ရှိနိုင်ပါသည်။ ပြည်သူများစာပေဖတ်ရှုခြင်းကြောင့် စာအုပ်စာပေများထုတ်ဝေရသည့်လုပ်ငန်းနယ်ပယ်သည်လည်း ကြီးမားကျယ်ပြန့်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိနေကြသည်။ ၂၀၁၅ ခုနှစ် တွင် စာအုပ်စာပေပုံနှိပ်ထုတ်ဝေသည့် အကြီးမားဆုံးလုပ်ငန်းကြီး (၅၇)ခုရှိကြောင်းhttp://www.publishersweekly.com က ထုတ်ပြန်ထားပါသည်။ အဆိုပါ ပုံနှိပ်ထုတ်ဝေမှု လုပ်ငန်းကြီး (၅၇)ခုမှာအင်္ဂလန်၊ ကနေဒါ၊ နယ်သာလန်၊ ဂျာမနီ၊ တရုတ်၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျပန်၊ ဆွီဒင်၊ တောင်ကိုရီးယား၊ ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ဆိုက်ပရက်၊ ရုရှားနှင့် ဘရာဇီးနိုင်ငံများမှ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ယင်းလုပ်ငန်းကြီး (၅၇)ခုထဲမှ ဝင်ငွေအများဆုံးရရှိသောထုတ်ဝေသည့်လုပ်ငန်းမှာ Pearson ဖြစ်ပြီးအင်္ဂလန်နိုင်ငံမှ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ပုံနှိပ်ထုတ်ဝေမှုများကိုအောင်မြင်စွာဆောင်ရွက်နိုင်သော နိုင်ငံအများစုမှ ဥရောပနိုင်ငံများဖြစ်ကြောင်းတွေ့ရှိရပြီး အာရှတိုက်မှ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံသုံးနိုင်ငံလောက်သာ ကမ္ဘာ့အဆင့်နှင့် ရင်ပေါင်တန်းပြီးစာအုပ်စာပေများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေနိုင်ကြောင်းတွေ့ရှိရပါသည်။ စာအုပ်ထုတ်ဝေမှုနှင့် စာပေဖတ်ရှုမှုသည် တိုက်ရိုက်ဆက်နွှယ်နေသဖြင့် စာအုပ်စာပေထုတ်ဝေမှု အချိုးအစားပမာဏသည် နိုင်ငံတစ်နိုင်ငံ၏ စာပေဖတ်ရှုမှုနှင့် နိုင်ငံသူ/နိုင်ငံသားများ၏ အတွေးအခေါ်အယူအဆများတိုးတက်ထွန်းကားမှုအခြေအနေများကိုယေဘုယျသုံးသပ်နိုင်သော အနေအထားဖြစ်ပါသည်။ စာအုပ်စာပေထုတ်ဝေမှု အများဆုံးနိုင်ငံများကိုလေ့လာကြည့်ပါက ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံအများစုပါဝင်နေသည်ကိုလည်း အထင်အရှားတွေ့ရှိကြရမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် စာအုပ်စာပေဖတ်ရှုမှုအခြေအနေကို NOP World Culture Score(TM) က ၂၀၀၅ ခုနှစ်တွင် စစ်တမ်းတစ်ခုကောက်ယူခဲ့ပါသည်။ အဆိုပါစစ်တမ်းအရကမ္ဘာပေါ်တွင် စာဖတ်မှုနှုန်းအမြင့်မားဆုံး ၃၀ နိုင်ငံကိုထုတ်ပြန်ခဲ့ပါသည်။ သီတင်းတစ်ပတ်လျှင် လူတစ်ဦး၏ စာပေဖတ်ရှုမှုမှာအိန္ဒိယ ၁၀ နာရီ ၇ မိနစ်၊ ထိုင်း ၉ နာရီ ၄ မိနစ်၊ တရုတ် ၈ နာရီ၊ ဖိလစ်ပိုင် ၇ နာရီ ၆ မိနစ်၊ အီဂျစ် ၇ နာရီ ၅ မိနစ်၊ ချက် ၇ နာရီ ၄ မိနစ်၊ ရုရှား ၇ နာရီ ၁ မိနစ်၊ ဆွီဒင် ၆ နာရီ ၉ မိနစ်၊ ပြင်သစ် ၆ နာရီ ၉ မိနစ်၊ ဟန်ဂေရီ ၆ နာရီ ၈ မိနစ်၊ ဆော်ဒီအာရေဗျ ၆ နာရီ ၈ မိနစ်၊ ဟောင်ကောင် ၆ နာရီ ၇ မိနစ်၊ ပိုလန် ၆ နာရီ ၅ မိနစ်၊ ဗင်နီဇွဲလား ၆ နာရီ ၄ မိနစ်၊ တောင်အာဖရိက ၆ နာရီ ၃ မိနစ်၊ ဩစတြေးလျ ၆ နာရီ ၃ မိနစ်၊ အင်ဒိုနီးရှား ၆ နာရီ၊ အာဂျင်တီးနား ၅ နာရီ ၉ မိနစ်၊ တူရကီ ၅ နာရီ ၈ မိနစ်၊ စပိန် ၅ နာရီ ၈ မိနစ်၊ ကနေဒါ ၅ နာရီ ၈ မိနစ်၊ ဂျာမနီ ၅ နာရီ ၇ မိနစ်၊ အမေရိကန်ပြည်ထောင်စု ၅ နာရီ ၆ မိနစ်၊ အီတလီ ၅ နာရီ ၅ မိနစ်၊ အင်္ဂလန် ၅ နာရီ ၃ မိနစ်၊ ဘရာဇီး ၅ နာရီ ၂ မိနစ်၊ ထိုင်ဝမ် ၅ နာရီ၊ ဂျပန် ၄ နာရီ ၁ မိနစ်၊ တောင်ကိုရီးယား ၃ နာရီ ၁ မိနစ် ဖြစ်ကြောင်းဖော်ပြ ထားပါသည်။ ယင်းစစ်တမ်းအရအရှေ့တောင်အာရှ နိုင်ငံအများစုမှာ စာပေဖတ်ရှုမှု မြင့်မားသောအနေအထားတွင်ပါဝင်နေပြီး မြန်မာနိုင်ငံအနေဖြင့် စာပေဖတ်ရှုမှုနိမ့် ပါးနေသေးကြောင်း လေ့လာသုံးသပ်နိုင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စာပေဖတ်ရှုမှုအနေအထားနှင့် စာအုပ်ထုတ်ဝေမှုပုံစံ၊ စာအုပ်များ၏ ဈေးနှုန်း၊ စာပေထုတ်ဝေနိုင်ခွင့်နှင့် စာပေအပေါ် ထားရှိသည့် ပြည်သူလူထု၏ စိတ်နေစိတ်ထားသဘောထားအမြင်များ၊ စာပေကိုလက်တွေ့အသုံးချမှုပုံစံများသည် ပြည်သူများ၏ စာပေဖတ်ရှုမှု အလေ့အထနှင့် တိုက်ရိုက်ဆက်နွှယ်ပတ်သက်လျက်ရှိပါသည်။ စာပေဖတ်ရှုမှုသည် မဖြစ်မနေလုပ်ဆောင်ရမည့် အခြေခံလူမှုဘဝထဲက ကိစ္စတစ်ခုအဖြစ် သိမြင်လာရေးသည် စာပေဖတ်ရှုမှုအလေ့အထအတွက် ပထမခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ကြရာတွင် ပြည်သူများစာပေဖတ်ရှုမှု အလေ့အထထူထောင်ရေးသည် မဖြစ်မနေဆောင်ရွက်ကြရမည့်ကိစ္စတစ်ရပ်ဖြစ်ပါသည်။ စာအုပ်စာပေဖတ်ရှုရေးအတွက် နိုင်ငံသူ/နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ပိုင် ခံယူချက်များနှင့် နေ့စဉ်ဘဝများထဲမှ စာပေဖတ်ရှုရန်အချိန်ပေးမှုများသည် အနာဂတ်အတွက် ထုဆစ်ပုံဖော်မှုပုံစံကိုမရွေးချယ်နိုင်ကြသည့်အနေအထားကို တွေ့မြင်နေရပါသည်။ စာပေဖတ်ရှုရေးအတွက် နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများ၏ ဆောင်ရွက်ပေးမှုများအပေါ်တွင် နိုင်ငံရေးအသွင်သဏ္ဌာန်သဘောအရ လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ရှုမြင်သူကများနေပေသည်။ လက်တွေ့နယ်ပယ်တွင် စာပေဖတ်ရှုခြင်းသည် မိမိတို့၏ ကိုယ်ပိုင်ဘဝနှင့် အနာဂတ်အတွက် ပကတိ အကျိုးထိရောက်မှုရှိသော၊ မဖြစ်မနေပုံမှန်ဆောင်ရွက်သင့်သော ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအဖြစ် မရှုမြင်နိုင်သေးခြင်းကလည်းစာပေဖတ်ရှုမှု အလေ့အထကို အားနည်းစေပြန်ပါသည်။ စာပေဖတ်ရှုခြင်းကိုအလေ့အကျင့်မှ အလေ့အထအဖြစ် ထူထောင်ပြီး နွမ်းပါးနိမ့်ကျနေသောဘဝများမှ လူမှုနယ်ပယ်သစ်များဆီသို့ တင့်တယ်လူရာဝင်စွာတက်လှမ်းလာနိုင်ကြသောလူမှုဘဝများစွာသည် ကမ္ဘာမှာတွင်မက မြန်မာနိုင်ငံတွင်မှာပါ ရှိခဲ့ကြကြောင်းကို ရှုမြင်သုံးသပ်နိုင်ကြရန်အထူးလိုအပ်လှပါသည်။

စာပေဖတ်ရှုမှု အလေ့အထထူထောင်ခြင်းတွင် တစ်ဦးချင်းစီ၏ အသိတရားနှင့် ဘဝနေနည်းထိုင်နည်းပုံစံများအပေါ်တွင် များစွာတည်မှီလျက်ရှိပါသည်။ ယနေ့ခေတ်ကာလတွင် စာအုပ်စာပေများကို နိုင်ငံ၏ မည်သည့်နေရာဒေသတွင် မဆိုအလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အခွင့်အလမ်းများရရှိနေကြပြီဖြစ်ပါသည်။ ထိုမျှသာမက တိုးတက်ပြောင်းလဲလာသောနည်းပညာများအရ လူထုလူတန်းစားမျိုးစုံအတွက် စာပေပုံစံမျိုးစုံကိုအင်တာနက်ပေါ်တွင် လွယ်ကူလျင်မြန်စွာအဖိုးအခနည်းနည်း

**စာပေဖတ်ရှုခြင်းသည် မိမိတို့၏ ကိုယ်ပိုင်ဘဝနှင့် အနာဂတ်အတွက် ပကတိ အကျိုးထိရောက်မှုရှိသော၊ မဖြစ်မနေ ပုံမှန်ဆောင်ရွက်သင့် သော ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအဖြစ် မရှုမြင်နိုင်သေးခြင်းကလည်း စာပေဖတ်ရှုမှုအလေ့အထကို အားနည်းစေပြန်**

ဈေးနှုန်းချိုသာစွာဖြင့် ဖတ်ရှုနေနိုင်ကြပြီဖြစ်သည်။ စာပေဖတ်ရှုမှုကိုမိမိတို့ မဖြစ်မနေ နေ့စဉ်လုပ်ဆောင်နေကြရသော လူမှုနေထိုင်မှုပုံစံအတွင်း စီးဝင်လည်ပတ်စေရန် မိဘအုပ်ထိန်းသူများနှင့် နယ်ပယ်အသီးသီးမှ ဩဇာတိက္ကမရှိသူများကတိုက်တွန်းနှိုးဆော်ပြီးမိမိတို့၏ လူမှုပတ်ဝန်းကျင်တွင် စာပေဖတ်ရှုမှု အလေ့အထလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် လမ်းပြကြရမည်ဖြစ်ပါသည်။ ငယ်ရွယ်စဉ်အချိန်အခါကတည်းက စာပေဖတ်ရှုမှုအလေ့အထကို ပြုစုပျိုးထောင်ကြရမှာဖြစ်ပြီး စာပေတော်မွတ်လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် ကောင်းမွန်သောလူမှုအသိုက်အဝန်းကိုစနစ်တကျ ပုံဖော်ရာရောက်ပြန်ပါသည်။ အရေးပါသောအကြောင်းတရားများဖြစ်ပါသည်။ စာအုပ်စာပေဝယ်ယူ၊ ငှားရမ်းဖတ်ရှုမှုအတွက် ငွေကြေးနှင့် အချိန်သုံးစွဲမှုအပေါ် တန်ဖိုးထားမှုသည်လည်းစာပေဖတ်ရှုမှုအလေ့အထအတွက် လိုအပ်ချက်များ ဖြစ်နေပြန်ပါသည်။ ပြည်သူအများစုအနေဖြင့် စာအုပ်စာပေအတွက် ငွေကြေးသုံးစွဲရမှုနှင့် အချိန်ပေးရမှုအပေါ် အလေးအနက်မရှိသော အခြေအနေတစ်ရပ်ဖြစ်တည်နေပါက စာပေဖတ်ရှုမှု အလေ့အထနှင့် ကင်းဝေးနေဦးမည်ဖြစ်သည်။ စာမဖတ်သူအများစုရှိသောနိုင်ငံသည် ဒီမိုကရေစီစနစ်ထူထောင်ရန်အတွက် အခက်အခဲများအဟန့်အတားများမလွဲမသွေရှိနေမည်ဖြစ်သည်။ စာပေဖတ်ရှုမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ လူတစ်ဦးချင်းစီ၏ လူနေမှုဘဝသာယာကောင်းမွန်မှုတို့သည် တိတိကျကျ ထင်ထင်ရှားရှားပတ်သက်ဆက်နွှယ်နေကြောင်း နားလည်နိုင်ကြရန် အထူးလိုအပ်လှပါသည်။ ပြည်သူများစာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် နည်းလမ်းအသွယ်သွယ်အသုံးပြုကာ ဖန်တီးထူထောင်ထားသော စာကြည့်တိုက်များရှိနေသလို စာပေဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ထောက်ပံ့ကူညီမှုများဖြင့် ထူထောင်ထားသော စာကြည့်တိုက်များနှင့် စာပေဖတ်ရှုနိုင်ရန် စီစဉ်ပေးမှုများလည်းရှိပြီးသားဖြစ်ပါသည်။ သို့သော် ပြည်သူအများစုကမိမိတို့၏ ကိုယ်ပိုင်အချိန်များကိုစာပေဖတ်ရှုမှုဖြင့် မိမိဘဝ

လက်လှမ်းတစ်မီရှိနေသော စာအုပ်စာပေများကို ဖတ်ရှုခြင်းဖြင့် မိမိ၏ လက်တွေ့ဘဝအနာဂတ်များကိုကိုယ်တိုင် ပုံဖော်နိုင်သောအသိများ ဖြစ်ထွန်းပေါ်ပေါက်ရေးသည် အဓိကကျသော ကိစ္စရပ်ဖြစ်ပါသည်။ လောကပါလတရားများထွန်းကားပြီးအသိဉာဏ်ရည်မြင့်မားကာ မျှတသောလူမှု အသိုက်အဝန်း ပေါ်ထွန်းလာစေရေးအတွက် မိမိကိုယ်တိုင်သာမက မိမိနှင့်ထိစပ်နေသူများကိုပါ စာပေဖတ်ရှုမှု အလေ့အထထွန်းကားပြန့်ပွားစေရေးသည် ကိုယ်တိုင်ထူထောင်ကြရမည့် အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်သည့် မဒီကညာတို့နှင့် ရယ်စရာရန်ပုံငွေဘောလုံးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများကို ထောက်ပံ့အကူအညီ ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့တို့ ပူးပေါင်းကျင်းပသော မဒီကညာတို့နှင့် ရယ်စရာဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အားကစားဝါသနာရှင်ပရိသတ် များနှင့် အနုပညာရှင်များ၊ အနုပညာ မြတ်နိုးသူများ တက်ရောက်အားပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က မုဒိတာ စကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ယနေ့ကျင်းပသော ရန်ပုံငွေဘောလုံးပြိုင်ပွဲသည် ပျက်စီးနေသည့် မြန်မာပြည်ဗီဒီယိုဈေးကွက်ပြန်လည်ထူထောင်ရေးအတွက်ဟု ကနဦးရည်ရွယ်ခဲ့သော်လည်း ယနေ့ကာလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် ရေဘေးသင့်၍ သဘာဝဘေးဒဏ်ခံစားနေရသည်ကို သိရှိနေရ သဖြင့် ရုပ်ရှင်အစည်းအရုံး၏ သဘာဝ



ဘေးအတွက် ရှာဖွေ ထားသော ရန်ပုံငွေ မှ ရေဘေးသင့် ဒဏ်ခံစားနေရသော ပြည်သူများအတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အနုပညာကို ချစ်မြတ်နိုးစွာဖြင့် တက်ရောက်အားပေးကြသော မန္တလေးမြို့တော်သူ မြို့တော်သားများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် သိန်း ၂၀၀ အား ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်က လက်ခံယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံနေရာစုံမှ ရေဆေးပန်းချီပညာရှင် ၇၇ ဦး၏ ရေဆေးပန်းချီကား ၂၀၀ကျော်ပြပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံနေရာအနှံ့မှ ရေဆေးပန်းချီဆရာအရွယ်စုံ၏ရသစုံ ပန်းချီအလှသဘာဝများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း တွေ့မြင်ဝယ်ယူခံစားနိုင်မည့် တတိယအကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ATMOSPHER IN Water Colour အမည်ဖြင့် ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ လောကနတ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဆေးပန်းချီဆရာပေါင်း ၇၇ ဦး၏ ရေဆေးပန်းချီကားပေါင်း ၂၀၀ ကျော်ကို တစ်စုတစ်စည်းတည်း တွေ့မြင်နိုင်မည့် ပြပွဲဖြစ်သလို ဝါရင့်ပန်းချီဆရာကြီးများ၏ ရေးဟန်ရေးချက် ခေတ်သစ်ပန်းချီဆရာများ၏ ရေဆေးလက်ချက်သွက်သွက်များကို တွေ့ရပါတယ်။ လေးနက်သောသဘောတရားနှင့် ရေဆေးပန်းချီပညာ၏ အတိမ်အနက်ကို သိရှိလိုသူများအနေနဲ့ ပြပွဲမှာတွေ့ရမယ့် ပန်းချီဆရာကြီးများထံ မေးမြန်းလေ့လာခွင့်ကို ရရှိစေမှာ ဖြစ်ပါတယ်" ဟု မုံရွာမြို့ ချင်းတွင်းရေကြည် ရေဆေးပန်းချီဆရာ ဦးမောင်မောင် စန်းက ပြောသည်။ စုပေါင်းရေဆေးပန်းချီပြပွဲတွင် ရန်ကုန်မြို့မှ ရေဆေးပန်းချီဆရာ ၃၇ ဦးပါဝင် ရေးဆွဲပြသမည်ဖြစ်ပြီး မုံရွာမြို့မှ ချင်းတွင်းရေကြည် ပန်းချီဆရာ ကိုးဦး ၊လှည်းကူးမှနှစ်ဦး၊ ပုဂံမှ ခြောက်ဦး ပြည်မှ ငါးဦး၊ ကလေးမှ လေးဦး၊ မန္တလေးမှ ရှစ်ဦးနှင့် တောင်ကြီးမှ ငါး ဦး စုစုပေါင်း ၇၇ ဦး ရွက်ပြည့်ဆိုဒ်ပန်းချီကား၊ တစ်ဝက်ချိုးဆိုဒ် ပန်းချီကားများအပါအဝင် ဆိုဒ်အမျိုးမျိုး ရေးချက်အသွယ်သွယ် ရှုထောင့်အစုံဖြင့် ရေးဆွဲထားကြကြောင်း သိရသည်။ **မျိုးဝင်းထွန်း( မုံရွာ)**

# ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအပေါ် အထူးအလေးပေးဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမမြောက်နေ့တွင် **မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ကိစ္စရပ်ဆိုင်ရာများအပေါ် အထူးအလေးထားမေးမြန်းခြင်း၊ ရှင်းလင်းဖြေကြားခြင်းနှင့် ဆွေးနွေးခြင်းများ** ပြုလုပ်ခဲ့သည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်းက **မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း သို့မဟုတ် သင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ မရှိ** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက် ဓမ္မသုခလမ်းရှိ လက်မှုကျောင်း (Handicraft School) ကို ၂၀၁၀ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပါကြောင်း ၊ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် အဆိုပါကျောင်းများ၏ ဖွဲ့စည်းပုံများမရှိတော့သည့်အတွက် လက်မှုကျောင်း ဖွင့်လှစ်ခြင်းကို ယာယီရပ်နားခဲ့ရပါကြောင်း၊ ယခုအချိန်တွင် ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ကာလတို သက်မွေးပညာသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနအတွင်းရှိ ဆရာများကို ADB ၏ အကူအညီဖြင့် လည်းကောင်း၊ Total E & P Myanmar ၏အကူအညီဖြင့် လည်းကောင်း သင်တန်းများပေးလျက်ရှိပြီး သက်မွေးပညာသင်တန်းများအတွက် သင်တန်းနည်းပြဆရာများရရှိစေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးသန်းဝင်း မေးမြန်းထားသည့် အဆိုပါကျောင်း၏ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျငွေများကို ခန့်မှန်းတွက်ချက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုရန်ပုံငွေရေးဆွဲချိန်တွင် ထည့်သွင်းတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံပြင်ဆင်ခြင်းနှင့် စက်ပစ္စည်းများဖြည့်ဆည်းပေးခြင်းတို့ ဆောင်ရွက်ပြီးမှသာ ကာလတိုသက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖားဆောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ မေးမြန်းသည့် **ဖားဆောင်းမြို့နယ် တောင်ပေါ်ရွာ၊ ဇီးပင်ကွေ့ရွာ၊ ယူကောခိုကျေးရွာ သုံးရွာရှိ မူလတန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းခွဲကျောင်းတစ်ကျောင်းအား မြေပြိုရန်အန္တရာယ်ရှိကြောင်း မှတ်ချက်ဖြင့် ပြောင်းရွှေ့စေခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းဆက်လက်ဖွင့်ပေးရန် အစီအစဉ် ရှိ မရှိ**နှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ မြေပြိုမှုဖြစ်ပွား ခဲ့၍ နိုဝင်ဘာလတွင် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဘူမိဗေဒပညာရှင်များအား ခေါ်ယူစစ်ဆေးစေခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းခဲ့သော ရွာသုံးရွာသည် အန္တရာယ်ဇုန်တွင်ကျရောက်နေကြောင်းကို အတည်ပြုခဲ့ကြပါကြောင်း။

အဆိုပါနေရာများသည် အန္တရာယ်ဖြစ်ပွားနိုင်ခြေ အမြင့်ဆုံးနေရာဖြစ်၍ အန္တရာယ်လွတ်ကင်းရာ မြေနေရာများ



မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ
ဒေါက်တာ ဦးသန်းဝင်း

ရှာဖွေပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ထိုကျေးရွာများကို စနစ်တကျပြောင်းရွှေ့နေရာချထားရေး စီစဉ်ဆောင်ရွက်ရန် ပြည်နယ်အစိုးရအဖွဲ့က ညွှန်ကြားခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက် မြေပြိုမှုများ ဖြစ်ချိန်မှစ၍ အဆိုပါကျောင်း သုံးကျောင်းတွင်သင်ကြားနေသော ကျောင်းသားကျောင်းသူများအား ၂၀၁၅ ခုနှစ် အောက်တိုဘာလကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အထက မော်ချီး၊ အလက လိုခါးလို၊ အမက လိုခါးလို (ကွက်သစ်)၊ အမက မော်ချီးအောက်ရွာကျောင်းများ၌ ပြောင်းရွှေ့သင်ကြားစေခဲ့ပါကြောင်း၊ ထိုသို့ ပြောင်းရွှေ့သင်ကြားရာတွင် အဆင်ပြေစေရန်အတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အလက လိုခါးလို၌ ပေ ၁၄၀× ပေ ၃၀RC နှစ်ထပ်ဆောင်တစ်ဆောင်အား လည်းကောင်း၊ အမကမော်ချီးအောက်ရွာ၌ ပေ ၆၀× ပေ ၃၀ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်အား လည်းကောင်း ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးသတ် ထပ်မံတည်ဆောက်ပေးခဲ့ပါကြောင်း။

သို့ဖြစ်ရာ ကျေးရွာများသည် အန္တရာယ်ဇုန်အတွင်း တည်ရှိနေခြင်းကြောင့် အန္တရာယ်မှ လွတ်ကင်းရာမြေများ ရှာဖွေ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျေးရွာများကို ကယားပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် စနစ်တကျ ပြောင်းရွှေ့နေရာချထားပြီး ကျောင်းဆောင်သစ်များလည်း ဆောက်လုပ်ပေးပြီးဖြစ်သောကြောင့် နေရာဟောင်း အန္တရာယ်ဇုန်တွင်ရှိနေသော အဆိုပါကျောင်းသုံးကျောင်းအား ဆက်လက်ဖွင့်လှစ်ပေးရန် ကယားပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ကို ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် အဆိုနှစ်ခု တင်သွင်းရာ လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ **ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ငွေခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုနှင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး၏ **နိုင်ငံတော်ကချမှတ်ထားသော ပညာရေးမူဝါဒနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့် သင်ကြား ၊ သင်ယူမှု ပညာရည်စစ်ဆေးတိုင်းတာခြင်း အကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒ တစ်ရပ်ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန် ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်း** အဆိုတစ်ခုချင်းစီအလိုက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံဆွေးနွေးကြသည်။

အဆိုများနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီသဖြင့် လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံထဲတွင် ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် မြန်မာနိုင်ငံသည် တတိယအဆင့်တွင်ရှိနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးဒသမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းသောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ **ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက** ကမ္ဘာ့ရာသီဥတု ဆိုးရွားစွာပြောင်းလဲမှုကို ရင်ဆိုင်နေရသောနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပါကြောင်း၊ ပြည်သူလူထုသည် မိုးရာသီတွင် ရေကြီးမှု၊ နွေရာသီတွင် အယ်နီညိုကြောင့် သောက်သုံးရေရှားပါးမှုနှင့် ဆောင်းရာသီတွင် လာနီညာရာသီဥတု၏ ပြောင်းလဲမှုဒဏ်ကို အပြင်းအထန် ခံစားနေရပါကြောင်း။

ရေကြီးရေလျှံဖြစ်ရသည့် အကြောင်းအရာများစွာတွင် လူသားတို့၏လုပ်ရပ်ကြောင့် သစ်တောများပြုန်းတီးခြင်းသည် အဓိကပါဝင်ပြီး ချောင်းမြောင်းမဖော်ဘဲ ဆည်တည်ဆောက်ခြင်းတို့သည်လည်း ရေကြီးရေလျှံမှုနှင့် ပတ်သက်ဆက်နွယ်နေသည်ကို လေ့လာသိရှိရပါကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုနှင့် မြစ်ချောင်းများတိမ်ကောခြင်းသည် တိုက်ရိုက်ဆက်နွယ်နေပါကြောင်း။

ရေကြီးခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် တာတမံများတည်ဆောက်ခြင်းနှင့် ရေတားနံရံများတည်ဆောက်ခြင်း၊ မြစ်ကြောင်းများ ဖြောင့်တန်းအောင်လုပ်ဆောင်ခြင်းနှင့် မြစ်ချောင်းများတိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်ပါက များစွာကုန်ကျမည်ကို သိရှိရပါကြောင်း၊ ထို့ပြင် အစိုးရအနေဖြင့် နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အင်နှင့်အားနှင့်မသွားနိုင်ဘဲ ဘဏ္ဍာရေးအခက်အခဲရှိသည်ကိုလည်း နားလည်ပြီးဖြစ်ပါကြောင်း။

ရေကြီးရေလျှံမှုများကို မဖြေရှင်းဘဲ လျစ်လျူရှုထား၍ မဖြစ်ပါကြောင်း၊ အခက်အခဲများစွာမှ အလွယ်ကူဆုံးအရာကို စတင်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ဟန်ပြလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ဌာနဆိုင်ရာများမှ ထိရောက်စွာ လုပ်ဆောင်ရန် အရေးကြီးပါကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်နိုင်သော အကြောင်းအရာများကို အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးရမည်ဖြစ်သည့်အပြင် ရေကြီးရေလျှံဒေသများတွင် နေထိုင်သောပြည်သူများအား အသိပညာပေးခြင်း၊ ကြိုတင်စီမံထားရှိသောအစီအစဉ်များနှင့် သတင်းအချက်အလက်များပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များသည် စီးပွားရေးထိခိုက်မှု၊ လူမှုရေးမငြိမ်သက်မှု၊



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

စားနပ်ရိက္ခာမလုံလောက်မှု၊ အကျင့်ပျက်ခြစားမှုကဲ့သို့သော နောက်ဆက်တွဲပြဿနာများစွာကို ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယခုအဆိုသည် အစိုးရအားဖိအားပေး ဆောင်ရွက်စေလိုခြင်းမဟုတ်ဘဲ ပညာရှင်များနှင့်တွက်ချက်၍ သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိပြီး ရေတိုရေရှည်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ပြည်သူများအား ချပြဆွေးနွေး၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းက** သဘာဝဘေးဒဏ် တစ်နည်းအားဖြင့် လူသားတို့၏ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံ ရေဘေးဒုက္ခခံစားနေရမှုများ အမြန်ကင်းဝေးနိုင်အောင် လုပ်ငန်းစဉ်များအနေဖြင့် သစ်တောခုတ်ထွင်မှုများကို ကြပ်မတ်ထိန်းသိမ်းခြင်း၊ စိုက်ကွက်စိုက်ခင်းများ အစားထိုးခြင်း၊ အရွယ်ရောက်သူတိုင်း နှစ်စဉ် တစ်နှစ်လျှင် အနည်းဆုံး သစ်ပင် ၁၀ ပင်ခန့် စိုက်ပျိုးခြင်းတို့ကို အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်သင့်ပါကြောင်း။

သတ္တု၊ သယံဇာတထုတ်လုပ်နေခြင်းကို ပြန်လည်စိစစ်သုံးသပ်ထိန်းချုပ်ပြီး မြစ်ချောင်းများထဲ မြေစာစုပုံနေခြင်းတို့ကို သုတေသနပြုခြင်း၊ လုပ်ကိုင်ခွင့်ပြုပါကလည်း စည်းကမ်းနှင့်အညီဖြစ်စေခြင်း၊ ရွှေလုပ်ငန်း၊ ကျောက်လုပ်ငန်းတို့ကို လုပ်ကိုင်ရာ၌ မြစ်ချောင်းထဲသို့ စွန့်ပစ်ပါက ထိရောက်စွာအရေးယူခြင်း၊ မြစ်ချောင်းများတွင် ရေစီးဆင်းမှုကောင်းမွန်စေရန် နုန်းဆယ်ရေးလုပ်ငန်းများကို မူလအခြေအနေသို့ မရောက်သည့်တိုင် တတ်နိုင်သမျှ အလေးပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က** အဆိုတွင်ပါရှိသည့် အကြောင်းအရာများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီး လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကိစ္စရပ်များဖြစ်သည့်အတွက် အကြောင်းအရာအရသော် လည်းကောင်း၊ အချိန်အားဖြင့်သော် လည်းကောင်း ဆီလျော်မှုရှိပါကြောင်း၊ ထို့ကြောင့် ယင်းအဆိုပါအချက်များသည် အထူးအရေးတကြီး လုပ်ဆောင်ရမည့်ကိစ္စများဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသားအဆင့် ရေဥပဒေသည်လည်း အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က** သဘာဝဘေးအန္တရာယ်များဖြစ်သည့် တောင်ပြို၊ ကမ်းပြို၊ မြေပြို၊ မြစ်ရေအလွန်ကြီးခြင်း၊ လျှံခြင်း၊ မြစ်ချောင်းများတိမ်ကောခြင်းတို့၏ အဓိကအကြောင်းအရင်းသည် သစ်တောများပြုန်းတီးမှုကြောင့်ပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံထဲတွင် ဘရာဇီးနှင့် အင်ဒိုနီးရှားပြီးလျှင် မြန်မာနိုင်ငံသည် တတိယအဆင့်တွင်ရှိနေကြောင်း။ ကမ္ဘာပေါ်တွင် သစ်တောများသည် လူသားများအတွက် အသုံးအဆောင်ပစ္စည်းများ၊ အစားအစာများ၊ ကုန်ကြမ်းအမျိုးမျိုး၊ ဆေးဝါးများနှင့် မြေသြဇာတို့ကို ပေးလျက်ရှိပါကြောင်း။

တစ်ကမ္ဘာလုံးက ထုတ်လုပ်သည့် မြေသြဇာ၏အဆသန်းပေါင်း ငါးထောင်ကို သစ်တောများမှပေးပါကြောင်း၊ ထို့ပြင် သစ်တောများရှိခြင်းအားဖြင့် မိုးလေဝသကို ထိန်းညှိပေးခြင်း၊ ရေတိုက်စားမှုများကို ကာကွယ်ပေးခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့များစုပ်ယူသိုမှီးပေးခြင်း၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးခြင်းနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ကို အကျိုးပြုပါကြောင်း။

မြန်မာနိုင်ငံ၏ ကုန်းမြေဟက်တာ ၆၅ ဒသမ ၇ သန်း၊ ကုန်းတွင်းရေပြင် ၁ ဒသမ ၉ သန်းရှိသည့်အတွက်ကြောင့် နိုင်ငံဧရိယာဟက်တာ ၆၇ ဒသမ ၆ သန်းသည် သစ်တောဖုံးလွှမ်းမှု ၄၄ ဒသမ ၆ ရာခိုင်နှုန်းရှိပါကြောင်း၊ ၁၉၉၀ ခုနှစ်အထိ သစ်တောပြုန်းတီးမှုနည်းပြီး ၂၀၀၀ ပြည့်နှစ်ကစပြီး သစ်တောများ အကြီးအကျယ် ပြုန်းတီးခဲ့ပါကြောင်း။

သစ်တောပြုန်းတီးမှုကြောင့် ရေတိုက်စားမှုကို မကာကွယ်နိုင်ဘဲ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး မြစ်ချောင်းများ တိမ်ကောကာ ရေကြီးရေလျှံမှုများ ဖြစ်လာခဲ့ရပါကြောင်း၊ သစ်တောများမပြုန်းတီးစေရန် ဥပဒေများပြဋ္ဌာန်းကာ တိကျစွာလိုက်နာစေပြီး ဝန်ထမ်းများ အဂတိမလိုက်စားအောင် ကြပ်မတ်ပေးရန် လိုအပ်ပါကြောင်း၊ တိမ်ကောနေသည့်ချောင်းများကို စက်ယန္တရားများဖြင့် ပြုပြင်နိုင်သော်လည်း မြစ်ချောင်းများ ကောင်းအောင် နိုင်ငံတကာနည်းပညာများနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်စေရန် ရေကာတာများကိုတိုးမြှင့်ပြီး ခိုင်ခံ့အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး နောင်တွင် ဆည်များ၊ မြစ်ကူးတံတားများ တည်ဆောက်မှုကိုလည်း စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း။

ခြောက်သွေ့ရာသီ သောက်သုံးရေမပြတ်လပ်အောင် ရေကန်များတူးဖော်ခြင်း၊ စက်ရေတွင်းများတူးခြင်း၊ ရွှေ့ပြောင်းသယ်ယူဖြန့်ဖြူးနိုင်သည့် ရေပေးစနစ်များဖြင့် ရေပေးဝေခြင်းများ လုပ်ဆောင်ပေးရန်လိုအပ်ပါကြောင်း၊ အန္တရာယ်များ ကြုံတွေ့လျှင်လည်း အသင့်ကယ်ဆယ်နိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်မည့် စီမံချက်များရေးဆွဲကာ လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားများ အသင့်ရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံရဲ့(၂၈)နှစ်မြောက် အမှတ်တရ

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး**
**ဝင်းဝင်းမော်၊ ဓာတ်ပုံ - ရဲထွဋ်**


သူရဦးတင်ဦး


ကိုမင်းကိုနိုင်


ကိုဂျင်မီ


ကိုမြအေး


အရိုင်း

**ရန်ကုန် ဩဂုတ် ၈**

ယနေ့တွင် ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံဓမ္မပီယသာသနာ့ရိပ်သာ လမ်းဘေး ဝဲယာတစ်ဖက်တစ်ချက်တွင် နီစွေးသော ဒေါင်းအလံတို့က တလူလူ လွင့်လျက်ရှိနေသည်။

ဤနေ့သည်ကား ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ၏ (၂၈)နှစ်မြောက် ချိန်ခါသမယ ဖြစ်၍ အခမ်းအနားကျင်းပရာ ကျိုက္ကဆံဓမ္မပီယ သာသနာ့ရိပ်သာ ပရိဝုဏ်အတွင်း၌ ပြည်တွင်းပြည်ပ၊ ရပ်နီးရပ်ဝေးမှ အရေးတော်ပုံ တပ်သားကျောင်းသား ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံရေး လှုပ်ရှားတက်ကြွသူများဖြင့် စည်ကားနေသည်။

ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသည့် အရေးတော်ပုံတပ်သားတို့၏ စိတ်နှလုံးဘဝင်၌ ထိုစဉ်က မြင်ကွင်းများကို ပြန်လည်မြင်ယောင်မိနေကြပေလိမ့်မည်။

**သူရဦးတင်ဦး**
**နာယက၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

တကယ့်ကိုကြီးမြတ်တဲ့ အပြောင်းအလဲကြီး တစ်ခုပါပဲ။ တစ်ပါတီအာဏာရှင်စနစ်ကနေ ပြည်သူ့အာဏာကို ကူးပြောင်းတဲ့၊ ကြီးကျယ်ခမ်းနားပြီး သက်စွန့်ကြိုးပမ်းခဲ့ရတဲ့ နှစ်ပတ်လည်နေ့ကြီးပါ။ ကျဆုံးသွားတဲ့ လူငယ်ကျောင်းသားတွေ အများကြီးအတွက် အလွန်ဝမ်းနည်းတယ်။

ညှဉ်းပန်းခဲ့တဲ့တစ်လျှောက်တော့ ဘယ်ကျေနပ်မလဲ။ သေတဲ့သူ၊ လူစဉ်မမီတဲ့သူ၊ စီးပွားပျက်တဲ့သူတွေ အများကြီးရှိခဲ့တာပဲ။ ကံကောင်းထောက်မလို့ အသက်ရှင်ပြီး ကျန်နေတာပါ။ ဒါတွေကို ခွင့်လွှတ်လိုက်ကြတော့၊ ရှေ့ဆက်ကောင်းအောင်သွားနိုင်ဖို့ အခြေအနေကိုဖန်တီးနေကြတာ အထိုက်အလျောက်တော့ လိုက်လျောပေးတာရှိပေမယ့် ကျေကျေနပ်နပ်တော့ မဖြစ်ကြသေးဘူး။ ဒါလည်း နှစ်ပေါင်းများစွာဖြစ်ခဲ့တာကို ခဏလေးနဲ့တော့ မရဘူး။ နောက်တက်လာတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ရဲ့ တွေးခေါ်မှုက ပြည်သူလူထုရဲ့ အတွေးအခေါ်နဲ့ နီးလာတာကြောင့် လုပ်ရကိုင်ရတာ အဆင်ပြေတယ်။

ဒီပဲယင်းကတော့ တကယ့်မျက်စိအောက်မြင်ခဲ့ရတာဆိုတော့ မေ့မရတဲ့အဖြစ်ဆိုးပါပဲ။ လုပ်တဲ့သူတွေအနေနဲ့ လုပ်ခဲ့တဲ့ထဲပါရင်လည်းပဲ သူတို့ မလုပ်ကောင်းတဲ့အလုပ်ကို လုပ်ခဲ့တယ်လို့ တွေ့ရမှာပဲ။ အခုလည်း ရှိတဲ့လူ ရှိတယ်၊ မရှိတဲ့လူ မရှိတော့ပါဘူး။ ဒါတွေလည်း မပြောတော့ပါဘူး။ ဒါကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည်က ခေါင်းဆောင်တွေနဲ့ တွေ့တယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ မစဉ်းစားဘူး။ သူ့ရဲ့သဘောထားက စကတည်းက အဲလို အကြမ်းဖက်တာကို မလိုလားဘူး။ သူက မြန်မြန် သဟဇာတဖြစ်ပြီးတော့ ကျေကျေလည်လည်ဖြစ်တာကို လိုချင်တာပါ။

**ကိုမင်းကိုနိုင်**
**၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်**
**ပွင့်လင်းလူ့အဖွဲ့အစည်း**

၈၈ နဲ့ပတ်သက်လို့ အမှတ်ရတဲ့မြင်ကွင်းတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် တစ်ခုသော မြင်ကွင်းက မြို့လယ်ကောင်မှာစပြီး ချီတက်ကြတော့ ကျွန်တော်တို့မှာ တချို့စစ်ကြောင်းတွေဆို အလံတောင်မရှိသေးဘူး။ ကြွေးကြော်သံတွေနဲ့ လက်သီးလက်မောင်းတန်းပြီး ပထမ ချီတက်ကြတာ။ အိမ်တစ်အိမ်က ထွက်လာပြီး ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံပေးလိုက်တယ်။ ဒါကို အားရဝမ်းသာမြှောက်ပြီး ချီတက်ကြရတာ။

နောက်တစ်ခါ ဈေးတွေထဲရောက်တော့ ဈေးသူ ဈေးသားတွေက နားထောင်ကြပြီး ကျွန်တော်တို့တောင်းဆိုတဲ့ ဒီမိုကရေစီရရှိရေး-ဒို့အရေးကို သူတို့လိုက်အော်ကြတယ်။ ကုန်ဈေးနှုန်းကျဆင်းရေးပါ အော်ပေးပါ။ ဒါမှ သူတို့ တစ်ဈေးလုံး ထွက်လာလိမ့်မယ်ဆိုလို့ ကျောင်းသားတွေက ကုန်ဈေးနှုန်းကျဆင်းရေး အော်ပေးရတယ်။ တကယ်လည်း ဈေးသူဈေးသားတွေထွက်လာပြီး သူတို့ရောင်းနေတဲ့ ကြံတွေ၊ ငှက်ပျောသီးတွေ အားလုံးကို ဝေငှပေးလိုက်တယ်။ ကျောင်းသားတွေ ကိုယ်တိုင်ကလည်း ဈေးသည်တွေကျွေးခဲ့တဲ့ ငှက်ပျောသီးတို့၊ ကြံတို့ကိုစားပြီး ခွန်အားတွေ ဖြစ်ခဲ့ရပါတယ်။

တကယ်တော့ ကျွန်တော်ကြုံခဲ့တဲ့ မြင်ကွင်းဆိုပေမယ့်လည်း တစ်ပြည်လုံးမှာ အနှစ်သာရအားဖြင့် အဲဒါပါပဲ။ ပြည်သူကို ပြည်သူက အချင်းချင်းပဲ ပြန်ပြီးစောင့်ရှောက်ခဲ့ကြတယ်။ ပြည်သူ့ကိုယ်စား တိုက်ပွဲဝင်သူတွေကို ပြည်သူတွေကပဲ အားပေးခဲ့ရတယ်။ နောက်ခံရပ်တည်ပေးခဲ့ရတယ်ဆိုတာ ပေါ်လွင်ပါတယ်။ အခု ကျွန်တော်တို့က အရင်ထက် လွတ်လပ်မှုတွေ ရလာတယ်။ အထူးသဖြင့် သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကိုပဲကြည့်ပါ။ ဖွံ့ဖြိုးလာတယ်၊ လူတိုင်းဟာ ကိုယ်ယုံကြည်ရာ အခန်းကဏ္ဍကို ရေးသားကြ၊ ထုတ်ဝေကြ၊ ဟောပြောကြ လုပ်နေပြီး အသင်းအဖွဲ့တွေ အားကောင်းလာတယ်ပေါ့။ ဘာကျန်နေသလဲဆိုရင် အားလုံးရဲ့ ဘုံလုပ်ငန်းစဉ်အရတော့ ဖွဲ့စည်းပုံပြင်ဖို့ပါပဲ။ နောက်တစ်ခုက ဖက်ဒရယ်ပြည်ထောင်စုကို ကျွန်တော်တို့ အကောင်အထည် မဖော်နိုင်သေးဘူး။ ဒါတွေက ဆက်သွားရမယ့် ခြေလှမ်းတွေပါ။ အဲဒီအတွက် အားလုံးက ရှစ်လေးလုံး တုန်းကလို ညီညွတ်မှုတွေနဲ့ သွားကြမယ်လို့ မြင်ပါတယ်။

**ကိုဂျင်မီ (အတွင်းရေးမှူး)**
**၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်**
**ပွင့်လင်းလူ့အဖွဲ့အစည်း**

ကျွန်တော် အကျဉ်းကျခံရတာ အားလုံးပေါင်း အနှစ် ၂၀ ကျော်ပါတယ်။ ပထမဆုံးအကြိမ် ၁၉၈၉-၂၀၀၅ ခုနှစ် ၁၆ နှစ်ကျတယ်၊ ဒုတိယအကြိမ် ၂၀၀၇-၂၀၁၂ ခုနှစ် ငါးနှစ်နီးပါး၊ အားလုံးပေါင်း အနှစ် ၂၀ ကျော်ပါတယ်။

ကျွန်တော်တို့မှာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးဆိုတဲ့ မျှော်မှန်းချက်ရှိပါတယ်။ ဒီမိုကရေစီရှိတဲ့ နိုင်ငံဖြစ်ရမယ်။ တိုင်းရင်းသားလူမျိုးတွေ တန်းတူညီမျှအခွင့်အရေးရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမယ်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးက ၈၈ ရဲ့ မျှော်မှန်းချက်လည်း ဖြစ်ပါတယ်။ ဒီအခြေအနေကို ရောက်ဖို့ လိုအပ်ချက်တွေရှိပါတယ်။ ဒါပေမယ့် ဒီနေ့ဒီအချိန်မှာ မျှော်လင့်ချက်တွေ ရှိလာပြီလို့ ပြောလို့ရတယ်။

၂၀၁၅ ခုနှစ်မှာ ပြည်သူတွေ တစ်ခဲနက် ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရကို ရလာပြီး ပြည်သူ့အစိုးရကို ခိုင်မာတောင့်တင်းအောင် လုပ်ပြီး ပြည်သူ့အစိုးရကနေ တစ်ဆင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ဖို့ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ အများကြီးမြင်နေရပြီလို့ ပြောလို့ရပါတယ်။ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးကို ပြည်သူတစ်ယောက်ချင်းစီက ပိုင်ဆိုင်ပါတယ်။ အနာဂတ်မျိုးဆက်တွေလည်း ပိုင်ဆိုင်ပါတယ်။ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကပေးတဲ့ စိတ်ဓာတ်ခွန်အားတစ်ခုကို ကျွန်တော်တို့ကိုင်စွဲရပါမယ်။ ဒါက ဖိနှိပ်ခံဘဝနဲ့ မနေဘူး၊ လွတ်လပ်မှုကို လိုချင်တယ်ဆိုတဲ့ လွတ်လပ်လိုတဲ့ စိတ်ဓာတ်၊ ညီညွတ်လိုတဲ့ စိတ်ဓာတ်၊ ညီညွတ်မှသာလျှင် လွတ်လပ်မှုကို ရမယ်ဆိုတဲ့ စိတ်ဓာတ်၊ လွတ်လပ်မှုနဲ့ ညီညွတ်မှုက ရှစ်လေးလုံးစိတ်ဓာတ်ပါပဲ။ အဲဒီစိတ်ဓာတ်ကို နောင်လာနောက်သားတွေကို ဆင့်ကဲအမွေပေးနိုင်သမျှကာလပတ်လုံး၊ လက်ခံယူမယ့် ကာလပတ်လုံး ကျွန်တော်တို့ဟာ အဖိနှိပ်ခံဘဝကို မရောက်ဘဲ လွတ်လပ်မှုကို အမြဲတမ်းရနေပါလိမ့်မယ်။

**ကိုမြအေး**
**၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်**
**ပွင့်လင်းလူ့အဖွဲ့အစည်း**

ရှစ်လေးလုံးနဲ့ ပတ်သက်ပြီး အမှတ်တရဆိုရင် အဲဒီနေ့ညမှာ မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြတဲ့ ပြည်သူတွေကို ပစ်ခတ်မှုဖြစ်တယ်။ အမှတ်တရက ဩဂုတ်လ ၉ ရက်နေ့ မနက်အစောကြီး ကျွန်တော့်တို့ရပ်ကွက်ထဲမှာ ဆန္ဒပြတာမရှိလည်း ဈေးသွားဈေးလာတွေကို အဝေးကြီးကနေ ပစ်တဲ့အခါ ကျွန်တော့်အမေအရွယ်ရှိတဲ့ အဘွားအိုတစ်ယောက် သေနတ်မှန်ပြီး ဆုံးသွားတယ်။ ဒါဟာ နိုင်ငံရေးဘဝရဲ့အလှည့်အပြောင်းလို့ ထင်ပါတယ်။ နိုင်ငံရေးလောကထဲကို ဆက်တိုက်ဆိုသလို ပါလာတဲ့ အလှည့်အပြောင်းပါပဲ။ ဒါတွေကို ပြန်ပြောတာက ကျွန်တော်တို့ လက်စားချေချင်လို့ မဟုတ်ပါဘူး၊ တစ်ခုရှိတာက ခု နိုင်ငံပိုင်သတင်းစာ၊ ဂျာနယ်တွေမှာ အခုလို အင်တာဗျူးခွင့်ရတာ ခေတ်အဆက်ဆက် အမှောင်ခေတ်ကို တွန်းလှန်ခဲ့တဲ့လူတွေ ပေးဆပ်ခဲ့လို့ ဖြစ်ပါတယ်။

**ဦးဇော်သက်ထွေး**
**နိုင်ငံရေးအကျဉ်းသားဟောင်း**

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ခုနစ်ယောက်လောက်က ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ မနက်မှာ တကယ်ပဲ ပြည်သူတွေသပိတ်မှောက်မှာလားဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီးစောင့်နေကြတယ်။ နံနက် ၇ နာရီလောက် ရောက်တဲ့အထိ ဘာမှမဖြစ်ပါဘူး။ ဒါတွေက ကောလာဟလသာဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ ပိုက်ဆံရှင်းပြီးထလိုက်တဲ့အချိန်မှာ ဟစ်ကြွေးပြီး အော်နေတဲ့အသံကြီးကိုကြားလိုက်တယ်။ ဒါက တိုင်းပြည်ပြောင်းလဲဖို့အတွက် အစပျိုးတဲ့ အသံတစ်ခုပဲ။ အဲဒီအသံရှိတဲ့နေရာ ကျွန်တော်တို့ သွားတဲ့အခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့ ကောင်စီက တိုက်ပုံဝတ်လူတွေက ဝါးလုံးကြီးနဲ့ ဆန္ဒပြတဲ့ လူအုပ်ကြီးကို တားနေတယ်။ လူအုပ်ကြီးကလည်း ၁၀ ယောက်တန်းနဲ့ စည်းကမ်းရှိစွာ ချီတက်လာတာတွေ့ရတယ်။ ဆန္ဒပြတယ်ဆိုတာ ဒီလိုပါလားဆိုတာ ကျွန်တော့်ဘဝမှာ စတွေ့ခဲ့ရတာပါ။ အဲဒီအချိန်မှာ ကျွန်တော်က ရန်ကုန်မြို့ထဲက လက်ဖက်ရည်ဆိုင်ကနေ လူအုပ်ကြီးနဲ့ရောပါပြီးဆန္ဒပြခဲ့တယ်။ အဲဒီတုန်းက ဘာမှ ရည်ရွယ်ချက်မရှိဘူး။ ရင်ထဲမှာရှိတဲ့ ခံစားချက်တွေပဲ တောင်းဆိုကြတာ၊ နိုင်ငံရေးတောင်းဆိုချက် မဖြစ်သေးဘူး။ ညနေရောက်တဲ့အချိန်မှာ ဆန္ဒပြပွဲက ရုပ်သိမ်းပြီးအိမ်ကို ပြန်ရမလား၊ ဆက်ပြီး ဆန္ဒပြရမှာလားဆိုတာ သဘောထား နှစ်မျိုးကွဲသွားတယ်။ ဒါက ၈၈ တော်လှန်ရေးရဲ့ အဖြေတစ်ခုပဲ။ တချို့အိမ်ပြန်ရင် အဖမ်းခံရပြီး ဆန္ဒပြပွဲက ပြီးဆုံးသွားလိမ့်မယ်။ ဒါကြောင့် အားလုံးမပြန်ဘဲ သပိတ်စခန်းဖွင့်ပြီး ဆက်ပြီးဆန္ဒပြရမယ်ဆိုပြီး အဆိုတင်တဲ့ဘက် အနိုင်ရခဲ့တယ်။ မမေ့နိုင်တဲ့ မြင်ကွင်းပါ။

အခု ၂၈ နှစ်အတွင်း ထောင်သုံးကြိမ်ကျတယ်။ ၁၉၉၀-၁၉၉၆ တစ်ကြိမ်၊ ၂၀၀၃-၂၀၀၅ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၀၈-၂၀၁၂ အထိ တစ်ကြိမ် ကျပါတယ်။ စုစုပေါင်းထောင်ထဲမှာ ၁၁ နှစ် နေထိုင်ခဲ့ရပါတယ်။ ဒီမိုကရေစီတော်လှန်ရေးရဲ့ တစ်ဝက်နီးပါးလောက်က ထောင်ထဲမှာနေထိုင်ခဲ့ရပြီးတော့ ထောင်ထဲမှာ ဘဝကိုအတွေးအခေါ်တွေ ရင့်ကျက်အောင်၊ တိုင်းပြည်ကို ဘယ်လိုပြောင်းလဲအောင် လုပ်မလဲဆိုတဲ့ အတွေးအခေါ်တွေရရှိအောင် အခွင့်အရေးတွေ ရခဲ့တယ်လို့ထင်ပါတယ်။

အခုလို ရှစ်လေးလုံးအထိမ်းအမှတ်တွေ လုပ်တိုင်း နစ်နာတာတွေ၊ နာကြည်းတာတွေ အားလုံးကို တသသပြန်ပြောနေတဲ့ နေရာက ရွှေ့လိုက်ချင်ပြီ။ ကျွန်တော်တို့က တိုင်းပြည်သစ်အတွက် ဘာဆက်လုပ်ကြမလဲ၊ တိုင်းပြည်ရဲ့ လူ့အဖွဲ့အစည်းကောင်းအောင် ဘယ်လိုလုပ်မလဲ၊ တိုင်းပြည်ရဲ့ သန်း၅၀ ကျော်ပြည်သူတွေ ပိုပြီး အဆင့်အတန်းမြင့်အောင် ဘာလုပ်မလဲဆိုတဲ့ ဘက်ကို ရွှေ့ချင်ပြီ။ ကျွန်တော်တို့ နှစ်တိုင်း နှစ်တိုင်း လူတွေက ဘယ်လိုခံစားခဲ့ရတယ်ဆိုတာတွေ အားလုံး နှစ်တိုင်းကြားခဲ့ရပြီးပြီ။ ဒါတွေ အားလုံးကနေ နောက်တစ်နေရာကိုရွှေ့ချင်ပြီ၊ ရွှေ့တာက တိုင်းပြည်သစ်ကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ အတွေးအခေါ်ပါဝင်တဲ့ ရှစ်လေးလုံး နှစ်ပတ်လည်နေ့အခမ်းအနားတွေဖြစ်ပါစေလို့ ကျွန်တော် မျှော်လင့်ပါတယ်။

**အရိုင်း (ရုပ်ရှင်သရုပ်ဆောင်)**

၁၉၈၈ ခုနှစ် အရေးအခင်းကြီးကို စလယ်ဆုံး တစ်ခန်းလုံးကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြတာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ထောင်ကျပြီး ပြန်ထွက်လာတဲ့အထိ တစ်ခုတည်းသော ခံစားချက်က မတရားဖိနှိပ်ချုပ်ချယ်ခံရတာကို ကျွန်တော်တို့ရင်ထဲမှာ တော်တော်လေးတော့ ခံစားမိတယ်။ ဒါပေမယ့် အခုလို အသက်အရွယ် ရလာတဲ့အချိန်မှာ ဒီခံစားမှုတွေက အရင်းအနှီးတွေလိုပဲ အောက်မေ့ပါတယ်။ ဒါတွေက အခု အချိန်မှာတော့ နောင်လာနောက်သားတွေအတွက် သင်ခန်းစာအကြီးကြီးပါ။ ပြီးခဲ့တဲ့ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့တဲ့ မင်းအဆက်ဆက်ကလည်း အားလုံးသိကြပါတယ်။ တကယ်လို့ မျှမျှတတနဲ့ ပြည်သူတွေလိုချင်တဲ့ ဆန္ဒကို ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်တဲ့ အစိုးရဖြစ်ခဲ့ရင်တော့ ကောင်းတာပေါ့။ မဖြစ်ခဲ့တဲ့အခါကျတော့ မဖြစ်သင့်တဲ့ ပဋိပက္ခပေါင်းမြောက်မြားစွာကို ကျွန်တော်တို့ အချိန်ကုန်ခံ ဖြတ်သန်းနေကြတယ်။ အခုချိန်မှာ ဒီလိုပွဲတွေ လုပ်ခွင့်ရတဲ့အခါ ဒီအတွက် ကျွန်တော်တို့ အချိန်တွေ၊ အသက်ပေါင်းများစွာ ပေးခဲ့ရပါတယ်။ နောင်ရှေ့ဆက်ပြီး တိုင်းပြည်အတွက် ဒါမျိုးထပ်ပြီး မကြုံပါရစေနဲ့တော့လို့ တောင်းဆိုချင်ပါတယ်။

ကျွန်တော့်အနေနဲ့တော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်ခင် ရှစ်ရက်အလိုမှာ ထောင်ငါးနှစ်ကျပါတယ်။ ထောင်ထဲမှာ နှစ်နှစ်တိတိနေခဲ့ရပါတယ်။

**ဦးနေမျိုးကျော်(ခ)နေဘုန်းလတ်**
**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**

ရှစ်လေးလုံးတုန်းက ကျွန်တော်က ရှစ်နှစ်သားအရွယ်ရှိသေးပါတယ်။ အသက်ငယ်ပေမယ့် မြို့ထဲက ဘားလမ်းမှာနေတာဆိုတော့ အရေးအခင်းနဲ့ပတ်သက်တာတွေကို သိနေတယ်။ မိသားစုက နိုင်ငံရေးစိတ်ဝင်စားတာကြောင့် ကလေးဆိုပေမယ့်လည်း သိနေတယ်။ ၈၈ ရဲ့ မြင်ကွင်းတွေ၊ နောက်ပိုင်း နိုင်ငံရေးဖြတ်သန်းတာတွေကို သိနေပါတယ်။ ကိုမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ၈၈ မှာ ခေါင်းဆောင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေဆိုတာ လေးစားအားကျခဲ့ရတဲ့

*စာမျက်နှာ ၉ သို့*

# (၂၈)နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး အမှာစကားပြောကြားစဉ်

ရန်ကုန် ဩဂုတ် ၈

**မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကြီးမားသောသမိုင်းမှတ်တိုင် အလှည့်အပြောင်းတစ်ခုဖြစ်သည့် တစ်ပါတီအာဏာရှင်စနစ် ဖြုတ်ချရေး ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး ဖြစ်ပေါ် လာခဲ့သည်မှာ ယခုနှစ် ဩဂုတ် ၈ ရက်ဆိုလျှင် (၂၈)နှစ် တိုင်ခဲ့ပြီဖြစ်သည်။**

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံသည် ဒီမိုကရေစီအရေးအတွက် ပေးဆပ်ခဲ့သော ရဟန်းရှင်လူ ကျောင်းသား ပြည်သူများ၏ သမိုင်းပုံရိပ်ဖြစ်သကဲ့သို့ မြန်မာ့နိုင်ငံရေးသမိုင်း၏ ပုံရိပ်လည်းဖြစ်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဓမ္မပီယ သာသနာ့ ရိပ်သာအဝင် လမ်းဘေးဝဲယာနှစ်ဖက်တွင် ရဲရဲနီနေသည့် ခွပ်ဒေါင်းအလံများက တလူလူလွင့်နေပြီး ရိပ်သာဝင်းအတွင်းတွင် ဒီမိုကရေစီအင်အားစုများစုစည်းပြီး (၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း ကျဆုံးခဲ့ရသည့် ရဟန်းရှင်လူပြည်သူ၊ ကျောင်းသားအပေါင်းတို့အား ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ခြင်းနှင့် (၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံအခမ်းအနား ထုတ်ပြန်ကြေညာချက် ဖတ်ကြားခြင်းတို့ဖြင့် စတင်ခဲ့သည်။

ထို့နောက် ၈၈ ကျောင်းသား ခေါင်းဆောင် ဦးမင်းကိုနိုင်က တစ်ပြည်လုံးတွင် လှုပ်ရှားမှုများအားလုံးကို ပြင်းထန်ထန်နှိပ်ကွပ်ထားပြီး ဒေါင်းအလံတင်ဖို့မဆိုထားနှင့် ဒီမိုကရေစီဆိုသည့်စကားလုံးကိုတောင် ဒီမိုလို့ပြောပြီးတာနဲ့ ထောင်ထဲရောက်မှ ကရေစီလို့ ဆက်ပြောရသည့်အချိန်ကာလများ ကြုံခဲ့ရပြီးဖြစ်ကြောင်း၊ ထိုအချိန်မျိုးများတွင် အနိမ့်ဆုံး အပတ်စဉ် ဘုရားပေါ်တက်ကာ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲများနှင့် အသက်ဆက်ပေးခဲ့သည့် ရဲဘော်ရဲဘက်များကို ဒီနေ့အခမ်းအနားမြင်ကွင်းထဲ ဝင်လာသည့်အချိန်တွင် ပြန်တွေ့ရကြောင်း၊ သူတို့အနေဖြင့် နိုင်ငံရေးရာထူးအရ ကြီးကျယ်ခမ်းနားသော နေရာများတွင် မရောက်ခဲ့ကြောင်း၊ သို့သော်လည်း သူတို့ မြတ်နိုးတန်ဖိုးထားသည့် ဒီမိုကရေစီလမ်းကို ဆက်ပြီးလျှောက်နေဆဲဖြစ်ကြောင်း ပြောသည်။




ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်၍ ၈၈ ကျောင်းသား ခေါင်းဆောင် ဦးမင်းကိုနိုင် အမှာစကားပြောကြားစဉ်

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးက ယနေ့သည် ရှစ်လေးလုံး နှစ်ပတ်လည် အရေးတော်ပုံနေ့ကြီး ဖြစ်ကြောင်း၊ ရှစ်လေးလုံးအရေးတော်ပုံ အရေးအခင်းတွင် ခေါင်းဆောင်ခဲ့ကြသည့် ကျောင်းသား ခေါင်းဆောင်များနှင့် ရဟန်း ရှင်လူ ပြည်သူအားလုံးကို အင်မတန်မှ ကျေးဇူးတင်ထိုက်ပါကြောင်း၊ တစ်ပါတီစနစ်ကို မလိုချင်တော့၍ ပါတီစုံဒီမိုကရေစီလိုချင်ပြီဆိုပြီး ဘာလက်နက်မှမရှိဘဲ အသက်စွန့်သွားပြီး ဘဝပျက်သွားသည့် စနစ်ဆိုးကို အရင်ဆုံး ရင်ဆိုင်သွားကြသည့် ပုဂ္ဂိုလ်များအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းကျေးဇူးတရားကြောင့် ပါတီစုံဒီမိုကရေစီ ပေါ်ပေါက်ပြီး ရွေးကောက်ပွဲကို ဥပဒေအရ ပြဋ္ဌာန်းဖွဲ့စည်းပေးနိုင်အောင် လုပ်ကိုင်ပေးနိုင်သည့်အခြေအနေကို ဖော်ထုတ်ပေးနိုင်ခဲ့၍ဖြစ်ကြောင်း၊ ဖြစ်ပျက်ခဲ့သည်များကို မပြောလိုတော့ကြောင်း၊ ရှေ့ကိုသာကောင်းအောင် တိုင်းပြည်ကို မည်ကဲ့သို့ ထူထောင်မည်ကို စဉ်းစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြောင့်သာလျှင် ကြာရှည်အမြစ်တွယ်စွဲကပ်နေသည့် အာဏာရှင်များကို ပြည်သူလူထုအားလုံးက လုံးဝအမြစ်ပြတ်အောင် ကမ္ဘာတစ်ဝန်းလုံးကို သက်သေပြနိုင်ခဲ့ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ၎င်းတို့ မကြိုက်နှစ်သက်သည့် ဖိနှိပ်ချုပ်ချယ်မှုကို ဤနည်းဖြင့် ဖြုတ်ချနိုင်ခဲ့သည်ကို ပြသနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်အချိန်တုန်းက မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် တစည်းတလုံးတည်း တညီတညွတ်တည်း သမိုင်းတွင်ကျန်ရစ်အောင် မိမိတို့၏ဆန္ဒများကို ထုတ်ဖော်ပြသနိုင်ခဲ့သည့်အတွက် တစ်ကမ္ဘာလုံးက ပင် အံ့အားသင့်ချီးကျူးခဲ့ကြကြောင်း၊ ပြည်သူတစ်ရပ်လုံး တာဝန်ကျေပွန်ခဲ့ပြီဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ ၈၈ ကျောင်းသား ခေါင်းဆောင် ကိုသက်ထွန်းက "ရှစ်လေးလုံးစိတ်ဓာတ်ဆိုတာ လက်နက်နဲ့ အနိုင်ကျင့်ဖိနှိပ်အုပ်ချုပ်တဲ့သူတွေ၊ တစ်ပါတီ အာဏာရှင်စနစ်ကြောင့် ပြည်သူလူထုဘဝတွေကို လျစ်လျူရှုပြီး နင်းပြားဘဝရောက်အောင် လုပ်ခဲ့တဲ့သူတွေ၊ ဒီလိုလူတွေလက်ထဲမှာ လူပီပီသသ မနေရတဲ့အတွက် လူပီသစွာနေဖို့၊ မိမိတို့ဘဝကို ပြန်လည်ပုံဖော်နိုင်ဖို့ အဲဒီလို ဆန့်ကျင်ခဲ့တဲ့သူတွေရဲ့ စိတ်ဓာတ်ဖြစ်တဲ့အတွက် ရှစ်လေးလုံးစိတ်ဓာတ်ဆိုတာ လူသားတွေရဲ့ စိတ်ဓာတ်၊ လူပီသချင်တဲ့ စိတ်ဓာတ်ဖြစ်တယ်"ဟု ပြောသည်။

ယင်းနောက် (၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနားသို့ အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် (၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဒီမိုကရေစီအင်အားစုများတို့ဖြင့် အထူးစည်ကားစွာ ကျင်းပခဲ့ကြသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - ရဲထွဋ်**

# ရန်ကုန်မြို့တော်ခန်းမရှေ့၌ (၂၈)နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

(၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ စည်ကားစွာကျင်းပခဲ့သည်။ **(ယာပုံ)**

"အခုဆိုရင် အဖွဲ့အစည်းတွေ လွတ်လပ်စွာဖွဲ့စည်းကြတယ်။ လွတ်လပ်စွာရေးသားကြတယ်။ လွတ်လပ်စွာ ပြောဆိုဆွေးနွေးကြတယ်။ ဒီနေ့ ဒီနေရာမှာ မြို့တော်ခန်းမရှေ့မှာ အသက်တွေအများကြီးပေးခဲ့ရတဲ့အတွက် အခုလိုပြုလုပ်ရတာပါ။ တချို့ဆို ဖိနပ်၊ သွေးစက်၊ လွယ်အိတ်ကလေးတွေ ကျန်ခဲ့ကြတယ်။ တချို့ဆို နာမည်ကလေးတောင် မေးခွင့်မရခဲ့ဘူး။ အညတရပြည်သူတွေရဲ့ ပေးဆပ်မှုနဲ့ ဘယ်တိုင်းပြည်မဆို ပြောင်းလဲမှုတွေဖြစ်လာခဲ့တယ်။ နာမည်မသိလိုက်တဲ့အတွက် သူတို့ကို အခုလိုလာရောက်ဂုဏ်ပြုတာဖြစ်ပါတယ်။ ဒီအကြောင်းကို မသိလိုက်တဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် နောက်ပိုင်းမှာ ဒီထက်ကောင်းတဲ့နေရာတွေမှာ ခမ်းခမ်းနားနား ကျင်းပ တာကို ပြုလုပ်ပေးချင်ပါတယ်" ဟု ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်က ပြောသည်။

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံရှေ့မျက်နှာစာတွင် ယနေ့ နံနက် ၈ နာရီ ၈ စက္ကန့်အချိန်မှ စတင်၍ အဆိုပါအခမ်းအနားကို ကျင်းပရာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားသမဂ္ဂများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံအဖွဲ့နှင့် ရဟန်းရှင်လူပြည်သူများက ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးနှင့် ခေတ်အဆက်ဆက်တွင် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ တရားမျှတရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားကြသော အာဇာနည်သူရဲကောင်းတို့အား ရည်စူး၍ ရေစက်ချအမျှဝေခြင်း၊ ဂုဏ်ပြုလွမ်းသူ့ပန်းခွေချခြင်း၊ ကျဆုံးသွားသူတို့၏ ဝိညာဉ်အပေါင်းအား နှုတ်ဆက်သဝဏ်လွှာဖတ်ကြားခြင်းနှင့် အလေးပြုခြင်းများကို ပြုလုပ်ကြသည်။

"အရင်နှစ်တွေနဲ့မတူ ဒီနှစ်မှာ ထူးခြားမှုအနေနဲ့ ရေစက်ချအမျှဝေတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါတယ်။ အရင်နှစ်တုန်းက သက်ဆိုင်ရာက လာရောက်တားဆီးမှုတွေလုပ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ မရှိပါဘူး။ ဒါဟာ အစိုးရသစ်လက်ထက်မှာ ရှစ်လေးလုံးအထိမ်းအမှတ်ကျင်းပမှုရဲ့ထူးခြားမှု



တစ်ခုပါပဲ"ဟု အဆိုပါ ပွဲကျင်းပမှုတွင်ပါဝင်သူ ဦးစန်းတင်ကျော်က ပြောသည်။

မွန်းလွဲပိုင်းတွင် အဆိုပါပန်းခြံ၏ ဝင်ပေါက်လျှောက်လမ်းပေါ်တွင် အနီရောင် ရှစ်ဂဏန်းရုပ်ပုံများကို ဖြန့်ခင်းကာ ရှစ်လေးလုံးအထိမ်းအမှတ်(သင်္ကေတ)ရုပ်တုကို ပြုလုပ်၍ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးသွားသူတို့အား ရဟန်းရှင်လူပြည်သူများက လာရောက်အလေးပြုခြင်း၊ ဆုတောင်း မေတ္တာပို့သခြင်းနှင့် ရှစ်လေးလုံးအထိမ်းအမှတ် ကဗျာရွတ်ဆိုခြင်းများကို ပြုလုပ်ခဲ့ကြသည်။

**သတင်း - ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

*စာမျက်နှာ ၈ မှ*

သူတွေအဖြစ် ရှိနေတာပါ။ ၈၈ အစ်ကိုတွေနဲ့ ထောင်ထဲမှာ ဆုံခဲ့ဖူးတယ်။ ၈၈ ပွဲတိုင်းလည်း တက်ပါတယ်။

ဒီနေ့ ၈၈ ဖတ်ကြားသွားတဲ့ ကြေညာချက်မှာလည်း မြန်မာနိုင်ငံ ဒီမိုကရေစီနေ့ဆိုပြီး သတ်မှတ်စေချင်တာမျိုး ပြောသွားတဲ့အပေါ် ကျွန်တော်ထောက်ခံပါတယ်။ နိုင်ငံရဲ့စနစ်တစ်ခု အပြောင်းအလဲပါ။ တစ်ပါတီအာဏာရှင်စနစ်၊ မဆလဆိုတဲ့ စနစ်တွေရှိခဲ့တယ်။ ဒီမိုကရေစီကို စပြီး လူထုက တောင်းဆိုတာ ၈၈ အရေးတော်ပုံမှာ စခဲ့တာပါ။ ဗိုလ်ချုပ်အောင်ဆန်းလည်း ပြောခဲ့ဖူးတယ်။ ဒီမိုကရေစီဝါဒသာလျှင် လွတ်လပ်ရေးနဲ့ ဆီလျော်တယ်၊ ဒီဝါဒကို ကျင့်သုံးရမယ်။ အဲဒီတုန်းက ဗိုလ်ချုပ်ပြောခဲ့တယ် ဆိုပေမယ့်လည်း လွတ်လပ်ရေးသာရခဲ့တယ်၊ စနစ်ကို အချိန်ကာလ အတိုင်းအတာတစ်ခုအထိ မကျင့်သုံးနိုင်ခဲ့ဘူး။ ဗိုလ်ချုပ်ရဲ့ ရည်မှန်းချက်လည်း ဖြစ်တယ်၊ ပြည်သူလူထုရဲ့ တောင်းဆိုမှုလည်းဖြစ်တယ်။ ဒါတွေက ၈၈ မှာ အင်နဲ့အားနဲ့ ပြန်ပေါ်လာတာ။ အခု ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့်မဟုတ်ပေမယ့် ဒီမိုကရေစီတစ်ပိုင်း လက်ရှိကျင့်သုံးနေတဲ့အချိန်မှာ ဒီလိုအခြေအနေနဲ့စပြီး လှမ်းခဲ့တဲ့ခြေလှမ်းအဖြစ် ၈၈ အရေးတော်ပုံကြီးက မဖြစ်မနေအသိအမှတ်ပြု မှတ်တမ်းတင်ရမယ့်သဘောဖြစ်ပါတယ်။

ဒီကြေညာချက်ထဲကအတိုင်း ကြီးကျယ်ခမ်းနားတဲ့ အမှတ်တရပွဲမျိုး နောင်နှစ်တွေမှာ ကျင်းပစေချင်တယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းရဲ့ ပထမဆုံးခြေလှမ်းတစ်လှမ်းဖြစ်တာကြောင့် မြန်မာ့ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်စေချင်ပါတယ်။

**ကိုသက်ထွန်း**
**၈၈ ကျောင်းသားခေါင်းဆောင်**

စက်မှုတက္ကသိုလ်မှာ ဖုန်းမော်အရေးအခင်းနဲ့ ပတ်သက်လို့ ကျောင်းသားတွေက မတရားတာကို မကျေနပ်လို့ ဆန့်ကျင်တဲ့အချိန်ပဲဖြစ်တယ်။ ဇွန်လကျတော့ ဒီမိုကရေစီပညာရေးက ငါတို့ဘဝအတွက် လိုအပ်တယ်ဆိုတာ ကျောင်းသားတွေ လက်ခံတယ်။ အဲဒီအတွက်ကြောင့် ရှစ်လေးလုံး ဆက်ပြီးဖော်ဆောင်တဲ့အခါ တိုင်းပြည်မှာ ဒီမိုကရေစီလိုအပ်တယ်ဆိုတဲ့အယူအဆ ကျောင်းသားတွေရင်ထဲပြန့်သွားတယ်။ အဲဒီအတွက် ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီဆိုတာကို တောင်းတယ်။ ပြည်သူက ဒီမိုကရေစီဆိုတာ သိချင်မှသိမယ်၊ နားလည်ချင်မှ နားလည်မယ်။ ရှစ်လေးလုံးကာလ ရယ်စရာတွေလည်း အများကြီးဖြစ်တယ်။ မော်လမြိုင်ဘက်က ရွာတွေမှာဆိုရင် မြို့ကတောင်းတဲ့ဟာ ငါတို့လည်းပေးဆိုတာ အော်တယ်။ သူတို့ ဒီမိုကရေစီဆိုတာ ဘာလဲမသိဘူး။ ဒါပေမယ့် လူတွေက လွတ်လပ်ချင်တယ်။ လွတ်မြောက်ချင်တယ်။ လူပီသချင်လာတယ်။ အဲဒီအတွက် ဒီမိုကရေစီက ဘာလဲဆိုတာ လေ့လာထားတဲ့သူတွေလို စနစ်တကျပြောနိုင်ချင်မှ ပြောနိုင်မယ်။ သူတို့ဘဝ ကောင်းကောင်းမွန်မွန်နေရမယ်ဆိုတဲ့ အသိလောက်တော့ရှိတယ်။ ဒါကြောင့် တစ်တိုင်းပြည်လုံးက ဒီမိုကရေစီလိုချင်တာ ရှစ်လေးလုံးရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တယ်။ ဒါပေမယ့် ဒီမိုကရေစီဆိုတာ မြန်မာပြည်မှာ အဝေးကြီး ကျန်ပါသေးတယ်။

# မက္ကဆီကို၌ မြေပြိုမှုကြောင့် လူ ၃၈ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဩဂုတ် ၈**

မက္ကဆီကိုနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၃၈ ဦးထက်မနည်း သေဆုံးခဲ့သည်။ အပျက်အစီးများကြောင့် လူပေါင်း ၂၀၀ ခန့် နေအိမ်များဆုံးရှုံးခဲ့ရသည်။ နိုင်ငံ၏အရှေ့ပိုင်းဒေသများသို့ အပူပိုင်းမုန်တိုင်း Earl ဝင်ရောက်တိုက်ခတ်ခဲ့ခြင်း ဖြစ်သည်။ တောင်ထူထပ်ရာဒေသများဖြစ်သည့် ပူဗလာနှင့် ဗီရာခရုဇ်ပြည်နယ်များ၌ မြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အစိုးရအာဏာပိုင်များက ပြောသည်။ ဗီရာခရုဇ်မှ ကျောင်းတစ်ကျောင်းရှိနံရံသည် ရွှံ့များစီးဆင်းလာမှုကြောင့် ပျက်စီးခဲ့ရကြောင်း ဗီဒီယိုဖိုင်တွင် တွေ့ရသည်။ တိုင်းပြည်၏အနောက်ပိုင်းဒေသများ၌လည်း အပူပိုင်းမုန်တိုင်းကြောင့် မိုးအဆက်မပြတ်ရွာသွန်းလာနိုင်ကြောင်း အာဏာပိုင်များက သတိပေးမှုများ ပြုလုပ်ထားသည်။ သေဆုံးသူအများစုမှာ ပူဗလာမှဖြစ်ပြီး ၎င်းတို့၏ နေအိမ်များ၌ ရွှံ့နွံများနှင့် ကျောက်တုံးများ တန်ချိန်ပေါင်းများစွာ စီးဝင်ပိတ်ဆို့မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ တောင်တစ်တောင်လုံး ပြိုကျသွားပြီး အနီးရှိရွာများသို့ စီးဝင်သွားခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



ယင်းဒေသ၌ မိုးများဆက်လက်ရွာသွန်းမှုကြောင့် မက္ကဆီကိုစီးတီးသို့ သွားရောက်ရာ အဝေးပြေးလမ်းမကြီး၏ အဓိက အစိတ်အပိုင်းကို ပိတ်ထားခဲ့ရသည်။

၂၀၁၃ ခုနှစ်ကလည်း တောင်ပိုင်းပြည်နယ် Guerrero ၌ ဟာရီကိန်းမုန်တိုင်းကြောင့် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၂၀ ကျော် သေဆုံးခဲ့ရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ နိုင်ငံရေပိုင်နက်အတွင်း လှည့်ကင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်




**တိုကျို ဩဂုတ် ၈**

တရုတ်သင်္ဘော ၁၀ စင်းထက်မနည်း အရှေ့တရုတ်ပင်လယ် ကျွန်းစုအနီး ခုတ်မောင်းသွားလာလျက်ရှိသောကြောင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ နိုင်ငံရေပိုင်နက်အတွင်း လှည့်ကင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၈ ရက်က ဖော်ပြခဲ့သည်။

ဆန်ကာကုကျွန်းအနီး ဂျပန်ရေပိုင်နက်အပြင်ဘက်နှင့် ကပ်လျက်ရှိသော ပင်လယ်ထဲတွင် တနင်္ဂနွေနေ့က တရုတ် သင်္ဘော ၁၃ စင်း ခုတ်မောင်းသွားလာလျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့် အာဏာပိုင်များက ပြောခဲ့သည်။

ယခုလအစောပိုင်း ငါးဖမ်းရာသီစသည့်အချိန်မှစတင်ကာ တရုတ်ငါးဖမ်းသင်္ဘောများသည် ဆန်ကာကုကျွန်းအနီးတွင် ငါးဖမ်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံငါးဖမ်းလုပ်ငန်း သဘောတူညီချက်အရ ယင်းနေရာ၌ နှစ်နိုင်ငံငါးဖမ်းသင်္ဘောများကို ငါးဖမ်းခွင့်ပြုရေး ပါဝင်သည်။

လွန်ခဲ့သော သောကြာနေ့ကလည်း တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်နှစ်စင်း တရုတ်ငါးဖမ်းသင်္ဘောများနှင့် အတူ ဂျပန်ရေပိုင်နက်သို့ ကျူးကျော်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါကစ္စတန်၌ ဆေးရုံဗုံးခွဲတိုက်ခိုက်ခံရ၍ ၄၂ ဦးသေဆုံး

**ကွက်တာ ဩဂုတ် ၈**

အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့် ဘလော့ချီစတန် အနောက်တောင်ပိုင်းပြည်နယ်ရှိ မြို့တော်ကွက်တာတွင် တနင်္လာနေ့က ပါကစ္စတန်ဆေးရုံတစ်ရုံ ဗုံးခွဲတိုက်ခိုက်ခံရမှုဖြစ်ပွားပြီး လူ ၄၂ ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း ပြည်နယ်ရေးရာ အကြီးတန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။



အဆိုပါပေါက်ကွဲမှုသည် နယ်စပ်မြို့အတွင်း သေနတ်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသည့် ရှေ့နေအကျော်အမော်တစ်ဦးဖြစ်သူ ဘိုင်လယ်အန်ဝါကာဇီ၏ သေဆုံးမှုကို ဝမ်းနည်းပူဆွေးသည့်အနေဖြင့် လာရောက်ကြသည့် ရှေ့နေများနှင့် ဂျာနယ်လစ်အများစုတို့ စုဝေးနေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဆေးရုံရှိ အရေးပေါ်လူနာဌာနတွင် လာရောက်ပူဆွေးသူ ၅၀ ဝင်ရောက်လာကြစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘလော့ချီစတန်ရှိ ပြည်ထဲရေးဝန်ကြီး ဆာဖရတ်ဘူတီက လူ ၄၂ ဦး သေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း ပြောကြားခဲ့သည်။ အချို့မီဒီယာများတွင် သေဆုံးသူအရေအတွက် ဖော်ပြမှုမှာ ပိုမိုများပြားကြောင်း သိရသည်။

**(ရိုက်တာ)**

# ရီယိုအိုလံပစ်အားကစားပြိုင်ပွဲ၌ ပေါ်တူဂီဝန်ကြီးတစ်ဦး ဓားပြတိုက်ခံရ

**ရီယိုဒီဂျနေရိုး ဩဂုတ် ၈**

ပေါ်တူဂီပညာရေးဝန်ကြီးသည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ ဓားဖြင့်ခြိမ်းခြောက်ကာ ဓားပြတိုက်ခံရသည်ဟု ဘရာဇီးရဲများက ပြောသည်။ သောကြာနေ့က အားကစားပြိုင်ပွဲကြီးဖွင့်လှစ်ပြီး တစ်ရက်အကြာ၌ ယင်းသို့ ဓားပြတိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ၎င်းမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဟု သိရသည်။

အိုင်ပါနီမာရှိ ကမ်းခြေအနီး လူနှစ်ယောက်က ဓားပြတိုက်ခဲ့ခြင်းဖြစ်ပြီး ၎င်းထံမှ ပိုက်ဆံနှင့် မိုဘိုင်းဖုန်းတို့ကို ယူဆောင်သွားကြသည်။ ယင်းကမ်းခြေ၌ နိုင်ငံခြားသား ခရီးသွားအများစု တည်းခိုရာဟိုတယ်များရှိသည်။ ဓားပြနှစ်ဦးအနက်မှတစ်ဦးကို ရဲများက မကြာမီ ဖမ်းဆီးနိုင်ခဲ့သည်။ ပေါ်တူဂီဝန်ကြီးသည် အားကစားပြိုင်ပွဲကြည့်ရှုပြီး ဟိုတယ်သို့ ခြေကျင်ပြန်အလာ လမ်း၌ဓားပြတိုက်ခံရခြင်းဖြစ်သည်ဟု မီဒီယာ များက ဖော်ပြသည်။

အိုလံပစ်ပြိုင်ပွဲ မစတင်မီကတည်းက ရီယို၌ ဓားပြတိုက်မှုများနှင့် ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ အားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားများနှင့် ဧည့်သည်များအတွက် လုံခြုံရေးတင်းကျပ်မှုများကို အာဏာပိုင်များက ဆောင်ရွက်လျက်ရှိသည်။ သို့သော် ယခုကဲ့သို့ ဓားပြမှုပေါ်ပေါက်လာခြင်းကြောင့် လုံခြုံရေးဆိုင်ရာ အစီအစဉ်များအပေါ် မေးခွန်းထုတ်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါကစ္စတန်တွင်မိုးသည်းထန်စွာရွာသွန်း လူ ၂၉ ဦးသေဆုံး ဒဏ်ရာရပျောက်ဆုံးသူများပြား

**အစ္စလမ္မာဘတ် ဩဂုတ် ၈**

ပါကစ္စတန်တောင်ဘက် ဆင်းဒ်နှင့် အနောက်တောင်ဘက် ဘလော့ချီစတန်ပြည်နယ်တို့တွင် လွန်ခဲ့သောသုံးရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အနည်းဆုံး လူ ၂၉ ဦး သေဆုံးပြီး ပျောက်ဆုံးသူများပြားလျက်ရှိကြောင်း ဆင်ဟွာသတင်းအေဂျင်စီတွင် ဩဂုတ် ၈ ရက်က ဖော်ပြခဲ့သည်။

အခြားသတင်းတစ်ရပ်တွင် ဆင်းဒ်ပြည်နယ်မြို့တော် ကရာချိသည် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကိုဆိုးရွားစွာခံခဲ့ရပြီး ၁၄ဦး သေဆုံးခဲ့ကာ အများအပြား ဒဏ်ရာရရှိခဲ့ကြသည်ဟု ဆိုသည်။

ကရာချိ လူမှုကူညီရေးအဖွဲ့ဖြစ်သော အက်ဒီဖောင်ဒေးရှင်းက ကရာချိမြို့တွင် ဓာတ်လိုက်၍ လူရှစ်ဦးသေဆုံးခဲ့ကြောင်း၊ အခြားခြောက်ဦးမှာလည်း သွပ် အမိုးလွင့်စဉ်ထိမှန်သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ယင်းပြည်နယ်၏ အခြားဒေသများတွင်လည်း မိုးသည်းထန်မှုများကြောင့် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် လေကြောင်းခရီးစဉ်များကိုလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သောကြာနေ့မှစကာ တနင်္ဂနွေနေ့အထိ ပိတ်ထားခဲ့ရကြောင်း သိရသည်။

ကရာချိမြို့၏လမ်းများတွင် ရေများဆက်လက်ဖုံးလွှမ်းလျက်ရှိပြီး ဓာတ်တိုင်များလည်း ပြိုလဲနေသောကြောင့် လျှပ်စစ်မီးများလည်း ပြတ်တောက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဘလော့ချီစတန်ပြည်နယ် ဟာနိုင်းဒေသတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူရှစ်ဦးသေဆုံးလျက်ရှိပြီး ငါးဦးဒဏ်ရာရကာ အခြားရှစ်ဦးမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်နှင့်ဩစတြေးလျမှ ပါမောက္ခနှစ်ဦး ပြန်ပေးဆွဲခံရ

**ကဘူးလ် ဩဂုတ် ၈**

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် အမေရိကန်နှင့်ဩစတြေးလျနိုင်ငံမှ ပါမောက္ခနှစ်ဦး ပြန်ပေးဆွဲခံရမှုဖြစ်ပွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် အာဖဂန်နစ္စတန်ရှိ အမေရိကန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး ၎င်းတို့၏ တည်းခိုနေထိုင်ရာသို့ အသွားတွင် သေနတ်သမားများက ၎င်းတို့စီးနင်းလာသည့်ယာဉ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်၌ မကြာသေးမီကာလများအတွင်းကလည်း နိုင်ငံခြားသားဧည့်သည်များစွာ ပြန်ပေးဆွဲခံခဲ့ရသည်။ သေနတ်သမားများသည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းများ ဝတ်ဆင်ကာ ယာဉ်အား ဟန့်တားရပ်တန့်စေခဲ့ပြီး ၎င်းတို့နှစ်ဦးအား ကားထဲမှ အတင်းအကျပ် ဆွဲထုတ်ခဲ့ကြောင်း သတင်းပေးပို့သူများက ပြောကြားသည်။

အဆိုပါ ပြန်ပေးဆွဲမှုသည် တနင်္ဂနွေနေ့ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# ဦးပိန်တံတားကြီးပေါ် ပြန်လည်ဖြတ်သန်းခွင့်ပြု၊ လာရောက်လည်ပတ်သူများဖြင့်စည်ကား

**မန္တလေး ဩဂုတ် ၈**

ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ယာယီဖြတ်သန်းသွားလာခွင့် ပိတ်ထားခဲ့သည့် ဦးပိန်တံတားကြီးအား ဩဂုတ် ၈ ရက်က ပြန်လည်ဖြတ်သန်းသွားလာခွင့်ပြုခဲ့ရာ လာရောက်လည်ပတ်သူများ၊ ဈေးရောင်းချသူများဖြင့် စည်ကားလျက်ရှိသည်။

တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေး၍ ဖြတ်သန်းခွင့်ပြုခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်တွင် တံတားကြီးကို မှီခိုရောင်းဝယ်နေကြသည့် ဈေးဆိုင်များ၊ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ဧည့်သည်များဖြင့် ပုံမှန်အခြေအနေအတိုင်းရှိနေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့မှ ဦးပိန်တံတားသို့ ဈေးလာရောက်ရောင်းချသည့် ကိုအေးတင်က "ဦးပိန်တံတားကြီး ကြမ်းခင်းအထိ ရေရောက်ပြီး အသွားအလာပိတ်လိုက်တော့ လာလည်တဲ့လူတွေလည်း မရှိတော့ဘူး။ ဈေးလည်းမရောင်းရတော့ဘူး။ အခုလို ပြန်ဖွင့်လိုက်တဲ့အချိန်မှာ ဦးပိန်တံတားကိုမှီခိုပြီး လုပ်ကိုင်စားသောက်နေရတဲ့ ကျွန်တော်တို့လို ဈေးသည်တွေအတွက် ဝမ်းသာရပါတယ်။ ဧည့်သည်တွေလည်း ပြန်ပြီးလာလည်ကြတယ်"ဟု ပြောသည်။



တောင်သမန်ရွာနေ ဦးသိန်းလွင်က "တံတားကြီးရေကျော်တော့ ကျွန်တော်တို့နေတဲ့ တောင်သမန်ရွာဘက်အထိကို ရေရောက်လာတယ်။ သက်ဆိုင်ရာကလည်း တံတားကြီးကို ဖြတ်သန်းသွားလာတဲ့ ပြည်သူတွေအန္တရာယ်မဖြစ်အောင် ရေကြီးနေတဲ့ ကာလမှာ တံတားကြီးကို ယာယီပိတ်လိုက်တယ်။ နောက်ဆက်တွဲအနေနဲ့ကတော့ ဦးပိန်တံတားတစ်ဝိုက်မှာ ဈေးရောင်းချနေတဲ့သူတွေ ခေတ္တတော့ အခက်အခဲဖြစ်တယ်။ ဒါပေမယ့် အခုလို ပြန်ဖွင့်လိုက်တော့ ဦးပိန်တံတားကိုဖြတ်ပြီး ကျောင်းတက်နေရတဲ့ ကျောင်းသား ကျောင်းသူတွေရော ဈေးရောင်းနေတဲ့သူတွေပါ အားလုံးအဆင်ပြေသွားပါပြီ။ ဧည့်သည်တွေလည်း ပုံမှန်အတိုင်းလာနေကြပါပြီ"ဟု ၎င်းကပြောသည်။

တံတားကြီးသို့ လာရောက်လည်ပတ်သူ ပြင်သစ်နိုင်ငံမှ ရှားလော့က "ဒီတံတားကြီးကတော့ မြန်မာနိုင်ငံရဲ့ အထိမ်းအမှတ်တစ်ခုပါ။ လက်ရှိ တံတားကြီး ထိန်းသိမ်းထားမှုအပိုင်းကိုလည်း အားရမှုရှိပါတယ်။ ရေမြုပ်ပြီး အခုလို ရေပြန်ကျသွားတဲ့အချိန်မှာ ပြုပြင်ထိန်းသိမ်းမှုတွေ အချိန်မီလုပ်သင့်ပါတယ်"ဟု ၎င်းက အကြံပြု ပြောကြားခဲ့သည်။

တောင်သမန်အင်းအတွင်း ရေဝင်ရောက်မှုမြင့်တက်လာပြီး ဦးပိန်တံတား ကြမ်းခင်းအထိ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သဖြင့် တံတားပေါ်ဖြတ်သန်းခွင့်အား ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ယာယီတားမြစ်ခဲ့ကာ လက်ရှိအချိန်တွင် ရေများကျဆင်းသွားသဖြင့် ဩဂုတ် ၈ ရက်တွင် ပြန်လည်ဖြတ်သန်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# (၂၈)နှစ်ပြည့် ရှစ်လေးလုံးနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

(၂၈)နှစ်ပြည့် ရှစ်လေးလုံးနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြောက်ဥက္ကလာပ ခုံတံတားအနီးရှိ ရှစ်လေးလုံးအထိမ်းအမှတ် ကျောက်တိုင်၌ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် ၁၉၈၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ခဲ့သော ဒီမိုကရေစီလူထုလှုပ်ရှားမှုသည် ယနေ့ အချိန်တွင် (၂၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ ရရှိခံစားနေကြသည့် တစ်စုံတစ်ရာ အတိုင်းအတာရှိသော လွတ်လပ်မှုများမှာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီး၏ အသီးအပွင့်များအဖြစ် အလေးအနက်ယုံကြည်ကြောင်း၊ ရွေးကောက်ပွဲများမှတစ်ဆင့် ပေါ်ပေါက်လာသော အစိုးရအဖွဲ့များက စီမံအုပ်ချုပ်နေသည်မှာ သက်တမ်းအားဖြင့် ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပြည်သူလူထု၏ အခြေခံရပိုင်ခွင့်များဖြစ်သော လူ့အခွင့်အရေး၊ လွတ်လပ်စွာပြောရေးဆိုခွင့်နှင့် ဥပဒေအရ တန်းတူညီမျှ အကာအကွယ်ရရှိပိုင်ခွင့်တို့မှာ ကန့်သတ်ခံနေရဆဲ ဖြစ်ကြောင်းတို့ကို မြောက်ဥက္ကလာပမြို့နယ် ရှစ်လေးလုံး ကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

မြောက်ဥက္ကလာပမြို့နယ် ရှစ်လေးလုံးကော်မတီဝင်တစ်ဦးဖြစ်သူ ကိုသန်းအောင်က "ဒီနေ့ (၂၈)နှစ်မြောက်နေ့က ကျွန်တော်တို့ရဲ့ အမှတ်တရနေ့ပါ။ ကျွန်တော်တို့ ဒီတိုက်ပွဲကနေစပြီး လက်ရှိ နိုင်ငံရေးအခြေအနေတွေလည်း အားလုံး ပြုပြင်ပြောင်းလဲခဲ့ပြီ။ ဒီမှာသေဆုံးခဲ့တဲ့၊ ထိမှန်တဲ့၊ ပျောက်ရှသွားတဲ့ စာရင်းတွေ ပြုစုမယ်။ ပြုစုပြီးတဲ့အခါကျတော့ ဒီနေ့ ၈ ရက် ၈ လ ရောက်တိုင်း မြန်မာ့ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုသွားမယ်"ဟု ပြောသည်။

ယနေ့ကျင်းပသော အထိမ်းအမှတ်အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ဘုန်းကြီးလမ်းထိပ်မှ စတင်ကာ ရှစ်လေးလုံးကျောက်တိုင်ရှိရာသို့ လူအင်အား ၅၀ ခန့်ဖြင့် အလံများကိုင်ဆောင်ကာ ချီတက်ကျင်းပခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာက တရားဝင်ခွင့်ပြုပေးခဲ့ကြောင်း ကော်မတီဝင်တစ်ဦးက ပြောကြားသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



# ရှစ်လေးလုံးအရေးတော်ပုံ (၂၈)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပ

**မန္တလေး ဩဂုတ် ၈**

ရှစ်လေးလုံးအရေးတော်ပုံ(၂၈)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ၄၄လမ်း၊ ၃၁ လမ်းထောင့်ရှိ ဓမ္မသာလခန်းမ၌ ကျင်းပခဲ့ပြီး အဖွဲ့အစည်း ၁၀ ဖွဲ့ခန့်က သဝဏ်လွှာများဖတ်ကြားပေးခဲ့သည်။ ထို့နောက် ၈၈ အရေးခင်းတွင် ကွယ်လွန်သွားသော ရဟန်းရှင်လူပြည်သူများအတွက် ရည်စူး၍ နံနက် ၅ နာရီက ဆွမ်းကပ်ခြင်း ဆွမ်းလောင်းလှူခြင်းများ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ဆောက်လုပ်ဆဲကန်ထရိုက်တိုက်ပေါ်မှ လျှပ်စစ်ကြိုးပေါ်သို့ သံချောင်းပြုတ်ကျ

**ရန်ကုန် ဩဂုတ် ၈**

ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဂဠုန်ရပ်ကွက် ကွင်းချောင်းလမ်းမပေါ်ရှိ ဆောက်လုပ်ဆဲကန်ထရိုက်တိုက်ပေါ်မှ အရှည် ၁၅ ပေခန့်ရှိ သုံးမူးလုံးသံချောင်းသည် လမ်းမပေါ်ရှိ လျှပ်စစ်မီးကြိုးပေါ်သို့ ပြုတ်ကျရာ ဂဠုန်ရပ်ကွက်နှင့် ဆင်မင်းရပ်ကွက်၌ တချို့နေရာများ မီးခေတ္တပျက်သွားပြီး သံချောင်းပြုတ်ကျရာနေရာသို့ မြို့နယ်လျှပ်စစ်ရုံးမှ မန်နေဂျာ ဦးအေးလွင်နှင့် တာဝန်ရှိသူများရောက်ရှိလာကာ သံချောင်းအား အချိန်မီဖယ်ရှားလိုက်၍ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**



■ *ကျောဖုံးမှ*

အဆိုပါ မြန်မာနိုင်ငံသား ၁၃၈ ဦးအား ပထမအသုတ်အဖြစ် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ လှူဒါန်းထောက်ပံ့ငွေဖြင့် လေယာဉ်အခမဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ဦးထုပ်၊ အင်္ကျီ အပါအဝင် နေရပ်ပြန်စရိတ် တစ်သိန်းစီနှင့် အစားအသောက်များကိုပါ ထောက်ပံ့ကူညီပေးကာ နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကိုလည်း ခေတ္တတည်းခိုရန် နေရာချထားပေးခဲ့ကြောင်း သိရသည်။

မြန်မာ အလုပ်သမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်ပနိုင်ငံများ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေး ကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဩဂုတ် ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက် (တနင်္လာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၀၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၂၀၀ မှ ၂၁၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၅၀၀ မှ ၂၉၅၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၃၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၁၀၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၃၀ မှ ၁၇၈၅ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မင်းဘူး၊ မြင်းခြံ၊ မုံရွာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၆၇၅ |
| ၁၀။ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၈၅၀ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၀ မှ ၆၈၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၇၇၄ | ၁.၂၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၆၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၃၀' |
| ၄။ | မင်းရဲရေလှောင်တမံ | တောင်ငူ-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၅၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၁.၀၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၉၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၉၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၈၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁.၅၀' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၅၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၉၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀.၄၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၇၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၅၀' |
| ၁၇။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀.၁၀' |
| ၁၈။ | တောင်ခရမ်းရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀.၆၀' |
| ၁၉။ | ရဟိုင်းကွင်းရေလှောင်တမံ | ရခိုင်-ဂွမြို့ | ၆၂၅ | ၀.၁၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၄၀' |
| ၂၁။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁.၀၅' |
| ၂၂။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀.၂၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၁.၃၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၄၀' |

(သတင်းစဉ်)

# ပွဲ့န်တန်ဆာမြို့၌ လယ်ဧက ၂၅၀ ခန့်နှင့် ရပ်ကွက်အချို့ရေနစ်မြုပ်

**ညောင်လေးပင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွဲ့န်တန်ဆာမြို့ရှိ ရပ်ကွက်အချို့နှင့် လယ်ဧက ၂၅၀ ခန့် ယခုရက်ပိုင်း မိုးရွာမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပွဲ့န်တန်ဆာမြို့အထက(၁) လေးအိမ်စုရပ်ကွက်၊ အနောက်စုရပ်ကွက်၊ သခွတ်ကုန်းရပ်ကွက်နှင့် အလယ်တန်းကျောင်းခွဲ၊ အေးရွာကျေးရွာကျောင်းနှင့် ကျေးရွာလမ်းများ ရေတက်၍ အနောက်စုရပ်ကွက်မှ အေးရွာကျေးရွာသို့ သွားသောဆက်သွယ်ရေး လမ်းမကြီးရေကျော်ကာ ဒေသခံပြည်သူများ သွားလာရခက်ခဲကြောင်း သိရသည်။

ပွဲ့န်တန်ဆာမြို့မ(၃)အပိုင်နှင့် အေးရွာကျေးရွာအပိုင် လယ်ဧက ၂၅၀ ခန့် ရေနစ်မြုပ်လျက်ရှိသည်။ ကျောင်းစုရပ်ကွက်၊ ဆိပ်ပြန်ကြီးရပ်ကွက်၊ လေးအိမ်စုရပ်ကွက်နှင့် အထက(၁)မှ ရေများသည် အနောက်စုရိုးတံတားပေါက်ဝနေရာသို့ တစ်နေရာတည်း စုဝေးကာ စီးဆင်းပြီး ရိုးတံတားပေါက်ဝမှာ ကျဉ်းမြောင်းပိတ်ဆို့နေ၍ ကောနေသောနေရာများတွင် မိုးများလျှင်ရေကြီးကြောင်း မြို့မ(၃)ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။ **နေလင်း(ညောင်လေးပင်)**

# လေးမျက်နှာ-ခတ္တူ-ပန်းတောကြီး လမ်းပေါ်ရှိ ထုံးပေါက်တံတား နိမ့်ကျမှုဖြစ်ပွား

**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်လာခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၇ ရက်က လေးမျက်နှာ-ခတ္တူ - ပန်းတောကြီးလမ်း မိုင်တိုင်အမှတ် (၃/၀ - ၃/၁) တွင် အရှည် ၂၀၈ ပေရှိ ထုံးပေါက်သစ်သားတံတားသည် မိုးသည်းထန်စွာရွာပြီး ရေတိုက်စားမှုကြောင့် ၃၅ ပေ၊ သုံးခန်း ငါးပေ နိမ့်ကျသွားပြီး လက်ရန်းဘီးကာများ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ကေများရေလွှမ်း

**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်လာခြင်းတို့ကြောင့် သာပေါင်း၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ စသည့် ၁၄ မြို့နယ်တွင် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်များ၌ ကျေးရွာ ၂၀၀ မှ တောင်သူ ၁၅၆၃၂ ဦး၏ မိုးစပါးစိုက်ကေ ၇၅၇၀၀ မှာ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျောင်းကုန်း၌ နေအိမ်နှင့် လယ်မြေများ ရေနစ်မြုပ်

**ကျောင်းကုန်း ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ဒါးက မြစ်ရေလျှံတက်လာမှုကြောင့် ဩဂုတ် ၇ ရက် နံနက်က ရေအမှတ် ၁၆ ဒသမ ၆ ပေသို့ ရောက်ရှိနေရာ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စုကြီးသုံးခုမှ ရွာခွဲ ၁၀ ရွာ စုစုပေါင်း အိမ်ခြေ ၇၀၀ ကျော် ရေနစ်မြုပ်ခဲ့သည်။ အမှတ်(၃)ရပ်ကွက် အိမ် ၅၈ အိမ် ထပ်မံရေနစ်မြုပ်လျက်ရှိပြီး ရေလွတ်သည့်နေရာသို့ ရွှေ့ပြောင်းပေးထားကြောင်းနှင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားခြင်းမရှိသေးကြောင်း ထွေ/အုပ်ရုံးမှ သိရသည်။

ယနေ့ထပ်မံရေနစ်မြုပ်သည့် စာသင်ကျောင်းမှာ အထက(ဂုန်မင်း)ဖြစ်၍ ကျောင်းကုန်းမြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်းကျောင်းကိုးကျောင်း စုစုပေါင်းစာသင်ကျောင်း ၁၂ ကျောင်း ယာယီပိတ်ထားရပြီး ရေပြန်ကျသွားချိန်တွင် အစားထိုးသင်ကြားပေးမည်ဖြစ်ကြောင်း ပညာရေးမှူးရုံးမှ သိရသည်။ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေနစ်မြုပ်သော လယ်ကေမှာ ၂၂၀၀ ဖြစ်ကြောင်း မြေစာရင်းဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မူဆယ်-မန္တလေးလမ်း၌ လယ်ရေသွင်းမြောင်းရေတိုက်စား၍ လမ်းပိတ်မှုဖြစ်



**မူဆယ် ဩဂုတ် ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်-မန္တလေးလမ်းပိုင်းမှ လားရှိုး-သိန်းနီ လမ်းပိုင်း မိုင်တိုင် (၂၁၉)မိုင် လီရွာအနီးတွင် ယနေ့နံနက်က လယ်ရေသွင်းမြောင်း ဖောက်ထားသော ကတ္တရာလမ်းအောက် လိုဏ်ခေါင်းအား ရေတိုက်စားပြီး လမ်းကျွံကျနိုင်သဖြင့် ယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အသွားအလာ ခေတ္တပိတ်ခဲ့ရသည်။

အဆိုပါ ပြည်ထောင်စုလမ်းပိတ်မှုကြောင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးမှုမဖြစ်ရအောင် သက်ဆိုင်ရာ တာဝန်ရှိသူ များက နီးစပ်ရာ စက်ယန္တရားများဖြင့် အမြန်ဆုံးဆောင်ရွက်လျက်ရှိရာ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**


**အမည်ပြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းနေ (ဘ)ဦးအောင်ရွှေ (အမိ)ဒေါ်ခင်ရွှေ တို့၏သမီး ကျွန်မ မကျင်သိန်း ၁၂/ဗဟန(နိုင်)၀၈၀၀၆၀ အား ယနေ့မှစ၍ မခင်မိမိဟု ပြောင်းလဲခေါ်ပါရန်။ **မခင်မိမိ**

**ဖခင်အမည်မှန်**

ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်ဇင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်**

**အမည်ပြောင်း**

ဦးခင်မောင်ဝေ၏သမီး အထက (၂) အင်းစိန်၊ နဝမတန်း(A)မှ မဆုအိန္ဒြေအား မဆုထက်ထက်ဝေဟု ပြောင်းလဲ ခေါ်ပါရန်။

**မဆုထက်ထက်ဝေ**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ အမှတ်(၁) အထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်သန့်ဝေအောင်၏ ဖခင်အမည်မှန်မှာဦးစိန်မောင်တိုး ၉/မခန(နိုင်)၁၃၄၉၆၀ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/9105 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H-9287 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ ပျဉ်းကတိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၂၁)၊ ညောင်ကုန်းစာကျက်ကွင်း၊ ဦးပိုင်အမှတ်-၉၆/၁၊ ဦးကျော်စိန်အမည်ပေါက် ဥယျာဉ်ခြံမြေဧရိယာဧက ၃ဒသမ ၇၁ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ သီးပင်စားပင်၊ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်စိန် ၁၂/ကမတ(နိုင်)၀၄၁၄၁၃မှ ၁-၈-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူ ဥယျာဉ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဦးလှညွန့် ၁၂/အစန(နိုင်) ၀၄၅၄၆၈မှ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေဦးလှညွန့်၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများ မပြုလုပ်ကြပါရန် အထက်ပါတားမြစ်ချက်များအား ပြုမူခဲ့ပါက ပြုမူသူများ၏ တာဝန်သာဖြစ်ပြီး ပြုမူသူများအား သက်ဆိုင်ရာ တရားဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင်
LL.B,DL-101 Wipo (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၁၈)
ရုံး-ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၉၀၃၃၀၇၊ ၀၉-၄၂၁၀၂၄၈၈၆

ဒေါ်သက်စုရည် (စဉ်-၂၈၅၀၈)
ဦးကောင်းထက်ဇော်(စဉ်-၄၅၇၇၉)
အထက်တန်းရှေ့နေများ

(၃-၆-၂၀၁၆) ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ (၂၈) တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းကြည်ပါ (၃) တို့၏ ကြေညာချက်နှင့် (၁၄-၆-၂၀၁၆) ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆) တွင် ဦးသန်းဌေးပါ (၄) တို့၏ ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန် ထပ်မံကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ စမ်းချောင်းလေးကျေးရွာတွင်နေထိုင်သူ ဦးထွေး (ISN-367291) ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

၁။ အထက်ဖော်ပြပါသတင်းစာများတွင် ဖော်ပြပါရှိသော ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၆၁) ကရင်ချောင်းနှင့်တစ်ဆက်တည်းဖြစ်သည့် အမှတ် (၄၅၊ ၄၆၊ ၄၇) မြေကွက်များ ရောင်းချကြောင်း၊ ကန့်ကွက်ကြောင်းနှင့်ပတ်သက်၍ ထပ်မံအသိပေးအပ်သည်မှာ ကွင်းအမှတ် (၅၆၁) ကရင်ချောင်းနှင့်တစ်ဆက်တည်းဖြစ်သည့် ဖော်ပြပါမြေကွက်မှာ ဦးထွေးမှ လွန်ခဲ့သောနှစ်ပေါင်း (၂၀) ခန့်ကတည်းက တစ်ဦးတည်းလုပ်ကိုင်လာသူဖြစ်ပြီး အခွန်မြေစာမူရင်းများ လက်ရှိပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း၊ ယခုရောင်းချသော မြေဧရိယာထဲတွင် ဦးထွေးမှလည်း ပါဝင်ပတ်သက်နေကြောင်းကို ဦးသန်းဌေးတို့မှလည်း သိရှိပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ အထက်ပါဖော်ပြပါသတင်းစာကြော်ငြာများတွင် ဖော်ပြပါရှိသည့် မြေနှင့်ပတ်သက်၍ မြေအရောင်းအဝယ်ပြုလုပ်မှုအား (၁၄-၆-၂၀၁၆) ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ ကြေညာသူ (၄) ဦးအပါအဝင် ယခုကြေညာသူ ဦးထွေး၏ သဘောတူခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးမင်း (အထက်တန်းရှေ့နေ) စဉ်-၄၄၇၄၇၊
ဦးမင်းအောင် (အထက်တန်းရှေ့နေ)၊ စဉ်-၄၇၁၁၃

**ကန့်ကွက်နိုင်ပါကြောင်း အများသိသာစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဓေယျာနဒီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၂၄၂၊ အကျယ်အဝန်း ၄၄ပေ× ပေ၆၀ရှိ ဦးထွန်းအောင် CF-၀၁၂၃၉၄ ဂရန်အမည်ပေါက်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ကြိုင် ၁၂/လမတ(နိုင်)၀၁၂၉၉၆ ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီး ကျွန်မဒေါ်သင်းသန္တာနွယ်မှ ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ကျွန်မထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းအား သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဒေါ်သင်းသန္တာနွယ် ၁၄/ရကန(ဧည့်)၀၀၀၀၆၂
အမှတ်(၉)၊ လေးလွှာ၊ ၁၅၃လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၄၁၇၉၃၈

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်လမ်း၊ တိုက် ၄၊ အခန်း၁၁၊ မြန်မာ့အသံအိမ်ရာဝင်းနေ ဦးအောင်နေဝင်းထွန်း ၁၂/လကန(နိုင်)၀၃၂၇၅၇ အမည်ပေါက် ရွှေပြည်သာမြို့နယ်၊ (ဒ-၆၃)ရပ်ကွက်၊ ဗန္ဓုလလမ်းသွယ်၊ မြေကွက် အမှတ် ၅၁၄၊ အလျားပေ ၄၀×အနံပေ၆၀ အကျယ်ရှိမြေကွက်အား မြို့ပြနှင့်မြေယာ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးသည့် ပါမစ်ပျောက်ဆုံး သွားပါသဖြင့် ပါမစ် မိတ္တူရရှိရေးအတွက် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထား အပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်နေဝင်းထွန်း ၁၂/လကန(နိုင်)၀၃၂၇၅၇

# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၈**



မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၇ ရက်က ဖားကန့်မြို့နယ် ကောင်ဆန်ကျေးရွာနေ ရဲလွင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မော့ကျင်ဟုန်အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၃၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဝမ်ပုံကျေးရွာနေ မနန်းလှ၏နေအိမ်ကိုရှာဖွေရာ မနန်းဝိုးဟောင်၊ စိုင်းအွန်၊ စိုင်းနွံကျောက်၊ စိုင်းလုံရှုန်တို့အား တွေ့ရှိရပြီး နေအိမ်သို့ဝင်ရောက်စဉ် မနန်းဝိုးဟောင်၏သားဖြစ်သူ စိုင်းဆမ်ကျိုင်းနှင့် စိုင်းလုံတစ်တို့နှစ်ဦးမှာ ဆိုင်ကယ်ဖြင့်ဝင်ရောက်လာ၍ ဖမ်းဆီးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၂၄ ပြားကို လည်းကောင်း၊ ကမမောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖာပွန်မြို့နယ် ကမမောင်းမြို့ ကော့ကရက်ရပ် အမှတ်(၁)ရပ်ကွက်နေ ချစ်သဲ၏ သစ်စက်အလုပ်ရုံကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမြန်လမ်း၌ ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်

**ကျောက်တံခါး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၆/၀ နှင့် ၈၆/၁ အကြားတွင် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ အခင်းဖြစ်နေရာသို့ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ နေပြည်တော် ဘက်သို့ ယာဉ်မောင်း ကျော်လွင်မိုး(၄၂ နှစ်) ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော 3I/--- တိုယိုတာ လင့်ပါရာရို ကိုယ်ပိုင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်မှုမရှိဘဲ ယာဉ်မှာ ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်လွင်မိုးအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

**မြိုင် ဩဂုတ် ၈**

မြိုင်မြို့နယ် လင်းကတော-ရေစကြိုကားလမ်း၌ ဩဂုတ် ၇ ရက်က ဆိုင်ကယ်နှင့် ကား မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရသဖြင့် လင်းကတောနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဝင်းကို သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ဦးအေးကြိုင် (၆၃ နှစ်) အောင်ပန်းရွာ ဆားလင်းကြီးမြို့နယ်နေသူသည် ရေစကြိုမြို့နယ်ဘက်မှ ဆားလင်းကြီး မြို့နယ်ဘက်သို့ ၂၆ ယ/------YINXIN-125 ဆိုင်ကယ်ဖြင့် တစ်ဦးတည်းမောင်းနှင်လာစဉ် လင်းကတော-ရေစကြိုကားလမ်း မိုင်တိုင်အမှတ် ၃၇/၇ နှင့် ၃၈/၀ အကြား ပူတွင်းရွာအရောက်တွင် မုံရွာ-ရေစကြို-ပခုက္ကူသို့သွားရောက်မည့် အောင်စိုးလင်း (၂၉ နှစ်) ကလေးမြို့နေသူမောင်းနှင်လာသည့် 5L/----EK HINO ၁၂ ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ဦးအေးကြိုင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား မြိုင်မြို့နယ် လင်းကတော နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဆည်အတွင်း ငါးထောင်ရာမှ ငါးထောင်ပိုက်ဖြင့်ရစ်ပတ်၍ ရေနစ်သေဆုံး

**နတ်မောက် ဩဂုတ် ၈**

နတ်မောက်မြို့နယ် လက်ပံအိုင့်ဆည်အတွင်း အမျိုးသားတစ်ဦး ရေနစ်သေဆုံးမှု ဩဂုတ် ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူမှာ ဝင်းဇော်ဦး (၃၀ နှစ်) ဂွေးပင်ကျေးရွာနေသူဖြစ်ပြီး ၎င်းသည် အလျားပေ ၆၀၀၊ အနံပေ ၂၀၀၊ အနက် ၁၀ ပေခန့်ရှိ လက်ပံအိုင့်ဆည်သို့ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ငါးထောင်ရန် ငါးဖမ်းပိုက်များ ယူဆောင်၍ ထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ဖခင်ဖြစ်သူနှင့် ဒေသခံများက လိုက်လံရှာဖွေရာ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီတွင် ဝင်းဇော်ဦးအား လက်ပံအိုင့်ဆည်အတွင်း ခြေထောက်နှစ်ဖက်အား ငါးထောင်ပိုက်ဖြင့် ရစ်ပတ်လျက်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နတ်မောက်မြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဓားထောက်လုယက်သူများအား ညတွင်းချင်း ဖမ်းမိ

**ပုသိမ် ဩဂုတ် ၈**

ပုသိမ်မြို့အမှတ်(၃)ရပ်ကွက် ကန်သာယာအတွင်း ကန်ပတ်လမ်းခုံတန်းလျား၌ ဩဂုတ် ၄ ရက် ည ၉ နာရီခွဲက ပုသိမ်ဆေးရုံကြီးဝင်းနေ ကိုထွန်းလင်းလင်းဦး (၁၉ နှစ်)နှင့် ၎င်း၏ချစ်သူတို့နှစ်ဦး စကားပြောနေကြစဉ် အနောက်ဘက်မှ မျက်နှာကို အဝတ်ဖြင့်စီးထားသော လူနှစ်ဦးက ဓားဖြင့် ခြိမ်းခြောက်ပြီး ဖုန်းနှင့် ငွေကျပ် ၂၅၀၀၀ ကို လုယူထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါလုယက်မှုကို ပုသိမ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ပူးပေါင်းရှာဖွေဖော်ထုတ်ခဲ့ရာ အခင်းဖြစ် ည ၁၁ နာရီတွင် အမှတ်(၆)နယ်မြေ ကုသိနာရုံအတွင်း လမ်းနေ ငြိမ်းချမ်း(၁၈ နှစ်) နှင့် မြတ်မင်းခိုင် (၁၈ နှစ်) တို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး ပုသိမ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မကွေး၌ ရွှေထည်အတုများ လိမ်လည် ပေါင်နှံရောင်းချသူ အမျိုးသမီးတစ်ဦး ဖမ်းမိ

**မကွေး ဩဂုတ် ၈**

မကွေးမြို့ ရန်ပယ်ဈေးအနီး၌ ရွှေဘောက်ချာအတုနှင့် ရွှေထည်ပစ္စည်းအတုများအား လိမ်လည်၍ လိုက်လံပေါင်နှံ ရောင်းချသူအမျိုးသမီးတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဩဂုတ် ၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ရက် ညနေ ၄ နာရီခွဲက မကွေးမြို့ရန်ပယ်ဈေးအနီး မဲထီးလမ်းနှင့် သုခိတာလမ်းထောင့်၌ မသက်ဖွယ်အမျိုးသမီးတစ်ဦး ရွှေထည်ပစ္စည်းများ ပေါင်နှံရောင်းချနေကြောင်းသတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် သက်အောင်စိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေး၍ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီးမှာ မစန်းယု(ခ) မစန်းစု(ခ) ဒေါ်လှလှ (ခ) ဒေါ်တင်မြင့်(ခ) ဒေါ်သူဇာ(ခ) ဒေါ်ခင်သန္တာထွန်း(ခ) ဒေါ်မြမြ (၆၇ နှစ်) မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေသူဖြစ်ပြီး ၎င်းထံမှ ငွေကျပ် ၅၂၉၁၀၀၊ ရွှေထည်ပစ္စည်းမျိုးစုံ၊ ရွှေဘောက်ချာတစ်ရွက်နှင့် ဖုန်းတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မစန်းယု(ခ)မစန်းစုအား မကွေးနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# နိမ့်ကျနေသည့် ဝိုင်ယာကြိုးအား ကိုင်မိရာက ဓာတ်လိုက်သေဆုံး

**နေပြည်တော် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းရွာစက်တန်းရပ်ကွက်တွင် ဩဂုတ် ၇ ရက် ညနေ ၅ နာရီက လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း ကုန်းဇောင်းနယ်မြေရဲစခန်းမှ သိရသည်။

အခင်းဖြစ်အရပ်သို့ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အဆိုပါရပ်ကွက်နေ ဦးသိန်းထွန်း(၅၅ နှစ်) ဖြစ်ပြီး ၎င်းသည် ဓာတ်တိုင်မှ နေအိမ်သို့သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးမှာ မြေပြင်အနီးသို့ နိမ့်လျှောကျနေသဖြင့် နေအိမ်နှင့်ဓာတ်တိုင်ကြားရှိ ကုက္ကိုပင်ပေါ်သို့တင်ရန် ကောက်ကိုင်ရာမှ ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ကုန်းဇောင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/8746 Toyota Mark II LX100, S/L(4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၆၀၆၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ကွာရှင်းပြတ်စဲခြင်း**

အင်္ဂပူမြို့နယ် ထူးကြီးမြို့ ဝါဆိုလမ်းနေ မောင်နိုင်ဇော် ၁၄/အဂပ(နိုင်)၂၃၃၀၃၀နှင့် မခင်မေဦး ၁၄/အဂပ(နိုင်) ၂၃၃၁၅၆တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၇-၈-၂၀၁၆ ရက်မှစ၍ နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**မောင်နိုင်ဇော်**
**၁၄/အဂပ(နိုင်) ၂၃၃၀၃၀**

**အမည်မှန်**

ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဖြူးရွာသစ်ရပ်၊ အိမ်အမှတ် ၈/၄၀၄နေ(ဘ)ဦးစံကျော်၏သား ဦးသန့်ဇော်မင်း၏ အမည်မှန်မှာ ဦးသန်းဇော်မင်း ၁၃/ကမန(နိုင်)၀၆၇၁၀၀ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်မင်း ၁၃/ကမန (နိုင်)၀၆၇၁၀၀**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅ လမ်း၊ အမှတ် ၁၁၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ ဒုတိယထပ်(ခေါင်းရင်းခန်း) တိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်မြင့်မြင့်စော ၁၂/လမန(နိုင်)၀၁၆၂၂၀-ဦးမြင့်စိန် ၁၂/ဥကမ(နိုင်)၁၂၀၆၃၁တို့ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၅၀၃၇၈၇၅**

**ကန့်ကွက်နိုင်ပါကြောင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အမှတ် ၂၁၁၊ ၂၉လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြားရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းရုံးဖွင့်လှစ်ထားသော အဆောက်အအုံနှင့်မြေအား မူလပိုင်ရှင်များဖြစ်ကြသည့် ဒေါ်ခင်မမ၊ ဒေါ်ကြင်သောင်းနှင့် ဦးသန်းထိုက်တို့မှ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနထံသို့ ပြန်လည်တင်ပြတောင်းခံသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများနှင့် တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းထိုက်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ရုံးချုပ်၊ နေပြည်တော်**
**စိစစ်ရေးမှူး-၂ ရာထူးရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၇၉)နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စည်းကမ်းနှင့်ညီညွတ်သော လျှောက်ထားသူများမှ လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

| စာမေးပွဲကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် | စာဖြေဌာန |
|---|---|---|---|
| ၂၁-၈-၂၀၁၆ (တနင်္ဂနွေနေ့) | နံနက် ၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ | မေးခွန်းလွှာ(၁) မြန်မာစာနှင့် အင်္ဂလိပ်စာ | အထက-၅၊ ၆၊ ၈ နေပြည်တော် |
| | မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ | မေးခွန်းလွှာ(၂) အထွေထွေဗဟုသုတ | |

၂။ **ယူဆောင်လာရမည့် စာရွက်စာတမ်းများ**
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)
(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း(မူရင်း)များ

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်း(မူရင်း)များကို ယူဆောင်လာရန်ပျက်ကွက်ပါက ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် ခွင့်ပြုမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်များနှင့်ဖြေဆိုရမည့် စာစစ်ဌာနနေရာများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂၆)၊ နေပြည်တော်တွင် ၁၀-၈-၂၀၁၆ရက်၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်ပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ ရုံးချုပ်တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၅၃၀၊ စစ်ကိုင်း-၀၇၁-၂၄၁၀၇၊ တနင်္သာရီ-၀၅၉-၂၃၉၀၄၊ ပဲခူး-၀၅၂-၂၂၀၀၀၉၉၊ မကွေး-၀၆၃-၂၇၄၈၈၊ မန္တလေး-၀၂-၇၄၈၂၉၊ ရန်ကုန်-၀၁-၂၃၇၅၆၈၊ ၀၁-၂၃၇၅၄၉၊ ဧရာဝတီ-၀၄၂-၂၃၆၁၄၊ ကချင်-၀၇၄-၂၉၄၄၂၊ ကယား- ၀၈၃-၂၄၀၀၂၁၊ ကရင်-၀၅၈-၂၂၆၈၅၊ ချင်း-၀၇၀-၂၂၂၀၄၊ မွန်-၀၅၇-၂၄၀၆၄၊ ရခိုင်-၀၄၃-၂၂၉၁၃၊ ရှမ်း-၀၈၁-၂၀၁၈၃၈တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် (www.mof.gov.mm)တွင်လည်း လွှင့်တင်ထားမည်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုသူများသည် စာစစ်ဌာနများဖြစ်သော အထက(၅)၊ အထက(၆)၊ အထက(၈) နေပြည်တော်သို့ ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| (က) | နဝဒေးဆောင်အကြီးစားမွမ်းမံခြင်းလုပ်ငန်း (ရေ/မီး အပါအဝင်) (၁၃၈'×၃၀')(၂)ထပ်(အုတ်ညှပ်) |
| (ခ) | သင်တန်းသားအိပ်ဆောင်အခန်းဖွဲ့စည်းခြင်းလုပ်ငန်း (Smart Board) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၈-၂၀၁၆ရက်မှ ၃၀-၈-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာများကို ၃၀-၈-၂၀၁၆ရက် နံနက် ၁၁နာရီနောက်ဆုံးထား လက်ခံ၍ ၁၃း၃၀ နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းကို တစ်ရက်တည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းစီအတွက် သတ်မှတ်တင်ဒါ အာမခံစပေါ်ငွေကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ပေးသွင်းပြီး ငွေပေးသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၆၂၆၀၆၇၊ ၀၁-၆၂၆၀၆၈ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူရေးအဖွဲ့**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

# ချောက်မြို့နယ်၌ ရေဘေးရှောင် ကျွဲနွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

**ချောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) ဒေါက်တာ ရဲထွန်းဝင်းနှင့် မကွေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါက်တာဝင်းမောင်တို့၏ အစီအစဉ်ဖြင့် ရုံးချုပ်မှညွှန်ကြားရေးမှူး ဒေါက်တာ မောင်မောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးနိုင်၊ ဒုတိယဦးစီးမှူး ဒေါက်တာလောဟာနီးရှိန်း၊ ချောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးလင်း၊ ဒုတိယဦးစီးမှူး ဒေါက်တာအောင်ဆန်းမင်းနှင့် ကျေးလက် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများ ပူးပေါင်း၍ရေဘေးရှောင် ကျွဲ၊ နွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၆ ရက်ကစတင်ကာ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် မြို့နယ်အတွင်းရှိ ရေဘေးရှောင် ဆေးကုသရေးစခန်း (၁) တွင် ရှင်ပင်စာကြိုဘုရားစုရပ်မှ နွားအကောင် ၁၈၀၀၊ ဆေးကုသရေးစခန်း (၂)တွင် ညောင်ဖွာအုပ်စုရှိနွား ၄၅၇ ကောင်၊ ဆေးကုသရေးစခန်း (၃)တွင် ပခန်းငယ်ရွှေသာ မောင်းဘုရားစုရပ်မှနွား ၂၈၈ ကောင်၊ ကျွဲ ၁၈၂ ကောင်တို့ကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ကုသခြင်းများ၊ ထိခိုက်ဒဏ်ရာရရှိသောနွားများ ပြုစုကုသပေးခြင်းကို ဆောင်ရွက်ပေး၍ လိုအပ်သောဆေးဝါးများ ထောက်ပံ့မှုကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**

# မြစ်သားမြို့နယ် ကူမဲတွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးဝါးကုသ

**မြစ်သား ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲတိုက်နယ်တွင် ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက အဖွဲ့လိုက် စုပေါင်း၍ ဩဂုတ် ၇ ရက်မှစ၍ ရွှေဘုံသာကျောင်း ကေသီဦးမွှာရုံ၌ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ဆေးကုသပေးရာတွင် ကျောက်ဆည်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုး ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၁ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၄၄ ဦးတို့က အရေပြားအထူးကု၊ စိတ်ကျန်းမာရေး၊ ကလေးအထူးကု၊ မျက်စိ၊ ခွဲစိတ်၊ အထွေထွေ၊ အရိုးအထူးကု စသည်တို့ဖြင့် ကုသဌာန ၁၂ ဌာန ဖွင့်လှစ်ပြီး ဒေသခံလူနာ ၇၀၀ ကျော်အား စမ်းသပ်ကုသပေးကြောင်း သိရသည်။

အခမဲ့ကုသပေးသော ဆရာဝန်ကြီးများအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ မြို့မိမြို့ဖများက အားပေးကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ဇေယျာသီရိမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်းအား ဩဂုတ် ၆ ရက်က ခေတ်အေးကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်းအထောက်အကူဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ဆောင်ရွက်ရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးသန်းဇော်ဦးနှင့် ဝန်ထမ်းများက ခြောက်တန်းကောက်စိုက်စက်ဖြင့် စိုက်ပျိုးဆောင်ရွက်ပေးပြီး ခေတ်အေးကျေးရွာအုပ်စု စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ မန်နေဂျာ ဦးမျိုးမင်းထွေးနှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ လယ် ၁၀ ဧကတွင် ဆင်းသုခငါးဧက၊ မနောသုခငါးဧက စိုက်ပျိုးခဲ့ကြောင်းနှင့် မိုးစပါးစက်ဖြင့် စိုက်ပျိုးခြင်းအား ခေတ်အေးကျေးရွာအုပ်စုအတွင်းရှိ စပါးစိုက်တောင်သူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။



**မင်းမင်းလတ်(ရှုပဗေဒ)**

# လဟယ်လူငယ်သင်တန်းကျောင်း၌ သုတ/ရသစာအုပ်စာစောင်များ လှူဒါန်း

**ခန္တီး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် လဟယ်လူငယ်သင်တန်းကျောင်းသို့ သုတ/ရသစာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်က လူငယ်သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးရှားဆက်က စာအုပ်စာစောင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုး ခေါင်းစဉ်ဖြင့် နာဂတိုင်းရင်းသားလူငယ်လေးများအား ပညာပေးဆွေးနွေးခဲ့ပြီး သုတ/ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲ ကျင်းပရခြင်းမှာ လဟယ်လူငယ်သင်တန်းကျောင်းတွင် စာကြည့်တိုက်ဖြစ်ပေါ်ရေးကို ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် သုတ/ရသ စာအုပ်စာစောင် ၁၉၈ အုပ်ကို မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး (ပြန်/ဆက်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဆည်မြောင်းတာပေါင်များအားကြည့်ရှုစစ်ဆေး

**မိုးညို ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၃ ရက်က နတ်တလင်း-မိုးညိုလမ်းအတိုင်း မိုးညိုမြို့နယ် ဆုံကုန်းကျေးရွာအုပ်စု သံပုရာခုံကျေးရွာသို့ရောက်ရှိလာပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆည်မြောင်း လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဆည်မြောင်း ဦးစီးအရာရှိတို့နှင့်အတူ သံပုရာခုံရွာအနီးရှိ ဆည်မြောင်းတာပေါင်များကို ကြည့်ရှုစစ်ဆေးပြီးနောက် ညောင်ဝိုင်းကျေးရွာအုပ်စုရှိ ဘုရားကြီးကုန်း-ခအောင်းပင်တာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးအဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ပေါက်ကုန်း-ဆပုဂံတာသို့ရောက်ရှိကာ တာတမံထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရထားလမ်းကူးခုံးကျော်များ၌ ထိခိုက်/ဒဏ်ရာရမှုများ မဖြစ်စေရေး ခြေကျင်လျှောက်သူများနှင့် ယာဉ်မောင်းသူများ သတိပြုလိုက်နာရန် အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၈**

ရထားစီးခရီးသည်များ၊ ရထားလမ်းတစ်လျှောက်နေထိုင်သူများနှင့် ကားလမ်းကူး/လှည်းလမ်းကူးများတွင် ရထားဖြင့်ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မတော်တဆမှု ဒဏ်ရာရရှစ်ဦး၊ သေဆုံးတစ်ဦး၊ စည်းကမ်းမလိုက်နာမှု ဒဏ်ရာရ ၂၂ ဦး၊ သေဆုံး ၂၉ ဦး စုစုပေါင်း ဒဏ်ရာရ ၃၀၊ သေဆုံး ၃၀ ရှိခဲ့သည်။

သို့ဖြစ်ပါ၍ ရထားစီးခရီးသည်များ၊ ရထားလမ်းတစ်လျှောက်နေထိုင်သူများနှင့် ကားလမ်းကူး/လှည်းလမ်းကူးများတွင် ရထားဖြင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများမဖြစ်ပေါ်စေရန်အတွက် ရထားလမ်းကူးခုံးကျော် (Level Crossing) များ၌ ထိခိုက်/ဒဏ်ရာရ/သေဆုံးခြင်းများ မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်သူများ သတိပြုလိုက်နာရန် ဖော်ပြပါအချက်များ လိုက်နာကြပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

**ရထားလမ်းကူးခုံးကျော် (Level Crossing) များ၌ ထိခိုက်/ဒဏ်ရာရ/သေဆုံးခြင်းများမဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်သူများ သတိပြုလိုက်နာရမည့် အချက်များ -**

၁။ ရထားလမ်းကူးများတွင် အလျင်စလိုဖြတ်ကူးခြင်း၊ ရထားလာနေခြင်း ရှိ/မရှိကို ဂရုမပြုဘဲဖြတ်ကူးခြင်း၊ ဆင်ခြင်ကင်းမဲ့စွာ မောင်းနှင်ဖြတ်ကူးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများလုပါပြီ။

၂။ ရထားလာနေသည်ကို မြင်တွေ့လျက်နှင့် ရထားလမ်းကူးခုံးကျော်များကို အလျင်စလိုဖြတ်မကူးပါနှင့်၊ ရထားဖြင့်တိုက်မိပြီး သေနိုင်သည်။

၃။ ခြေကျင်ဖြတ်ကူးသူများသည် (ပုဆိုး၊ စောင်၊ ပဝါများ) ပတ်ထားပြီး ရထားလမ်းအနီးကပ်၍ရပ်မနေပါနှင့်။ (ပုဆိုး၊ စောင်၊ ပဝါများ) လေဟပ်၍ ရထားနှင့်ငြိပြီး ပါသွားလျှင် သေနိုင်သည်။

၄။ ဂိတ်တံခါးပိတ်ထားစဉ် ဂိတ်ဘေးဝဲ/ယာရှိနေရာများမှဝင်၍ ဇွတ်ဖြတ်မကူးပါနှင့် ရထားတိုက်မိပြီး သေနိုင်သည်။

၅။ ဂိတ်တံခါးအား တွန်းဖွင့်၍လည်းကောင်း၊ မောင်းတံတံခါးအောက်မှ ငုံ့ဝင်၍လည်းကောင်း ဖြတ်မကူးကြပါနှင့်၊ ရထားဖြင့်ထိခိုက်မိပြီး သေနိုင်သည်။

၆။ စက်တပ်ယာဉ် (မော်တော်ကား၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်၊ ထွန်စက်၊ ဂွန်ဒေါင်း) စသည့် မောင်းနှင်သူများသည် ဂိတ်ပိတ်ထားသည်ကို မြင်လျှင် ဂိတ်မရောက်မီရပ်ပါ။ အရှိန်ဖြင့် ဂိတ်တံခါးအနီးသို့ ဝင်ရောက်လာခြင်း မပြုပါနှင့်။ အရှိန်လွန်၍ ဂိတ်တံခါးအား တိုက်မိကာ ထိခိုက်ဒဏ်ရာရနိုင်သည့်အပြင် ရထားနှင့်တိုက်မိ၍လည်း သေနိုင်သည်။

၇။ ဂိတ်စောင့်မရှိသော ရထားလမ်းကူးခုံးကျော်များတွင် ဖြတ်မကူးမီရပ်ပါ။ ရထားလာနေခြင်း ရှိ/မရှိ ဘေးဘယ်/ညာကြည့်ရှု၍ ရထားဖြတ်သန်းရန် မရှိကြောင်းသေချာမှ ဖြတ်ကူးပါ။

၈။ စက်တပ်ယာဉ် မောင်းနှင်သူများသည် ရထားလမ်းကူးခုံးကျော်များတွင် ဂိတ်စောင့်မရှိခြင်း၊ ဂိတ်တံခါးမပိတ်ခြင်းများ တွေ့ရှိပါက ရထားလာနေခြင်း ရှိ/မရှိ ရပ်တန့်ကြည့်ရှုပြီးမှသာ ဖြတ်ကူးပါ။ ရထားလာနေသည်ကို တွေ့မြင်လျက်နှင့် လွတ်မည်အထင်နှင့် အလျင်စလိုဖြတ်မကူးပါနှင့်၊ ရထားနှင့်မလွတ်ကင်းဘဲ တိုက်မိလျှင် သေနိုင်သည်။

၉။ ရထားလမ်းကူးနေရာတွင် (ဝဲ/ယာ) မြင်ကွင်းကွယ်နေပါက ရထားလာနေခြင်း ရှိ/မရှိ သတိမမူဘဲ ဆင်ခြင်မှုကင်းမဲ့စွာ ဖြတ်မကူးပါနှင့်။ တိုက်မိပြီး သေနိုင်သည်။

၁၀။ ရထားလမ်းကူးနေရာမရောက်မီ တပ်ဆင်ထားသော "သတိပေးဘုတ်တိုင်" များကို ဂရုမပြု/သတိမမူဘဲဖြတ်မကူးပါနှင့် ရထားလာနေသည်နှင့် ကြုံတွေ့ပါက တိုက်မိပြီး သေနိုင်သည်။

၁၁။ ရထားလမ်းအားဖြတ်သန်း၍ တရားမဝင်လမ်းကူးများပြုလုပ်ပြီး ဆင်ခြင်မဲ့စွာ ဖြတ်ကူး/မောင်းနှင်/သွားလာခြင်းမပြုပါနှင့် ရထားနှင့်ထိခိုက်မိပြီး သေနိုင်သည်။

၁၂။ ခြေကျင်သွားလာဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်ဖြတ်ကူးသူများသည် အစောင့်မရှိသော ရထားလမ်းကူးအား ဖြတ်သန်းသွားလာစဉ် လက်ကိုင်ဖုန်းပြောဆိုခြင်း၊ နားကြပ်ဖြင့်သီချင်းနားထောင်ခြင်းများ မပြုလုပ်ပါနှင့် ရထားသံကိုမကြားရဘဲဖြတ်ကူးမိလျှင် တိုက်မိပြီးသေနိုင်ကြောင်း မြန်မာ့မီးရထားက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ဩဂုတ် ၇ ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒုတိယမြို့နယ်ပညာရေးမှူးနှင့် အထက၊ အလက၊ အမကကျောင်းအုပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# အစွမ်းထက် ဆေးမြင်းခွာ


ဒေါက်တာခင်ဖြူဖြူ (ဆေးသုတေသန)



မြန်မာနိုင်ငံတွင် မြင်းခွာပင်အမျိုးမျိုးရှိပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် စားသုံးနေသော မြင်းခွာပင်မှာ ရေမြင်းခွာ သို့မဟုတ် အောက်မြင်းခွာ သို့မဟုတ် မြင်းခွာအငယ်ဟု အမည်တွင်ပါသည်။ ဤမြင်းခွာပင်သည် ရေစပ်စပ်ရှိသောနေရာများတွင် အပြင်လိုက် ပေါက်လေ့ရှိပါသည်။ အဆစ်တိုင်းတွင် အမြစ်၊ အသီး၊ အရွက်၊ အပွင့်များထွက်ပြီး အမြစ်ကျရာ ပေါက်လေ့ရှိပါသည်။ မြင်းခွာရွက်ကို သုပ်စား၊ ကြော်စား၊ ဟင်းချက်စားခြင်းဖြင့်လည်းကောင်း၊ အတို့အမြှုပ်လုပ်၍လည်းကောင်း စားကြပါသည်။ မြင်းခွာနောက်တစ်မျိုးမှာ မြင်းခွာကြီးဖြစ်ပြီး အရွက်အပြားကြီး၍ ထူးခြားသည်မှာ မြင်းခွာအငယ်ကဲ့သို့ တစ်ဆစ်မှာ လေး၊ ငါးရွက် အစုလိုက်မပေါက်ဘဲ တစ်ဆစ်လျှင် တစ်ရွက်တည်း ထွက်ပါသည်။ ပန်းမြင်းခွာမျိုးသည် လေး/ငါးလက်မအထိ အပင်မြင့်ပြီး အရွက်မှာ နှလုံးပုံသဏ္ဌာန်ရှိကာ ထိုင်ဝမ်မြင်းခွာမှာမူ အရွက်စိမ်းစိမ်းအပြားကြီးကြီးနှင့် တစ်/နှစ်လက်မခန့်အထိ အချင်းရှိပါသည်။

ယခုတင်ပြမည့် ဆေးမြင်းခွာပင်ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် မြင်းခွာရွက်ပင်မျိုး မဟုတ်ပါ။ အပင်မှာ လူတစ်ရပ်အထိ မြင့်မားပြီး မြင်းခွာနှင့်တူသောဥများ အပင်ရင်းတွင် အုံဖွဲ့၍နေပါသည်။ ထိုဥတက်တစ်ခုကို ဖဲ့၍ကြည့်လျှင် ပကတိမြင်းတစ်ကောင်၏ ခွာအတိုင်း ရှိနေသောကြောင့် ဆေးမြင်းခွာပင်ဟု အမည်တွင်ခြင်းဖြစ်ပါသည်။

ရှင်နာဂသိန်၏ ဆေးအဘိဓာန်ကျမ်းတွင် ဤဆေးမြင်းခွာပင်ကို ဥတက်အရောင်အပေါ်မူတည်၍ အဖြူရောင်၊ အနက်ရောင်၊ အညိုရောင် သုံးမျိုးရှိကြောင်း ဖော်ပြထားပါသည်။ ဥတက်အရွယ်အစားမှာ နှစ်မျိုးရှိပါသည်။ လက်သီးဆုပ်တစ်ဝက်ခန့်ရှိသော ဥတက်အကြီးမျိုး၏ အပင်သည် လူတစ်ရပ်၊ လက်ခုပ်တစ်ဖောင်အထိ မြင့်ပါသည်။ ဥတက်အငယ်မျိုး၏ အပင်မှာ နှစ်ပေ၊ နှစ်ပေခွဲမျှသာ မြင့်မားပြီး အကြီးမျိုးဥတက်၏ လေးပုံတစ်ပုံခန့်သာ ရှိပါသည်။ ဆေးမြင်းခွာပင်ကို ယခုအခါ ပိုမိုလူသိများလာရခြင်းမှာ နိုင်ငံတော် သံဃာ့မဟာနာယကဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်ဘုရားကြီး)၏ ပဌာန်းတရားတော်တွင် ဆေးမြင်းခွာကို 'အရွယ်တင်နုပျိုစေသည်၊ ဆံပင်ဖြူကို ပြန်နက်စေသည်၊ အသက် ၁၆၀ ရှည်စေသောဆေး'ဟု ဆရာတော်ကြီးက တရားဟောကြားရင်း ထည့်သွင်းမိန့်ကြားတော်မူခဲ့ခြင်းကြောင့် ဖြစ်ပါသည်။



ဆေးမြင်းခွာပင်သည် တောင်ရိုး၊ တောင်ကြား၊ တောင်ကမ်းပါးယံများတွင် ပေါက်လေ့ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး ရွှေကျင်တစ်ဝိုက်ရှိ တောင်များ၊ မွန်ပြည်နယ် ကျိုက်ထီးရိုးတစ်ဝိုက် တောင်စွယ်တောင်တန်းများနှင့် ပဲခူးရိုးမ(အလယ်ရိုးမ)တောင်၊ ဒေးစွန်ပါတောင်တော်တစ်ဝိုက် စသည့်နေရာများတွင် ပေါက်ရောက်လေ့ရှိသည်။ ဆေးမြင်းခွာသည် ကျောက်ဘက်၊ နံရံဘက်ကို မျက်နှာမူ၍ ပေါက်လေ့ရှိသောကြောင့် ဥတက်များကို ရုတ်တရက် မမြင်ရဘဲ ရှိနေတတ်သည်။ ဆေးမြင်းခွာပင်တစ်ပင်၏ သက်တမ်းမှာ ရှစ်နှစ်ခန့် ကြာမြင့်လေ့ရှိပါသည်။ ဆေးမြင်းခွာဥတက်များကို ကျိုက်ထီးရိုးတောင်တော်ရှိ ဈေးဆိုင်များ၊ ရန်ကုန်မြို့ ကုန်ဈေးတမ်းလမ်းရှိ ပရဆေးဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ကြသည်။

ဆေးမြင်းခွာပင်အကြောင်း တင်ပြပြီးနောက် ဆေးမြင်းခွာ၏ လူသားများအတွက် ကောင်းကျိုးများကို တင်ပြလိုပါသည်။ ဆေးမြင်းခွာကို ရေသန့်သန့်ဖြင့် မပျစ်မကျဲသွေး၍ မျက်စိနှစ်လုံးကို ကွင်းပေးထားခြင်းဖြင့် မျက်စိစူးခြင်း၊ အောင့်ခြင်း၊ မျက်ရည်ပူကျခြင်းတို့မှ ကင်းဝေးပြီး မျက်စိအမြင် ကြည်လင်လာစေပါသည်။ နေခြောက်ခံထားသော ဆေးမြင်းခွာကို ဆန်ဆေးရေနှင့် သွေးလိမ်းလျှင် ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ယားယံဖုများ၊ မိတ်ဖုများ၊ အဖုအကျိတ်များကို သိသာစွာ ပျောက်ကင်းစေနိုင်ပါသည်။

အသက်အရွယ် ကြီးရင့်လာသူများနှင့် တစုံတရာ ထိခိုက်မှုများကြောင့် ဖြစ်ပေါ်သည့် အကြောမသန်မှုများ၊ ခြေလက်ကြွက်သား အားနည်းမှုများအတွက် ဆေးမြင်းခွာကို ဆန်ဆေးရေနှင့်သွေးပြီး လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါသည်။ ထို့အပြင် ဆေးမြင်းခွာဥတက်ကို အစိတ်အပိုင်းလေးများဖြစ်အောင် စိတ်ပိုင်းပြီး သန့်ရှင်းသောဆုံတွင် ညက်အောင်ထောင်း၍ ရလာသော ဆေးမြင်းခွာအဖတ်များကို ထိခိုက်ဒဏ်ရာရသော နေရာများတွင် တစ်နေ့နှစ်ကြိမ်မျှအုံပြီး ပတ်တီးစည်းပေးထားပါက ရက်မကြာမီ ပျောက်ကင်းသက်သာသွားစေပါသည်။

ဆေးမြင်းခွာဥတက်နှင့် နနွင်းကို ရောကြိတ်ပြီး နှမ်းဆီ သို့မဟုတ် ပုန်းရည်ကြီးနှင့် ဖျော်ပြီး မကြာမကြာ လူးပေးခြင်းဖြင့် အနာဖုပေါက်ခြင်း၊ ဝက်ခြံဖုများပေါက်ခြင်းတို့ကို ပျောက်ကင်းသက်သာစေနိုင်ပါသည်။ အပူရှပ်ခြင်း၊ ဖျားခြင်း၊ ရေချိုးမှားခြင်း၊ အအေးပတ်ခြင်းများကိုလည်း ဆေးမြင်းခွာဖြင့် ကုသပျောက်ကင်းနိုင်ပါသည်။ (အသုံးပြုပုံမှာ ဆေးမြင်းခွာ ၁၀ ကျပ်သားနှင့် ငရုတ်ကောင်း ငါးကျပ်သားကို ရေများများဖြင့်ကျို၍ ခပ်နွေးနွေးဖြစ်အောင်ထားပြီး ရေဝအောင် ချိုးပေးရပါမည်။)

အမျိုးသမီးများ ဓမ္မတာမမှန်မှု ကြုံခဲ့လျှင်လည်း ဆေးမြင်းခွာသုံးကျပ်သား၊ ပိတ်ချင်းသီးနှစ်ကျပ်သားကို အမှုန့်ပြုရောစပ်ပြီး ရေနွေးနှင့် တစ်ခွက်စာ ဆီးကင်းသီးအရွယ်မျှလောက်ဖြင့် နံနက်၊ ည နှစ်ခါသောက်ရန် လိုအပ်ပါသည်။ ဆေးမြင်းခွာငါးကျပ်သား၊ ရှောက်ရွက်အရင့် သုံးကျပ်သား၊ ရှောက်သီးတစ်လုံးတို့ကို ရေစိမ်ထားပြီး ခုနစ်ရက်ခန့်ထားကာ နေ့စဉ်ပုံမှန် သုံးကြိမ် ဟင်းစားဇွန်းဖြင့် သောက်ပေးခြင်းဖြင့် လေရောဂါများ သက်သာစေနိုင်ပါသည်။

သဘာဝအားဖြင့် လူတို့၏ ဇီဝကမ္မဖြစ်စဉ်တွင် ဓာတ်တိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ပစ္စည်းများဖြစ်သည့် Free radical များ ထွက်ပေါ်လျက်ရှိပါသည်။ ၎င်း Free radical များကြောင့် စိတ်ဖိစီးမှုများ၊ ရောဂါဘယများ ခန္ဓာကိုယ်တွင်ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် Free radical များကို ဖမ်းဆီးချေဖျက်စေနိုင်သော anti-oxidant(ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိ)များပါဝင်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများကို နေ့စဉ်စားသုံးပေးရပါသည်။ ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်သည့် သုတေသနတွေ့ရှိချက်အရ ဆေးမြင်းခွာသည် အိုးမင်းရင့်ရော်မှုဖြစ်ပေါ်စေနိုင်သော ဒြပ်ပေါင်းများကို ဖမ်းဆီးချေဖျက်ပေးနိုင်သည့် ဂုဏ်သတ္တိ(ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိ)ကို ပေးနိုင်သော Flavonoids, Polyphenols, Tannins တို့ ပါဝင်နေကြောင်း စမ်းသပ်တွေ့ရှိရပါသည်။ ထို့အပြင် ဆေးမြင်းခွာ၏ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိမှာ $IC_{50}$ 1.55 µg/mL ဖြစ်ပြီး ဗီတာမင် C ၏ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိ $IC_{50}$ 1.10 µg/mL ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဤသုတေသနတွေ့ရှိချက်အရ ဆေးမြင်းခွာတွင် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိကိုပေးနိုင်ပြီး အရွယ်တင်နုပျိုစေနိုင်သော အာနိသင်ရှိကြောင်း ဖော်ပြထားသည့် ရှင်နာဂသိန်ဆေးကျမ်းဂန်များ၏ ဖော်ပြချက်များနှင့်လည်း ကိုက်ညီမှုရှိကြောင်း တွေ့ရပါသည်။

၎င်းအပြင် ကြွက်ဖြူကလေးများကို အသုံးပြုပြီး ဆေးသုတေသနဦးစီးဌာနတွင် ဆေးမြင်းခွာ၏ အဆိပ်အာနိသင်ကို စမ်းသပ်ရာ လတ်တလောအဆိပ်အာနိသင်မရှိကြောင်း ($LC_{50} \geq 5g/kg$) တွေ့ရှိရပါသည်။ ထို့အပြင် သုတေသနရလဒ်များအရ ဆေးမြင်းခွာတွင် လူကိုအကျိုးပြုသော ဓာတ်များဖြစ်သည့် ကော့ပါး၊ ဇင့်၊ သံ၊ မဂ္ဂနိစ်နှင့် ခရိုမီယံဓာတ်များ(Cu 12.88 ppm, ref:20 ppm၊ Zn 51.32 ppm, ref:27.4ppm၊ Fe 25.28 ppm, ref: 20 ppm၊ Mn 19.08 ppm, ref: 200 ppm၊ Cr 0.532 ppm, ref: 2 ppm) ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

အထူးသဖြင့် ဇင့်ဓာတ်နှင့် သံဓာတ်သည် ပမာဏကြွယ်ဝစွာ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ကော့ပါးဓာတ်သည် ရောဂါပိုးမွှားများကို သေစေနိုင်ခြင်း၊ ဆံကေသာများ သန်စွမ်းတောက်ပြောင်စေခြင်း၊ ကိုယ်ခံစွမ်းအားမြင့်မားစေခြင်း၊ သွေးတွင်းအဆီများလျှော့ချပေးခြင်း အာနိသင်များရှိပြီး အဆစ်အမြစ်ရောင်ရမ်းခြင်းများကို သက်သာစေနိုင်ပါ သည်။ ဇင့်ဓာတ်သည် မှတ်ဉာဏ်ကောင်းစေခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားခြင်း၊ ထိခိုက်ဒဏ်ရာများကို လျင်မြန်စွာ အနာကျက်စေနိုင်ခြင်း၊ မျက်စိစွမ်းအား တိုးမြှင့်စေခြင်း၊ အမြင်ကြည်လင်စေခြင်း၊ ကိုယ်ခန္ဓာရှိ အရိုးများသန်မာစေခြင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါကို သက်သာစေခြင်း၊ အအေးမိနှာစေးခြင်းများ သက်သာစေနိုင်ခြင်း၊ ဝက်ခြံပေါက်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ခြင်း စသည့် အာနိသင်များရှိပါသည်။ ဆေးမြင်းခွာတွင်ပါသော သံဓာတ်သည်လည်း သွေးအားကောင်းစေခြင်း၊ ကျန်းမာသန်စွမ်းတက်ကြွစေခြင်းများအတွက် အထောက်အကူပြုပြီး ခရိုမီယမ်ဓာတ်သည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရာတွင် အထောက်အကူပြုပါသည်။ မဂ္ဂနိစ်ဓာတ်သည် အရိုးအဆစ်သန်မာပြီး အဆစ်အမြစ်ရောင်ရမ်းခြင်းကို သက်သာစေခြင်းအတွက် အထောက်အကူပြုစေပါသည်။ ထို့အပြင် သုတေသနပြုစမ်းသပ်ချက်များအရ ဆေးမြင်းခွာတွင် လူသားများအား အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတ်သတ္တုများဖြစ်သည့် ကဒ်မီယံ၊ လက်ဒ်၊ အာဆင်းနစ်တို့ လုံးဝမပါဝင်ကြောင်းကိုလည်း စမ်းသပ်တွေ့ရှိရပါသည်။

ထို့အပြင် ဆေးမြင်းခွာသည် ဆံပင်များကို သန်စွမ်းစေ၍ ဆံပင်ဖြူများကို ပြန်နက်စေနိုင်သော အာနိသင်ရှိသည်ဟု ရှေးမြန်မာ့ဆေးကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ ဆေးမြင်းခွာ၏ ဆံပင်ပြန်ပေါက်နိုင်ခြင်း အာနိသင်ကို နိုင်ငံခြားဂျာနယ်တစ်ခုဖြစ်သည့် ဓာတုဗေဒနှင့် ဆေးဝါးဆိုင်ရာ သုတေသနဂျာနယ်တွင်လည်း ဖော်ပြထားပါသည်။ ယခုအခါ ဆေးသုတေသနဦးစီးဌာနတွင်လည်း ဆေးမြင်းခွာ၏ ဆံပင်ပေါက်ခြင်းအာနိသင်ကို စမ်းသပ်လျက်ရှိပါသည်။

ထို့ကြောင့် အထက်ပါ သုတေသနစမ်းသပ်မှုများအရ ဆေးမြင်းခွာတွင် ပါဝင်သော ဓာတ်များသည် လူတို့၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုစေနိုင်ကြောင်းနှင့် လက်တွေ့စမ်းသပ်ထားသည့်အချက်များမှာ ကျမ်းဂန်များတွင် ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။ ဆေးမြင်းခွာသည် အမှန်တကယ် အသုံးဝင်သည့် ပျိုမြစ်နုပျိုစေသော ဆေးဖက်ဝင်အပင်ဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များနှင့်တကွ တင်ပြလိုက်ပါသည်။ ။

**ဆေးမြင်းခွာသည် ဆံပင်များကို သန်စွမ်းစေ၍ ဆံပင်ဖြူများကို ပြန်နက်စေနိုင်သော အာနိသင်ရှိသည်ဟု ရှေးမြန်မာ့ဆေးကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ ဆေးမြင်းခွာ၏ ဆံပင်ပြန်ပေါက်နိုင်ခြင်း အာနိသင်ကို နိုင်ငံခြားဂျာနယ်တစ်ခုဖြစ်သည့် ဓာတုဗေဒနှင့် ဆေးဝါးဆိုင်ရာ သုတေသနဂျာနယ်တွင်လည်း ဖော်ပြထားပါသည်။ ယခုအခါ ဆေးသုတေသနဦးစီးဌာနတွင်လည်း ဆေးမြင်းခွာ၏ ဆံပင်ပေါက်ခြင်းအာနိသင်ကို စမ်းသပ်လျက်ရှိပါသည်။**

**ကိုးကား**

**(၁) အရွက်မဟုတ်တဲ့ အစွမ်းထက်သိဒ္ဓိဝင် ဆေးမြင်းခွာ- မျိုးတင့်(ညောင်လေးပင်)**
**(၂) ဆေးမြင်းခွာပင်တွင်ပါဝင်သော ဒြပ်သတ္တုများနှင့် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိကို တိုင်းတာခြင်း သုတေသနစာတမ်း- ခင်ဖြူဖြူနှင့်အဖွဲ့**
**(၃) Activity of Angiopteris evecta for baldness treatment - Resmi M**

## ရေဘေးသင့်ပြည်သူများအား အစားအသောက်များ နေရာအရောက်ဖြန့်ဝေပေး

**သရက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျဉ်းကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာများတွင် ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ပြည်သူများနှင့် မြစ်ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များတွင်နေထိုင်သော ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၆ ရက်က အစားသောက်များ လိုက်လံဖြန့်ဝေပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများလည်း လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ပြည်သူများနေထိုင်ရာ တဲတိုက်များသို့လည်းကောင်း၊ ရေဝင်ရောက်လျက်ရှိသော်လည်း ဆက်လက်နေထိုင်လျက်ရှိသည့် နေအိမ်များသို့လည်းကောင်း သွားရောက်၍ ခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်များကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ ထို့အတူ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများကို နေရာအရောက် လိုက်လံဆောင်ရွက်ပေးခဲ့ကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ဒေသခံပြည်သူများ မွေးမြူထားသည့် နွားနှင့် ဝက်များကို ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

## သတင်းတိုများ

### ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်လည်ကျေးရွာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများအဖြစ် ကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တွင် ခြင်များမပေါက်ပွားနိုင်စေရန် ခြင်ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စာသင်ဝိုင်းပတ်ဝန်းကျင်တွင်လည်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြတ်စေတနာလူမှုရေးအသင်းနှင့် ဒါနသုခ လူမှုရေးအဖွဲ့ဝင်များ၊ အင်းတော်မြို့နယ် ပညာရေးဌာနမှ လက်ထောက်ပညာရေးမှူး ဦးသိန်းဆွေဝင်းနှင့် ဆရာ ဆရာမများ ပူးပေါင်းပါဝင်ပြီး ဩဂုတ် ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

### ကျိုင်းတုံ၌ စိုက်ပျိုးစရိတ်များထုတ်ချေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးစရိတ် အခက်အခဲမရှိစေရေးအတွက် ချေးငွေများကို ကျိုင်းတုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ချေးငွေများကို ဩဂုတ် ၅ ရက်က စတင်ထုတ်ပေးပြီး ကျေးရွာအုပ်စု ငါးခုမှ တောင်သူ ၂၁၈ ဦး၏ လယ်ယာမြေ ၆၅၇ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေစုစုပေါင်း ကျပ်သိန်းတစ်ထောင်ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**မောင်မောင်နိုင်(ကျိုင်းတုံ)**

### ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ ကမ်းနားနှင့် ကူးတို့ဆိပ် ရပ်ကွက်နှစ်ခုနှင့် မြို့နယ်အတွင်းမှ ဆန်တန်း၊ သက္ကယ်ကျွန်းနှင့် အိုးဘိုကျေးရွာအုပ်စုများတွင် ဩဂုတ် ၅ ရက်က ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အိမ်ခြေ ၆၀ ခန့်တွင် ရေဝင်ရောက်ပြီး ရေစီးကြောင့် နေအိမ်ပြိုကျမှုများလည်း ဖြစ်ပွားခဲ့ရာ ပြည်သူ ၂၄၆ ဦး ရေဘေးကြုံခဲ့ရကြောင်း သိရသည်။ အဆိုပါရေဘေးသင့်ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ဟသ်ာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းစိုးနှင့်အဖွဲ့များက ရေသန့်၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဆေးထုပ်များနှင့် ဆန်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ဇလွန်မြို့နယ်တွင် ဩဂုတ် ၅ ရက်က ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၃၈ ပေထက်ကျော်လွန်၍ ၄၁ ဒသမ ၄၅ ပေအထိ မြင့်တက်ခဲ့သည်။ **ငွေသန်း**



## မူးယစ်ဆေးဝါးအန္တရာယ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**သံတောင်ကြီး ဩဂုတ် ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် စီပင်ကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသားကျောင်းသူများ ပြင်ပဗဟုသုတ၊ အသိပညာများရရှိစေရန်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းစိုးနှင့် စီပင်ကလေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းတို့က အမှာစကားပြောကြားပြီး သံတောင်ရဲစခန်းမှူး ဒုရဲအုပ်မြင့်ဦးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး နော်လော်မူက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်ရှိ စာအုပ်စာပေများကို လာရောက်ဖတ်ရှုကြရန် တိုက်တွန်းဟောပြောခဲ့သည်။ ထို့နောက် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအကြောင်း ပညာပေး နံရံကပ်ဓာတ်ပုံများကို ဆက်လက်ပြသခဲ့ပြီး ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများနှင့် ရပ်မိရပ်ဖများက လေ့လာကြည့်ရှုခဲ့ကြသည်။
**(မြို့နယ် ပြန်/ဆက်)**

# ချောင်းရေလျှံ၍ ရွာအတွင်းရေဝင်ပြီး တိရစ္ဆာန်အချို့သေဆုံး

**ကန့်ဘလူ ဩဂုတ် ၈**

ကန့်ဘလူမြို့နယ်အတွင်း ဩဂုတ် ၄ ရက် ည ၈ နာရီခန့်မှ ဩဂုတ် ၅ ရက် နံနက် ၄ နာရီခန့်အထိ မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေရှင်ချောင်း ရေလျှံပြီး ရေရှင်ကျေးရွာအတွင်းသို့ ရေများဝင်ရောက်ကာ တိရစ္ဆာန် အချို့သေဆုံးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာအတွင်း ရေဝင်ရောက်မှုကြောင့် ဒေသခံပြည်သူများမွေးမြူထားသော ဆိတ်ခြောက်ကောင်သေဆုံးခဲ့ပြီး နွားကိုးကောင်မှာ ပျောက်ဆုံးလျက်ရှိကာ ထရံကာ၊ ဝါးကြမ်းခင်း နေအိမ်နှစ်လုံး ရေနစ်မြုပ်ပျက်စီးခဲ့သည်။ ရေဘေးကြုံတွေ့ရသည့် ကျေးရွာသို့ ကန့်ဘလူမြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်ဇော်၊ မြို့နယ်မွေး/ကုဒုတိယဦးစီးမှူးနှင့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဩဂုတ် ၅ ရက် နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး နေအိမ်များအတွင်း ရေဝင်ရောက်မှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ကူညီပေးလျက်ရှိသည်။



ကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကကြီးကြပ်ပြီး ရွှေဘိုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စောမျိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ တပ်မတော်ကြံစိုက်ပျိုးရေးတပ်မှ ဗိုလ်မှူးတေဇနှင့် တပ်ဖွဲ့ဝင်များ၊ ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့ဝင်များကလည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိကာ ရေဝင်ရောက်နေသည့် နေအိမ်များရှိ နွား၊ ဆိတ်၊ ဝက်စသည့် တိရစ္ဆာန်များကိုရေလွတ်ရာသို့ရွှေ့ပြောင်းပေးလျက်ရှိကြောင်းနှင့် ရေဘေးဒုက္ခသည်စခန်း ဖွင့်လှစ်ထားခြင်းမရှိကြောင်း သိရသည်။

ရေမြုပ်၍ပျက်စီးခဲ့သော နေအိမ်နှစ်လုံးမှ မိသားစုဝင်များမှာ ရေလွတ်ရာ ဆွေမျိုးများ၏ နေအိမ်များသို့ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး ရေရှင်ကျေးရွာသားများ စားသောက်ရန်အတွက် ကျီကျင်းကျေးရွာမှ ထမင်းထုပ် ၂၀၀၊ ရေကြည်ဦး ကျေးရွာမှ ထမင်းထုပ် ၁၀၀၊ ဇီးကုန်း(တ)ကျေးရွာမှ ထမင်းထုပ် ၅၀၀ ကို လှူဒါန်းထားကာ ကန့်ဘလူမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှလည်း ရေရှင်ကျေးရွာနေပြည်သူများ နှစ်ရက်စာ စားသောက်ရန်အတွက် တစ်တင်းခွဲဆန်အိတ် ၃၀၊ ဆီ ၁၆ ပိဿာနှင့် ဆား၊ ငပိ စသည့်ပစ္စည်းများ ထောက်ပံ့ပေးထားကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအကြောင်း မိတ်ဆက်အလုပ်ရုံဆွေးနွေး

**စစ်တွေ ဩဂုတ် ၈**

ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုအကြောင်း မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကို The Asia Foundation နှင့် Renaissance Institute တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရခိုင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက်က စတင်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်နှင့် ၇ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုအကြောင်း၊ မူဝါဒ၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအကြောင်း၊ နိုင်ငံသားများပါဝင်နိုင်သော ဘတ်ဂျက်ဖြစ်စဉ် စသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော် အထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်၏ အရေးကြီးပုံကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပတ်သက်ဆက်နွှယ်သူများ၊ မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုသိရှိနားလည်လာစေရန်၊ မူဝါဒစီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအကြား အချိတ်အဆက်ကို နားလည်လာပြီး ၎င်းတို့၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ဘတ်ဂျက်လေ့လာစောင့်ကြည့်ရေးလုပ်ငန်းတွင် နိုင်ငံသားများပါဝင်စေရန် ဆောင်ရွက်သည့်နည်းလမ်းများ ပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း The Asia Foundation မြန်မာပြည်ဌာနေရုံးမှ တာဝန်ရှိသူ Mrs Kin Ninh က ပြောသည်။

The Asia Foundation အနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာပြည်ဌာနေရုံးတစ်ခုကို နှစ်ပေါင်း ၅၀ အတွင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖောင်ဒေးရှင်း၏ အစီအစဉ်နှင့် စီမံကိန်းများသည် ဒေသတွင်းနှင့်လည်းကောင်း၊ ကမ္ဘာကြီးနှင့်လည်းကောင်း ပေါင်းစည်းရာတွင် တိုင်းပြည်၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်၊ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင် ပင်မအင်စတီကျူးရှင်းများနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးလုပ်ငန်းစဉ် အားကောင်းလာစေရန်၊ အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကနဦးလုပ်ဆောင်ချက်များကို ပံ့ပိုးကူညီရန်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် မူဝါဒဆိုင်ရာ သုတေသနနှင့် စာတမ်းများ ဖြန့်ဝေခြင်းမှတစ်ဆင့် သတင်းအချက်အလက်များကို ပြည်သူများ တိုး၍လက်လှမ်းမီလာစေရန် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နေကြောင်း သိရသည်။
**မြတ်ဝေ**



**မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့ကျေးရွာအုပ်စု ပြလို့ကွမ်းလောင်း(ရေ)နှင့် ညောင်ပင်ဆိပ်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၅၀၀၊ ၂၀ လီတာ ရေသန့်ဘူးကြီး ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၁၀၀ နှင့် ကွေကာအုတ်အထုပ် ၂၇၀၀ ကိုအောင်လံမြို့ ရခိုင်ပရိယတ္တိစာသင်တိုက် ဆရာတော်၊ နယ်မြေခံ တပ်ရင်းမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဩဂုတ် ၆ ရက်တွင် ကျေးရွာအရောက် သွားရောက်လှူဒါန်းစဉ်။**
(လှူဒါန်းရာတွင် လိုအပ်သည့်အကူအညီများကို ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ တပ်ရင်းမိသားစုများက ကူညီဆောင်ရွက်ပေးခဲ့သည်။)
**(မြို့နယ် ပြန်/ဆက်)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး မိုင်းရှူးမြို့၌ ဟောပြော

**မိုင်းရှူး ဩဂုတ် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် နားခံကျေးရွာ မူလွန်ကျောင်း၌ မူးယစ်ဆေးဝါးဆိုးကျိုး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးက လူကုန်ကူးမှုဖြစ်ပွားပုံနှင့် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်ကိုအန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း သိကောင်းစရာများကိုဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းယဉ်နှင့် ပြန်/ဆက် ဦးစီးဌာန ဒေါ်နန်းပန်းလှတို့က ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြီး ဒေါ်ခင်လေးလေးယုက စာဖတ်ရှိန်မြှင့်တင်ရေးရှင်းလင်းပြောကြားကာ ဓာတ်ပုံ၊ ပိုစတာနှင့်စာအုပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရတနာပူရ မြို့အင်းဝ

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ-ဇေယျာထွန်း

မြန်မာနိုင်ငံ၏ ထင်ရှားသော ရှေးဟောင်းမြို့တော်များအနက် အင်းဝမြို့ဟောင်းသည် နှစ်လေးရာနီးပါး သက်တမ်းရှည်ကြာခဲ့သည့် မင်းနေပြည်တော်ဖြစ်ပေသည်။ ရောဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်တို့ ဆုံရာနေရာတွင်တည်ရှိသော အင်းဝသည် အင်းကိုးအင်းကိုဖို့ပြီး တည်ထားသဖြင့် အင်းနဝမှ ရွေ့လျောကာ အင်းဝဟု ခေါ်ဆိုကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

အင်းကိုးအင်းမှာ ရေကြာအင်း၊ စနီးအင်း၊ ညောင်စောက်အင်း၊ ဝက်ချေးအင်း၊ ဥနှဲအင်း၊ လင်စံအင်း၊ အင်းမအင်း၊ ဘေးမဲ့အင်းနှင့် ဝမ်းဘဲအင်းတို့ ဖြစ်ကြသည်။ ငကျဉ်းအင်း၊ ကျောက်မော်အင်း၊ အင်းပူးအင်းနှင့် ဥနှဲအင်းဟူသော အင်းလေးအင်းကို မြေဖို့၍ အင်းဝကို တည်ခဲ့သည်ဟုလည်းဆိုကြသည်။ အင်းဝကို ရတနာပူရ၊ သန်လျက်ကျွန်း၊ သန်လျက်ခုံစသည်ဖြင့်လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ဒုဋ္ဌဝတီ(မြစ်ငယ်)မြစ်၏ အဝတွင် တည်ထားသဖြင့် ရှေးက အင်းဝကို အဝဟု အရေးများခဲ့သော်လည်း တစ်စီးရှင်သီဟသူမင်း လက်ထက်မှစ၍ အင်းဝဟု ခေါ်တွင်ခဲ့သည်။ ရောဝတီ၊ ဒုဋ္ဌဝတီနှင့် ယင်းမြစ်နှစ်စင်းကို ဆက်သွယ်ထားသည့် မြစ်သာချောင်းအကြား သုံးမြှောင့်ကျွန်းပေါ်တွင် တည်ထားသည့် အင်းဝသည် သန်လျက်ပုံစံဖြစ်နေပြီး မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ်တွင် တည်ရှိသည်။ အင်းဝမြို့ဟောင်းအား တံတားဦးမြို့မှ မြောက်ဘက် နှစ်မိုင်လေးဖာလုံနှင့် မန္တလေးမြို့မှ အနောက်တောင်ဘက် မိုင် ၂၀ အကွာ၊ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေတွင် တည်ထားခဲ့သည်။

အင်းဝသည် မြန်မာမင်းနေပြည်တော်များအနက် မြို့သက်တမ်းအရှည်ဆုံးဖြစ်ပြီး မင်းဆက်လေးဆက် နန်းစိုက်ခဲ့သည့် မြို့တော်ဖြစ်သည်။ အင်းဝနေပြည်တော်အား စစ်ကိုင်းမြို့ကိုတည်ထောင်ခဲ့သူ အသင်္ခယာစောယွန်း၏သမီး စိုးစံကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုးသတိုးတို့မှ ဆင်းသက်လာသည့် သတိုးမင်းဖျားက မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်(ခရစ်နှစ် ၁၃၆၄ ခုနှစ်)တွင် တည်ထောင်ခဲ့ကာ မြို့တည်မြန်မာသက္ကရာဇ်ကို 'ထုတ်ခွန်သာ အင်းဝတည်'ဟု မှတ်သားခဲ့ကြသည်။

အင်းဝတွင် ခေတ်ငါးခေတ်အတွင်း မင်း ၃၁ မင်း အုပ်စိုးခဲ့သည်။ ပထမအင်းဝခေတ်(ခရစ်နှစ် ၁၃၆၄-၁၅၅၄)တွင် မင်း ၁၇ ပါး၊ ဒုတိယ အင်းဝခေတ်ဟု ဆိုကြသည့် ညောင်ရမ်းခေတ်(ခရစ်နှစ် ၁၅၉၇-၁၇၅၁)တွင် မင်း ၁၀ ပါး၊ တတိယအင်းဝခေတ်(ခရစ်နှစ် ၁၇၆၃-၁၇၈၂)တွင် မင်းသုံးပါးနှင့် စတုတ္ထအင်းဝခေတ်(ခရစ်နှစ် ၁၈၁၉-၁၈၄၇)တွင် မင်းတစ်ပါးတို့ဖြစ်ကြောင်း အင်းဝရှေးဟောင်းသုတေသနပြတိုက်တွင် ရေးသားပြသထားသည်။ ထို့အတူပင် အင်းဝခေတ်တွင် ထင်ရှားသောစာဆိုတော်များ အများအပြားပေါ်ထွန်းခဲ့ရာ ပထမအင်းဝခေတ်တွင် စာဆို ၂၃ ဦး၊ ဒုတိယအင်းဝခေတ်တွင် ၁၂ ဦး၊ တတိယအင်းဝခေတ်တွင် ကိုးဦးနှင့် စတုတ္ထအင်းဝခေတ်တွင် ဆရာတော်ဦးဗုဒ် အပါအဝင် ငါးဦး စုစုပေါင်းစာဆိုတော် ၄၉ ဦး ဖြစ်သည်။

သတိုးမင်းဖျားသည် အင်းဝကိုမတည်ထောင်မီ ဘထွေးတော်မင်းပျောက်နှင့် နောင်တော် ဥဇနာပြောင်တို့ကို လုပ်ကြံခဲ့ပြီး ပင်းယတွင် မင်းပြုခဲ့သည်။ သို့သော်လည်း သတိုးမင်းဖျားသည် မင်းဖြစ်ပြီးမကြာမီ ပင်းယသည် မြို့အနေအထားမကောင်းသဖြင့် ရန်သူကိုမလုပ်ကြံသာဟု ယူဆကာ မြို့တော်ကို အင်းဝသို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး အင်းကြီးလေးအင်းကို မြေဖို့ခဲ့သည်။ မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ (ခရစ်နှစ် ၁၃၆၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်)တွင် ရတနာပူရ မြို့အင်းဝနှင့် နန်းတော်ကို စတင်တည်ဆောက်ခဲ့သည်။



သတိုးမင်းဖျားသည် အင်းဝတွင် သုံးနှစ်နန်းစံကာ နတ်ရွာစံခဲ့ပြီးနောက် မင်းကြီးစွာစော်ကဲ၊ တရဖျား၊ ပထမမင်းခေါင်၊ သီဟသူ၊ မင်းလှငယ်၊ ကလေးကျေးတောင်ညို၊ မိုးညှင်း၊ မင်းရဲကျော်စွာ၊ နရပတိကြီး၊ မဟာသီဟသူရ၊ ဒုတိယမင်းခေါင်၊ ရွှေနန်းကျော့ရှင်၊ သိုဟန်ဘွား၊ အုန်းဘောင်ခုံမှိုင်း၊ မိုးဗြဲနရပတိ၊ စည်သူကျော်ထင်တို့သည် အင်းဝတွင် ထီးနန်းစိုက်ခဲ့ကြသည်။ ပထမအင်းဝခေတ်၏ ၁၃ ပါးမြောက်မင်းဖြစ်သူ နရပတိသည် ခရစ်နှစ် ၁၅၁၀ ပြည့်နှစ်တွင် အင်းဝနန်းတော်ကို အလွန်လှပစွာ ပြန်လည်တည်ဆောက်ခဲ့သဖြင့် ရွှေနန်းကြော့ရှင်ဟု ထင်ရှားခဲ့သည်။ စည်သူကျော်ထင်နန်းတက်ပြီး သုံးနှစ်အကြာ ၁၅၅၄ ခုနှစ်တွင် ဘုရင့်နောင်သည် အင်းဝကို အောင်နိုင်ခဲ့ကာ စည်သူကျော်ထင်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် မြန်မာမင်းနေပြည်တော်သည် အင်းဝမှ ဟံသာဝတီသို့ ပြောင်းရွှေ့သွားခဲ့သည်။ နောင် ၄၃ နှစ်အကြာ ၁၅၉၇ ခုနှစ်တွင် ညောင်ရမ်းခေတ်ဟုခေါ်သည့် ဒုတိယအင်းဝခေတ် ပြန်လည်ပေါ်ထွန်းခဲ့ကာ အင်းဝသည် မင်းနေပြည်တော်ဖြစ်လာခဲ့သော်လည်း ၁၇၅၁ ခုနှစ်တွင် အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိသည် ဟံသာဝတီသို့ ခေါ်ဆောင်ခြင်းခံခဲ့ရပြီးနောက် အင်းဝမင်းဆက် ပြတ်ခဲ့ရပြန်သည်။ ကုန်းဘောင်မင်းဆက် တတိယမြောက်ဘုရင်ဖြစ်သူ ဆင်ဖြူရှင်မြေဒူးမင်းသည် ၁၇၆၅ ခုနှစ်တွင် အင်းဝသို့ ပြောင်းရွှေ့နန်းစံခဲ့ရာ ၁၇၆၅ ခုနှစ်မှ ၁၇၈၃ ခုနှစ်အထိ ကာလကို တတိယအင်းဝခေတ်ဟု ဆိုကြသည်။ ဗဒုံမင်းလက်ထက် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အတွင်း နေပြည်တော်သည် အမရပူရဖြစ်ခဲ့ပြီး ဘကြီးတော်လက်ထက်တွင် အင်းဝသို့ ပြန်လည်နန်းစိုက်ခဲ့သဖြင့် ၁၈၂၃ ခုနှစ်မှ ၁၈၃၇ ခုနှစ်အထိ မင်းနေပြည်တော် ပြန်ဖြစ်လာခဲ့သည်။

မြန်မာ့သမိုင်းတွင် မင်းနေပြည်တော် လေးကြိမ်ဖြစ်ခဲ့သည့် အင်းဝသည် မြေနိမ့်ပိုင်းတွင်တည်ထားသဖြင့် မြစ်ရေလျှံတက်ချိန်များတွင် မြို့တွင်းသို့ ရေများဝင်ရောက်လေ့ရှိခဲ့သည်။ ရေများလျှံတက်လေ့ရှိသည့်တိုင် အင်းဝကို မင်းနေပြည်တော်အဖြစ် လေးကြိမ်တိုင် တည်ထောင်ခဲ့ခြင်းသည် မြစ်သုံးတန် ဝိုင်းပတ်နေသဖြင့် ရန်သူအန္တရာယ်မှ ကင်းဝေးနိုင်သည်ဟု မြန်မာမင်းများက ယူဆခဲ့ကြဟန်ရှိပေသည်။ ထို့အပြင် အင်းဝသည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းကို ရောဝတီမြစ်ကြောင်းဖြင့် ဆက်သွယ်နိုင်သည့် အချက်အချာနေရာတစ်ခု ဖြစ်ခဲ့သကဲ့သို့ အရှေ့ဘက် တရုတ်ပြည်၊ ယူနန်နှင့် အနောက်ဘက် အိန္ဒိယတို့မှလာသည့် လမ်းကြောင်းများ ဆုံရာအရပ်လည်း ဖြစ်ခဲ့သည်။

အင်းဝမြို့ဟောင်းကို ထုထည်ကြီးမားသည့် မြို့ရိုးနှစ်ထပ် တည်ဆောက်ထားရာ အတွင်းမြို့ရိုးသည် အပြင်မြို့ရိုးထက် ပိုမိုခိုင်ခန့်ကြီးမားသည်။ အပြင်မြို့ရိုးသည် လေးမိုင်အဝန်းရှိ၍ အတွင်းမြို့ရိုးသည် အဝန်းတစ်မိုင်ရှိသည်။ အင်းဝကို မူလတည်ထောင်စဉ်က မြို့ရိုးတစ်ခုသာရှိခဲ့သော်လည်း ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝကို ၁၇၆၅ ခုနှစ်တွင် တည်ထောင်ခဲ့ချိန်တွင် မြို့ဟောင်းကိုတိုးချဲ့၍ မြို့ရိုးတစ်ခု ထပ်မံတည်ဆောက်ခဲ့သဖြင့် မြို့ရိုးနှစ်ထပ် ဖြစ်လာခဲ့သည်။ ဆင်ဖြူရှင်မြေဒူးမင်းတည်ခဲ့သည့် အင်းဝသည် တာဝန်း ၂၇၅၀ ရှိခဲ့သည်။

အင်းဝကို စတင်တည်ထောင်ခဲ့စဉ်က မြို့တံခါးကိုးခုရှိခဲ့ပြီး တံခါးအသစ် ၁၄ ခုကို အရှေ့ဘက်တွင် ဇင်းမယ်၊ မုတ္တမ၊ မိုးကောင်း၊ စိတ္တကုဋ္ဌ်ဟူ၍ တံခါးလေးပေါက်၊ အနောက်ဘက်တွင် ဂန္ဓလရာဇ်၊ ကျိုင်းရဲ၊ စန္ဒပူရီ၊ ကျိုင်းရုန်းဟူ၍ တံခါးလေးပေါက်၊ မြို့တောင်ဘက်တွင် ကိုင်းမား၊ ဟံသာဝတီ၊ မျဉ်းတဲ၊ ကုန်းဘောင်ဟူ၍ တံခါးလေးပေါက်နှင့် မြောက်ဘက် ရောဝတီမြစ်ကမ်းတွင် တနင်္သာရီနှင့် ယိုးဒယား တံခါးနှစ်ပေါက် ဖောက်လုပ်ခဲ့သည်။ မူလ အင်းဝမြို့ဟောင်းတွင် ကလေး၊ စံရာ၊ ဝင်းမနား၊ ကျော်ဘုံ၊ သာစည်၊ ဦးတည်၊ အောင်ထွန်း၊ မာန်အောင်၊ ခေါင်းဆေးဟူ၍ တံခါးကိုးပေါက်နှင့်ပေါင်းလျှင် စုစုပေါင်း တံခါး ၂၃ ပေါက် ရှိလာခဲ့သည်။ ရောဝတီမြစ်ဘက်ရှိ ခေါင်းဆေးတံခါးပေါက်သည် မြန်မာဘုရင်များ ရောဝတီမြစ်တွင် ခေါင်းဆေးမင်္ဂလာပြုလျှင် မြို့တွင်းမှထွက်သည့်တံခါးပေါက်ဟု ဆိုကြသည်။


မူလတည်ခဲ့သည့် အတွင်းမြို့ရိုးသည် ဖြောင့်တန်းသော်လည်း နောက်မှတည်သည့် အပြင်မြို့ရိုးတွင် အချိုးအကွေ့များ ရှိခဲ့သည်။ ဆင်ဖြူရှင် မြေဒူးမင်းတည်ခဲ့သည့် အင်းဝအပြင်မြို့ရိုးသည် အရှေ့ဘက်တွင် မော်ယွန်းဟုခေါ်သည့် အချိုးအကွေ့ငါးခု၊ အနောက်ဘက်တွင် ၁၁ ခု၊ တောင်ဘက်တွင် ကိုးခု၊ မြောက်ဘက်တွင် ငါးခု၊ စုစုပေါင်း မော်ယွန်းချိုး ၃၀ ရှိခဲ့သည်။ မြေဒူးမင်း၏သားတော် စဉ့်ကူးမင်းလက်ထက်တွင် မြောက်ဘက်မြို့ရိုး မော်ယွန်းနှစ်ချိုး လျှော့ခဲ့သဖြင့် ယခုအချိန်အထိ ၂၈ ချိုးကိုသာ မြင်နိုင်ပေသည်။ အင်းဝမြို့ဟောင်း၏အလယ်တွင် နန်းတော်ရာရှိခဲ့သော်လည်း နန်းတော်အဆောက်အအုံအကြွင်းအကျန်များ မကျန်ရှိတော့ပါချေ။ သို့သော် မြန်မာဘုရင်များ၏ နန်းတော်ရာများတွင် တွေ့ရလေ့ရှိသည့် နန်းမြင့်မျှော်စင်ဟောင်းကြီးကို ယနေ့တိုင် တွေ့မြင်နိုင်ကြပေသည်။ ပေ ၉၀ မြင့်သည့် အင်းဝနန်းမြင့်မျှော်စင်ကို ဘကြီးတော်မင်းက ၁၈၂၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ၁၈၃၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သောငလျင်ကြောင့် အပေါ်ပိုင်းအဆောက်အအုံ ပြိုကျခဲ့ကာ မြောက်ဘက်သို့ အနည်းငယ်စောင်းသွားခဲ့သည်။ ယခုအခါတွင် မျှော်စင်ကို မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထားသဖြင့် အင်းဝနန်းမြင့်မျှော်စင်သည် ၁၉ ရာစုအစောပိုင်း မြန်မာ့ဗိသုကာလက်ရာ ပုံစံတစ်ခုအဖြစ် တည်ရှိနေသည်။ မျှော်စင်ပေါ်သို့တက်သည့် လှေထောင့်ပတ်လမ်းကို ပြန်လည်တည်ဆောက်ထားသော်လည်း မျှော်စင်ကြံ့ခိုင်မှုအတွက် မျှော်စင်ပေါ်သို့တက်ရောက်ခွင့်ကို တားမြစ်ထားသည်။ နန်းမြင့်မျှော်စင်အနီးတွင် မျှော်စင်တည်ဆောက်ခဲ့သည့် မူလအုတ်တိုင်ကြီးများကို မြင်တွေ့ကြရသည်။ မျှော်စင်၏အနောက်ဘက်တွင် ရေကန်ဟောင်းတစ်ခုရှိပြီး ဒေသခံများက ယင်းကန်ကို စကြာမင်းကလေး ရေကစားခဲ့သည့်ကန်ဟု အစဉ်အဆက်ယူဆထားကြသည်။

အင်းဝမြို့ဟောင်းကို တည်ခဲ့စဉ်က အတွင်းအပြင် ကျုံးနှစ်ထပ်ရှိခဲ့ရာ မြောက်ဘက်တွင် ရောဝတီမြစ်ကြီးကို သဘာဝကျုံးအဖြစ် ထားရှိခဲ့သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တိုင်းထွာမှတ်တမ်းတင်ခဲ့သောစာရင်းများအရ အင်းဝမြို့ဟောင်းတွင် ရှေးဟောင်းအဆောက်အအုံ ဘုရား၊ စေတီ၊ ပုထိုး ၃၀၀ ရှိသည်။ ယင်းတို့အနက် သစ်တပ်မြို့ရိုး၊ ကျော်ဘုံတံခါး၊ မဟာဇေယျပထတံတား၊ နန်းမြင့်မျှော်စင်၊ ဆင်ကျုံးခံတပ်၊ မယ်နုအုတ်ကျောင်းဟုထင်ရှားသည့် အောင်မြေဘုံစံအုတ်ကျောင်း၊ ဗားကရာသစ်သားကျောင်းတိုက်နှင့် လေးထပ်ကြီးဘုရား၊ လောကသရဖူစေတီတော်တို့သည် အထူးထင်ရှားပြီး ပြည်တွင်းပြည်ပခရီးသည်များ၊ သုတေသီများ အလွန်စိတ်ဝင်စားသည့် သမိုင်းဝင်နေရာများ ဖြစ်ကြသည်။

အင်းဝသည် ခရစ်နှစ် ၁၃၆၄ ခုနှစ်မှ ၁၇၅၁ ခုနှစ်အထိ နှစ် ၄၀၀ နီးပါး သက်တမ်းရှည်ကြာခဲ့သဖြင့် အင်းဝမြို့ဟောင်းတွင် ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများကို မြင်တွေ့နိုင်သည်။ အင်းဝမြို့ဟောင်းအတွင်း နံရံဆေးရေးပန်းချီများရှိသော ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာများရှိသော ဘုရားခုနစ်ဆူနှင့် ကြေးခေါင်းလောင်းစာများရှိသော ဘုရားသုံးဆူရှိခဲ့ကြောင်း သိရှိရသည်။

အင်းဝမြို့ဟောင်းတွင် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် သာသနိက အဆောက်အအုံများကို နေရာအနှံ့ တွေ့ရှိနိုင်ကြသည့်အနက် မယ်နုအုတ်ကျောင်းသည် လွန်စွာခမ်းနားကြီးကျယ်သော ဘုန်းတော်ကြီးကျောင်းကြီးတစ်ခု ဖြစ်သည်။ စတုတ္ထအင်းဝမြို့တော်ကို ထူထောင်ခဲ့သော ဘကြီးတော်နှင့် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုတို့ ဆောက်လုပ်ခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်းသည် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုး၏ အရှေ့မြောက်၊ ထီးလှိုင်ဘုရား၏မြောက်ဘက်တွင် တည်ရှိသည်။

အလျား ၁၉၂ ပေ၊ အနံ ၁၁၂ ပေ၊ အမြင့် ၉၄ ပေရှိသည့် မယ်နုအုတ်ကျောင်းကြီးကို ခြောက်နှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့ရပြီး ကုန်းဘောင်ခေတ်မြန်မာ့ဗိသုကာလက်ရာနှင့် ပန်းပုအပြောက်အမွမ်းများကို မြင်တွေ့နိုင်သည်။ အုတ်အင်္ဂတေလက်ရာများဖြင့် အနုစိတ်ခြယ်မှုန်းထားသည့် အုတ်ကျောင်းတော်ကြီး တည်ဆောက်မှုအတွက် ထိုခေတ်ကာလငွေ ကျပ်သုံးသိန်းကျော် ကုန်ကျခဲ့သည်။ အုတ်ကျောင်းကြီး၏ ကျောင်းဦးပြာသာဒ်ဆောင်နှင့် အဆောင်မကြီးကို ကိုးပေခွာ၍ တည်ဆောက်ထားကာ ပြာသာဒ်ဆောင်ကိုမျက်နှာလေးဖက် ဖွင့်ထားသည်။ အဆောင်မကြီးကို ရဟန်းတော်များ သီတင်းသုံးနိုင်ရန် စကြံ ပတ်လမ်းများပတ်လျက် အခန်းများဖွဲ့စည်းထားသည်။ အုတ်ပေါင်းကူးဝင်ပေါက်များတွင် သစ်သားတံခါးများကို ပတ္တာများမသုံးဘဲ သံချောင်းအူတိုင်ကို တံခါးရွက်တွင်တွဲထားသည့် သံကွင်းများတွင်စွပ်၍ သပ်ရပ်ခိုင်ခံ့စွာ တပ်ဆင်ထားသည်။



အုတ်ကျောင်းကြီးကို မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက် (ခရစ်နှစ် ၁၈၂၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်)အင်္ဂါနေ့တွင် စတင်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်(ခရစ်နှစ် ၁၈၂၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်)အင်္ဂါနေ့တွင် ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းကြီးကို အောင်မြေဘုံစံဟု ကမ္ပည်းတင်၍ ဦးပိုဟု ထင်ရှားသည့် ပုညာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော်အား ရေစက်သွန်းချ လှူဒါန်းခဲ့သည်။ ထိုနေ့မှာပင် ပရိက္ခရာရှစ်ပါးနှင့် အဝတ်အစား၊ အသုံးအဆောင်များစွာ လှူဒါန်းစွန့်ကြဲပြီး ပွဲသဘင်ကြီးစွာကျင်းပကာ အကျဉ်းသား ၆၈ ယောက်ကို အကျဉ်းမှလွှတ်ပေးခဲ့သည်။

ဆရာတော်ဦးပိုသည် ၁၈၃၀ ပြည့်နှစ် ဧပြီလတွင် ပျံလွန်တော်မူပြီးနောက် မင်းနှင့် မိဖုရားသည် အောင်မြေဘုံစံကျောင်းကြီးကို ညောင်ကန်ဦးဗုဓ်အား လှူဒါန်းခဲ့သည်။ ဒုတိယအုတ်ကျောင်းဆရာတော်ဟု ထင်ရှားလာခဲ့သည့် ဦးဗုဓ်၏ ဘွဲ့အမည်သည် အရှင်ဇမ္ဗူဓဇ ဖြစ်သည်။ ဆရာတော်ဦးဗုဓ်သည် စကား၌လည်းကောင်း၊ တရား၌လည်းကောင်း အပြောအဟောနည်းပါးပြီး စာပေပရိယတ္တိကို မပြတ်မလပ် ကြည့်ရှုခြင်း၊ ပို့ချခြင်း၊ ကျမ်းပြုခြင်းဖြင့်သာ အချိန်ကုန်လွန်လေ့ရှိခဲ့ကာ သက်တော် ၅၅ နှစ်အရွယ် ခရစ်နှစ် ၁၈၄၂ ခုနှစ် မေလတွင် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ဦးဗုဓ်သည် ရဟန်းဝါ ၃၅ ဝါအတွင်း ပါဠိမြန်မာကျမ်းပေါင်း ၅၄ ကျမ်း ရေးသားစီရင်ခဲ့သဖြင့် သာသနာတော်နှင့် လောကအား အလွန်ကျေးဇူးများသော ပုဂ္ဂိုလ်ထူးဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာဝင်၌ ဗုဓ်အစ(ဗုဒ္ဓဘုရားရှင်)၊ ဗုဓ်အလယ် (ရှင်မဟာဗုဒ္ဓဃောသ)နှင့် ဗုဓ်အဆုံး(ဦးဗုဓ်)ဟု ဆိုခဲ့ကြသည်။ ဆရာတော်ဦးဗုဓ်သည် မယ်နုအုတ်ကျောင်းတွင် သီတင်းသုံးခဲ့စဉ် ကျမ်းပေါင်း ၄၀ ပြုစုခဲ့သည်။ ဆရာတော်ဦးဗုဓ်က နန်းမတော်မယ်နုအား သူမ၏နောက်ဆုံးအချိန်တွင် သူမလှူဒါန်းခဲ့သည့် ကျောင်းကြီးပေါ်၌ ပြောကြားဆုံးမခဲ့သည့် စကားတစ်ခွန်းသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သည်။

ဘကြီးတော်၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုအား ဘုရင့်နန်းကိုပုန်ကန်ရန် ကြံစည်မှုဖြင့် သာယာဝတီမင်းက ရေချစီရင်ရန် အမိန့်ချခဲ့သည်။ မယ်နုအားစီရင်မည့် မြန်မာသက္ကရာဇ် ၁၂၀၂ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် (ခရစ်နှစ် ၁၈၄၀ ပြည့်နှစ် မေလ ၁၂ ရက်) အင်္ဂါနေ့တွင် နန်းမတော်မယ်နုသည် မြို့ဝန်နှင့်ပါးကွက်သားများထံ သူမသေမီ ဆရာတော်ဦးဗုဓ်အား နောက်ဆုံးဖူးမြော်ခွင့်ပေးရန် တောင်းခံခဲ့သည်။ အုတ်ကျောင်းသို့ နန်းမတော်မယ်နု ရောက်ရှိလာချိန်တွင် ဆရာတော်ဦးဗုဓ်သည် စာကြည့်နေခိုက်ဖြစ်သည်။ မယ်နုက ဆရာတော်ကိုဦးချကာ 'သူ၏ အာဏာစက်ဖြင့် အဆုံးစီရင်ခြင်းခံရပါတော့မည်၊ ဤနေ့ကား ဆရာတော်ဘုရားကို နောက်ဆုံး ဖူးမြော်ကန်တော့ခြင်းဖြစ်ပါကြောင်း' လျှောက်တင်ခဲ့သည်။

ဆရာတော်က စာကြည့်နေရာမှ နန်းမတော်မယ်နုရှိရာသို့ မျက်နှာမူလိုက်ပြီး 'မိနု၊ သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်'ဟု အမိန့်ရှိပြီးသည်နှင့် ကျောင်းအမမယ်နုသည် ဆရာတော်ဦးဗုဓ်ကို ရှိခိုးဦးချကာ ကျောင်းပေါ်မှဆင်းခဲ့ပြီး ပါးကွက်သားများ ခေါ်ဆောင်ရာနောက်သို့ ရဲရဲကြီး လိုက်ပါသွားခဲ့တော့သည်ဟု စာရေးဆရာညိုမြက ကုန်းဘောင်ရှာပုံတော်ဝယ် သံဝေဂရဖွယ် ရေးသားခဲ့သည်။

မယ်နုအုတ်ကျောင်းသည် ၁၈၃၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော်လည်း နန်းမတော်မယ်နု၏ သမီးဖြစ်သူ ဆင်ဖြူမရှင်က ပြုပြင်ခဲ့သည်။ ဆင်ဖြူမရှင်သည် မင်းတုန်းမင်း၏ မိဖုရားတစ်ပါးဖြစ်သကဲ့သို့ စုဖုရားလတ်၏မိခင်လည်း ဖြစ်သည်။မယ်နုအုတ်ကျောင်းသည် ဇေတဝန်နှင့်ပြာသာဒ်ဆောင်ပါဝင်သည့် ဘုန်းတော်ကြီးကျောင်းအသွင် တည်ဆောက်ထားပြီး လက်ရာမြောက်သော ကုန်းဘောင်ခေတ်နှောင်း မြန်မာ့ဗိသုကာလက်ရာ၊ ပန်းရံနှင့်ပန်းတမော့လက်ရာများကြောင့် အင်းဝ၏ အထင်ရှားဆုံး ရှေးဟောင်းအမွေအနှစ်တစ်ရပ် ဖြစ်လာခဲ့ပေသည်။

အင်းဝသည် ပြည်တွင်းပြည်ပခရီးသွားများအကြား အလွန်ထင်ရှားသည့် ရှေးဟောင်းမြို့ဖြစ်သည်နှင့်အညီ မြန်မာလူမျိုးများ၏ ဂုဏ်ယူဖွယ်အမွေအနှစ်တစ်ရပ်အဖြစ် ကာလရှည်ကြာစွာ ရပ်တည်နေနိုင်ရန် ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးတန်ဖိုးထားသောစိတ်များဖြင့် ပြည်သူအားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅)**

**Historical Sites in Myanmar(U Aung Thaw)**

## မန်ယူကို ဖလားပြန်ယူပေးမယ်ဆိုတဲ့ မော်ရင်ဟို

မန်ယူအသင်းကို ဗန်ဟားလ်လက်ထဲကနေ လွှဲပြောင်းရယူခဲ့ရခြင်းမှာ ပရီမီယာလိဂ်ဖလားကို ရယူဖို့ဖြစ်တယ်လို့ နည်းပြ မော်ရင်ဟိုက ဆိုပါတယ်။ ပေါ်တူဂီသား မော်ရင်ဟိုအနေနဲ့ မန်ယူရဲ့ခံစစ်မဟာဗျူဟာကို အကောင်းဆုံးထူထောင်သွားဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဟာ မန်ယူအသင်းကို တိုးတက်တဲ့အသင်းကောင်းဖြစ်လာဖို့ အချိန်တိုင်းမှာ ကြိုးစားနေတယ်လို့ဆိုပါတယ်။ နည်းပြသစ် မော်ရင်ဟိုအနေနဲ့ ရာသီသစ်မစတင်မီမှာ အသင်းကိုအကောင်းဆုံးပြင်ဆင်နေတာပါ။ လူဟောင်းနေရာတွေမှာ လူသစ်တွေအစားထိုးတာတွေ အပါအဝင် နည်းစနစ်ပိုင်းကိုလည်း အကောင်းဆုံးပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ သူ့ရဲ့ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ မန်ယူအသင်းမှာ ကစားသမားသစ် ၂၀ လောက် ပါဝင်လာနိုင်ဖို့ရှိတယ်လို့ ဆိုပါတယ်။ မကြာမီမှာပဲ နာမည်ကြီးကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ပေါ့ဂ်ဘာကို ခေါ်ယူမှာဖြစ်ပါတယ်။ ပေါ့ဂ်ဘာဟာ မန်ယူကစားသမားဖြစ်လာဖို့ သေချာနေပါပြီ။ မော်ရင်ဟိုရဲ့ အခင်းအကျင်းသစ်တွေနဲ့ ပရီမီယာလိဂ်မှာ ဘယ်ပုံဘယ်နည်း ပွဲထွက်လာမလဲဆိုတာကတော့ စောင့်ကြည့်ရမယ့်အနေအထားပါပဲ။



## ဖလားရယူပေးခဲ့တဲ့ ရှမိုက်ကယ်ကို လက်စတာ ငါးနှစ်ထပ်မံစာချုပ်

ပြီးခဲ့တဲ့နှစ် ပရီမီယာလိဂ်မှာ လက်စတာအသင်းကို ဖလားရယူပေးခဲ့တဲ့ ဂိုးသမားကက်စပါရှမိုက်ကယ်ကို သူ့အသင်းက ငါးနှစ် ထပ်မံစာချုပ်လိုက်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ ဒိန်းမတ်လက်ရွေးစင်ဘောလုံးသမား ရှမိုက်ကယ်ဟာ ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းဘက်ကို အပိုင်ကန်သွင်းတဲ့ ဂိုးပေါက်တည့်ကန်သွင်းမှုများကို ကာကွယ်ပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ်က လက်စတာအသင်းကို ရောက်လာပြီးနောက် ပွဲပေါင်း ၂၀၀ ကျော်ပါဝင်ကစားခဲ့ပါတယ်။ ရှမိုက်ကယ်ဟာ ဒီစာချုပ်သစ်အရ ၂၀၂၀ ခုနှစ်အထိ လက်စတာအသင်းနဲ့အတူ ကစားခွင့်ရရှိမှာဖြစ်ပါတယ်။ ရှမိုက်ကယ်ဟာ မန်ယူနဲ့ ဒိန်းမတ် နာမည်ကြီးဂိုးသမားကြီး ပီတာရှမိုက်ကယ်ရဲ့သား ဖြစ်ပါတယ်။ သူဟာ လိဒ်ယူနိုက်တက်အသင်းကနေ လက်စတာအသင်းကို ပြောင်းလာခဲ့တာဖြစ်ပါတယ်။ ရှမိုက်ကယ်ဟာ ပြီးခဲ့တဲ့ရာသီက ဂိုးပေါက်အပိုင်ကန်သွင်းမှုပေါင်း ၁၅ ကြိမ်ခန့်ကို ကာကွယ်ပေးနိုင်ခဲ့တဲ့အတွက် လက်စတာအသင်းဟာ ဖလားဆွတ်ခူးနိုင်ရေး လမ်းကြောင်းပေါ် ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ ၂၀၁၃-၂၀၁၄ ရာသီကလည်း လက်စတာအသင်းကို ချန်ပီယံရှစ်ဖလားရအောင် ကူညီပေးခဲ့တယ်လို့ ဆိုပါတယ်။







# ဥရောပစူပါဖလား ဘယ်ရင်ခွင်မှာ နားခိုမလဲ

**၂၀၁၆ ဥရောပစူပါဖလားဘောလုံးပြိုင်ပွဲကို နော်ဝေနိုင်ငံ ထရွမ်ဟိန်းမြို့ လာကင်ဒယ်အားကစားကွင်းမှာ ဩဂုတ် ၉ ရက် ညပိုင်းမှာကျင်းပမှာဖြစ်ပြီး ချန်ပီယံလိဂ် ချန်ပီယံ ရီးရဲမက်ဒရစ်နဲ့ ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဥရောပတစ်ခွင်မှာ ဒီနှစ်ဘောလုံးရာသီရဲ့အစဖြစ်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ အလေးထားစောင့်ကြည့် အားပေးရဦးမယ့်ပွဲ ဖြစ်နေပြန်ပါတယ်။**

လက်ရှိချန်ပီယံလိဂ် ချန်ပီယံ ရီးရဲမက်ဒရစ်တို့ဟာ ဥရောပစူပါဖလားဘောလုံးပြိုင်ပွဲမှာ မှတ်တမ်းကောင်းရရှိထားတဲ့အသင်းဖြစ်ပြီး နှစ်ကြိမ်ဗိုလ်စွဲပြီး နှစ်ကြိမ်ဒုတိယရရှိထားတဲ့ အသင်းဖြစ်ပါတယ်။ ဥရောပစူပါဖလားသမိုင်းမှာ ရီးရဲမက်ဒရစ်နဲ့ ဆီဗီလာတို့ ၂၀၁၄ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့စဉ်က ရီးရဲမက်ဒရစ်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရပြီး ဗိုလ်စွဲခဲ့တဲ့ ဖြစ်ရပ်က ပူပူနွေးနွေးပဲ ရှိနေပါသေးတယ်။

ရီးရဲမက်ဒရစ်မှာတော့ အဓိကတိုက်စစ်မှူး စီရော်နယ်ဒို မပါဝင်နိုင်ဘဲ ကျန်တဲ့ကစားသမားတွေနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ နည်းပြဇီဒန်းက ပြောကြားနေပါတယ်။ ဒါကြောင့် ဆီဗီလာနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ကိုးပွဲမှာ ၁၃ ဂိုး သွင်းယူထားနိုင်တဲ့ စီရော်နယ်ဒို မပါဝင်နိုင်တာဟာ ရီးရဲမက်ဒရစ်အတွက် အားနည်းမှုဖြစ်ရသလို ဆီဗီလာအတွက်ကတော့ ကံကောင်းခြင်းတစ်ရပ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ရီးရဲမက်ဒရစ်ရဲ့ အဓိကအားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ဂါရက်ဘေးလ်နဲ့ ဘန်ဇီမာတို့လည်း ပါဝင်ဖို့မသေချာတာမို့ အခုပွဲဟာ နည်းပြဇီဒန်းအတွက်တော့ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ လက်ရှိနည်းပြ ဇီဒန်းဟာ ကစားသမားအဖြစ်နဲ့ ရီးရဲမက်ဒရစ်ကို ဥရောပစူပါဖလား ရယူပေးနိုင်ခဲ့သလို အခုနည်းပြအဖြစ်နဲ့လည်း ဥရောပစူပါဖလား ဆွတ်ခူးပေးနိုင်မလားဆိုတာကလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်တို့ရဲ့ လောလောဆယ် ရာသီအကြိုခြေစမ်းပွဲတွေမှာ ပြသနေတဲ့ ခြေစွမ်းအနေအထားကိုကြည့်ရင် ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာတာ မတွေ့ရသေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပီပီနဲ့ တိုနီခရူးစ်တို့လည်း ပါဝင်ကစားနိုင်မှာ မဟုတ်သေးဘူးလို့ နည်းပြဇီဒန်းက ပြောကြားနေတာမို့ ရီးရဲမက်ဒရစ်ရဲ့ ပွဲထွက်ကစားသမားစာရင်းက ပရိသတ်တွေအတွက် ကြိုတင်ရင်ခုန်စရာကောင်းနေပြန်ပါတယ်။ ဒီနှစ်နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ ရီးရဲမက်ဒရစ်က ကစားသမားအသစ်အနေနဲ့ မိုရာတာတစ်ဦးတည်းကို ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀ နဲ့ ခေါ်ယူခဲ့တာမို့ ခြေစွမ်းပိုင်းက တည်ငြိမ်နေမှာဖြစ်ပါတယ်။

ဆီဗီလာအသင်းကတော့ နည်းပြသစ် ဆမ်ပါအိုလီရဲ့ ကိုင်တွယ်မှုနဲ့ ၂၀၁၄ ခုနှစ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်ရေး စွမ်းဆောင်ဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ဥရောပစူပါဖလားကို တစ်ကြိမ်ဆွတ်ခူးခဲ့ဖူးပြီး နောက်ဆုံးကစားခွင့် သုံးကြိမ်ရရှိခဲ့ဖူးပေမယ့် အောင်မြင်မှုမရရှိခဲ့ပါဘူး။ ချီလီနည်းပြ ဆမ်ပါအိုလီရဲ့ ဆီဗီလာအသင်းဟာ အခုနှစ် ရာသီအကြိုခြေစမ်းပွဲတွေမှာ နိုင်ပွဲတွေချည်းရရှိထားပြီး တရားဝင်ပြိုင်ပွဲတစ်ရပ်ကို စတင်ဆင်နွှဲမယ့် အခုဥရောပစူပါဖလားပွဲမှာ ဆမ်ပါအိုလီရဲ့စွမ်းဆောင်မှုကို ပြသရတော့မှာ ဖြစ်ပါတယ်။

ဆီဗီလာအသင်းမှာ ဂါမိုင်ရို၊ ကာချိုဝီယက်၊ ကိုကီ၊ ရီယက်စ်တို့ အသင်းက ပြောင်းရွှေ့သွားပြီး နွေရာသီကစားသမားအပြောင်းအရွှေ့မှာတော့ ယူရို ၂၉ သန်းအကုန်အကျခံကာ ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်အားပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ဆီဗီလာတို့ တွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် ရီးရဲမက်ဒရစ်က ၉၆ ပွဲနိုင်ပြီး ဆီဗီလာက ၅၄ ပွဲနိုင်ကာ သရေပွဲ ၂၉ ပွဲဖြစ်ထားပါတယ်။ ဒီနှစ်ရဲ့ နောက်ဆုံးငါးကြိမ်တွေ့ဆုံခဲ့မှုကိုကြည့်ရင် ရီးရဲမက်ဒရစ်က လေးကြိမ်နိုင်ပြီး ဆီဗီလာက တစ်ကြိမ်နိုင်ထားပါတယ်။

လက်ရှိ ခြေစွမ်းအရ ဆီဗီလာတို့ ခြေစွမ်းကောင်းမွန်နေပြီး ရလဒ်တွေလည်း ကောင်းနေပါတယ်။ အသင်းလိုက်ကစားအားလည်း အမြင့်ဆုံးအနေအထား ရှိနေတာမို့ ရီးရဲမက်ဒရစ်တို့ ခက်ခဲမယ့်ပွဲပါ။ အဓိက ကစားသမားငါးဦးခန့် ပါဝင်နိုင်ဖွယ်မရှိတဲ့ ရီးရဲမက်ဒရစ်တို့ တစ်ဦးချင်းစွမ်းရည်ကောင်းမွန်မှုနဲ့ ကြိုးစားအားထုတ်မှုကြောင့် နိုင်ပွဲရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

❒ မိုးမြင့်လင်းလက် ❒

# စီရော်နယ်ဒို နေရာကို ရယူမယ့် ဂါရက်ဘေးလ်

လာမယ့်ရာသီမှာတော့ စီရော်နယ်ဒိုရဲ့ နေရာမှာ ဆက်ခံမယ့်သူဟာ ဂါရက်ဘေးလ် ဖြစ်လာလိမ့်မယ်လို့ ရီးရဲမက်ဒရစ် တာဝန်ရှိသူတွေက ဆိုပါတယ်။ ဂါရက်ဘေးလ်ဟာ စီရော်နယ်ဒိုရဲ့ အဓိကကစားသမားနေရာကို တာဝန်ယူလိမ့်မယ်လို့ ဆိုပါတယ်။

ဂါရက်ဘေးလ်နဲ့ သူ့ရဲ့ကစားဖော်တွေဟာ လာမယ့်ရာသီမှာ ရီးရဲမက်ဒရစ်အသင်းမှာ ဦးဆောင်ကစားနိုင်မယ်လို့လည်း ဆိုပါတယ်။ ဂါရက်ဘေးလ်နဲ့ စီရော်နယ်ဒိုဟာ ၂၀၁၆ ယူရိုပြိုင်ပွဲမှာ နှစ်ဖက်အသင်းတွေကို ဦးဆောင်ကစားခဲ့ကြသူတွေပါ။ စီရော်နယ်ဒိုအနေနဲ့ သူ့ရဲ့ပေါ်တူဂီအသင်းကို ယူရို ၂၀၁၆ ဖလားရယူပေးနိုင်ခဲ့သလို ဂါရက်ဘေးလ်အနေနဲ့လည်း ဝေးလ်အသင်းကို ဆီမီးဖိုင်နယ်အထိ ရောက်အောင်ပို့ပေးနိုင်ခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဂါရက်ဘေးလ်ဟာ လာမယ့်ရာသီမှာတော့ ရီးရဲမက်ဒရစ်ရဲ့စူပါစတားဖြစ်လာလိမ့်မယ်လို့ ပြောဆိုနေကြပါတယ်။



၂၀၁၆- ၂၀၁၇ ချန်ပီယံလိဂ်ဖိုင်နယ်ပွဲကိုတော့ ဂါရက်ဘေးလ်ရဲ့ မွေးဖွားရာ ဇာတိ ကာဒစ်ဖ်မြို့မှာ ကျင်းပသွားမယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# သတင်းမီဒီယာသမားသည် ရာဇဝင်လူဆိုးများ မဟုတ်ပါ

**ချမ်းသာ(မိတ္ထီလာ)**

လွန်ခဲ့သည့်သုံးလခန့်က ကျွန်တော်တို့မြို့က ဌာနကြီးတစ်ခုသို့ ဂျာနယ်တိုက်တစ်ခုမှ နယ်သတင်းထောက်တစ်ဦးနှင့်အတူ သတင်းတစ်ပုဒ်အတွက် သတင်းရယူရန်သွားရောက်ခဲ့ပါသည်။ ဌာနတာဝန်ခံဖြစ်သူနှင့်တွေ့၍ လိုအပ်သည့် သတင်းအချက်အလက်ကိုရယူရန်ဖြစ်ပါသည်။ နံနက်ပိုင်း ၁၁ နာရီကျော်ပြီဖြစ်၍ထမင်းစားချိန် ထမင်းစားပြန်ကြောင်း၊ မွန်းလွဲ ၂ နာရီခန့်မှ ပြန်လာခဲ့ပါဟု ဌာနစာရေးတစ်ဦးကပြော၍ ကျွန်တော်တို့သတင်းသမားနှစ်ဦးပြန်ခဲ့ပါသည်။

မွန်းလွဲ၂ နာရီကျော်ခန့်တွင် ကျွန်တော်တို့ ထပ်မံရောက်သွားချိန်၌ ဌာနတာဝန်ခံဖြစ်သူရောက်ရှိနေပြီး ဧည့်သည်တစ်ဦးနှင့်စကားပြောနေ၍ ခေတ္တစောင့်ပါသည်။ ပြီးတော့ သူ့အခန်းထဲဝင်ခွင့်ပြုပါဟု ခွင့်တောင်း၍ ဝင်သွားပါသည်။ ကျွန်တော်တို့နှစ်ဦးသား မိမိတို့ကလောင်အမည်နှင့် ရေးသားသည့် သတင်းတိုက်အမည်ကိုပြော၍ မိတ်ဆက်ပါသည်။

**သတင်းသမားများကို ခွဲခြားဆက်ဆံခြင်း၊ အများပြည်သူသိပိုင်ခွင့်ရှိသည့်၊ သတင်းသမားများလည်း ရယူခွင့်ရှိသည့် သတင်းအချက်အလက်မျိုးကို အကြောင်းအမျိုးမျိုးပြ၍ မပေးခြင်း၊ သတင်းသမားများအား မိမိတို့ ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကိုသာ သတင်းရေးသားစေလိုခြင်းများကို ပြုပြင်သင့်**

ဌာနတာဝန်ခံဖြစ်သူက ကျွန်တော့်ကို ကြည့်၍ "မင်းနဲ့ပါလာတဲ့ သတင်းထောက်ကြောင့် မေးတာကိုဖြေမှာ နို့မို့အတွေ့ခံမှာ မဟုတ်ဘူး"ဟု ပြောသည်။ ခွဲခြားသည့်စကားမျိုးဖြစ်၍ ရင်ထဲ နင့်ခနဲ ခံလိုက်ရသော်လည်း ကိုယ်လိုချင်သည့် သတင်းရရှိရေးမို့ သည်းခံရပါသည်။

အမှန်က ကျွန်တော်အား သတင်းရေးသူဖြစ်ကြောင်း၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် သတင်းရေးသူဖြစ်ကြောင်း သူသိပြီးသားဖြစ်ပါသည်။ ဌာနဆိုင်ရာ အခမ်းအနားများ (ယင်းဌာနတွင် ပြုလုပ်သည့် အခမ်းအနားများ အပါအဝင်)တွင် သူနှင့်မျက်မှန်းတန်းမိပြီး ဖြစ်ပါသည်။ အမှန်တိုင်းဝန်ခံရလျှင် ဌာနဆိုင်ရာများ၏ အားနည်းချက်ကို ထိုအချိန်ကအထိ သတင်းရေးထောက်ပြဖူးခြင်းမရှိသေးဘဲ မြို့၏ဖွံ့ဖြိုးရေးသတင်းများ၊ အကျိုးပြုသတင်းများနှင့် တစ်ခါတစ်လေကလောင်ဝှက်ဖြင့် မြို့အတွက်လိုအပ်ချက်အချို့ကို ထောက်ပြရေးသားသည်မှလွဲ၍ မိမိကိုယ်လည်း ဒေါင်ဒေါင်မြည် သတင်းသမားတစ်ဦးအဖြစ် မခံယူမိသေးပါ ။

ကျွန်တော်နှင့်အဖော်ပါလာသည့် ဂျာနယ်သတင်းထောက်မှာမူ မည်သူ့မျက်နှာမျှ မထောက်၊ ဂျာနယ်တိုက်မျက်နှာနှင့် ပြည်သူ့မျက်နှာသာထောက်သည့် သတင်းသမားမျိုးဖြစ်ပါသည်။ ယခုအချိန်ထိ ဤကွာခြားချက်ကြောင့်သာ သတင်းသမားချင်းအတူတူ မင်းအနေနဲ့ဆိုရင်တော့ အတွေ့မခံဘူးဆိုသည့် သဘောမျိုးဆိုသည့် စကားဟု စိတ်ထဲစွဲထားမိပါသည်။

ယင်းဌာနသို့ အခြားကိစ္စများစွာဖြင့် မကြာခဏရောက်ဖြစ်ချိန်တွင် ဌာန၏ဝန်ဆောင်မှု ချို့ယွင်းချက်၊ အားနည်းချက်များကို ကိုယ်တိုင်ရောတစ်ပါးသူများ ကိုယ့်ရှေ့တွင်ဖြစ်ပျက်နေသည်ပါ တွေ့မိ၊ မြင်မိ၊ ကြားမိသော်လည်း ထိုစိတ်အစွဲကြောင့်ပင်သတင်းမရေးဖြစ်ခဲ့ပါ။ ရေးရမည်မှာလည်း လိပ်ပြာမလုံပါ။ ကိုယ့်အပေါ်ခွဲခြား၍ ဆက်ဆံသည်ကို တုံ့ပြန်၍ ထိုသို့အားနည်းချက်ကိုရေးခြင်းဟု မိမိစိတ်ကို မိမိသက်ာမကင်း၍ ယနေ့တိုင် မရေးဖြစ်ပါ။

လွန်ခဲ့သည့် သုံးနှစ်ခန့်က မန္တလေးမြို့တွင် ဝန်ကြီးဌာနတစ်ခုမှ တိုင်းဒေသကြီးဝန်ကြီးဖြစ်သူနှင့် မီဒီယာသမားများ တွေ့ဆုံပွဲသို့ ကျွန်တော်တက်ရောက်ရပါသည်။ တိုင်းဒေသကြီးဝန်ကြီးဖြစ်သူက "ခင်ဗျားတို့ မီဒီယာသမားတွေက အဆိုးမြင်သမားတွေပဲ"ဟု အကြောင်းအရာတစ်ခုအကြောင်း ပြောရင်းထည့်သွင်းပြောကြားပါသည်။ ထိုစဉ်က အကြောင်းအမျိုးမျိုးကြောင့် ထိုစကားကို မိမိအပါအဝင် မိမိနှင့်လုပ်ငန်းတူ မီဒီယာသမားများ စောဒကတက်ခြင်းတစ်စုံတစ်ရာမရှိခဲ့ပါ။ သို့သော် ရင်ထဲတွင် မီဒီယာသမားများကို အဆိုးမြင်သမားများဟု ပြောဆိုခြင်းကိုမူ ခံရခက်ခဲ့ကြပါသည်။

ထိုဝန်ကြီးက "ခင်ဗျားတို့ မီဒီယာသမားတွေက မကောင်းတဲ့သတင်း၊ ပျက်စီးတဲ့သတင်း၊ ဆုတ်ယုတ်တဲ့ သတင်းမျိုးသာ အများဆုံးရေးကြတယ်။ ကောင်းတာကျတော့ မရေးချင်ဘူး"ဟု ဆိုကာ အဆိုးမြင် သမားများဟုပြောခြင်းဖြစ်သည်။ ထိုအကြောင်းအရာက လွန်ခဲ့သည့်သုံးနှစ်ခန့်က ဖြစ်ပါသည်။

ယနေ့တွင် သတင်းမီဒီယာနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများကို ထားရှိရန် သင်တန်းများပေးခြင်းမျိုးပင် ရှိပြီဖြစ်၍ ပြောင်းလဲလာပြီဟု ဆိုနိုင်ပါသည်။ ယခင်က ဌာနဆိုင်ရာအလိုက် ပြောရေးဆိုခွင့်ရှိသူများ ထားရှိမည်ဆိုသော်လည်း ပီပီပြင်ပြင် အကောင်အထည်ပေါ်လာခြင်းမရှိခဲ့ပါ။ ယခုအခါ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများကို ထားရှိပြီဖြစ်သော်လည်း နယ်မြို့များတွင် ဌာနဆိုင်ရာအချို့သို့ သတင်းသွားရောက်ယူရာ၌ အခက်အခဲများရှိနေဆဲဖြစ်ပါသည်။ သတင်းသမားကိုမြင်သည်နှင့် ရာဇဝင်လူဆိုးကြီးများနှယ် ထင်မြင်သည့် ဌာနဆိုင်ရာအချို့ကိုလည်းတွေ့ရပါသည်။ ပျူပျူငှာငှာဖြင့် သတင်းမီဒီယာသမားကို ကြိုဆိုသည့် ရှားရှားပါးပါး ဌာနဆိုင်ရာအချို့ကိုလည်း ကြုံရပါသည်။ မိမိဌာန၏ အားနည်းချက်ရေးသောသတင်းသမားကိုမျက်နှာရှုံ့၍ မိမိဌာနလုပ်ငန်းဆောင်ရွက်မှုကောင်းကြောင်း ရေးသည့်သတင်းသမားကိုမျက်နှာချိုသွေးသည့် ဌာနဆိုင်ရာအချို့ကိုလည်း မြင်မိပါသည်။ မီဒီယာသမားများအနေဖြင့် ဌာနဆိုင်ရာများ၏ အားနည်းချက်ကို ရှာဖွေဖော်ထုတ်ရေးသားကြပါဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က တိုက်တွန်းပြောကြားထားပြီဖြစ်သော်လည်း တကယ့်လက်တွေ့၌ သတင်းသမားများအတွက်မူ ထိုသို့ရေးသားနိုင်ရန် များစွာအလှမ်းဝေးနေဆဲဖြစ်ပါသည်။

ဌာနဆိုင်ရာအချို့သို့ သတင်းသွားရောက်ယူရာတွင် သတင်းသမားက ရေးသင့်သည်ဟုထင်သည့် သတင်းမျိုးကို မပေးလိုကြပါ။ မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များကိုမူ မရိုးနိုင်အောင် သတင်းရေးပေးစေချင်ကြသည်။ "ဒီသတင်းကို ဒီအချိန်မှာ မရေးပါနဲ့ဦး။ ဟိုသတင်းတော့ ဟိုလိုရေး၊ ဒီလိုရေးပါ"ဟု သတင်းသမားကို သတင်းရေးနည်း လမ်းညွှန်ပြသူများလည်း များစွာကြုံတွေ့ရပါသည်။ ထိုထိုအခက်အခဲများကို နယ်သတင်းသမားများကိုယ်တိုင် အဆင်ပြေမည့်နည်းလမ်းရှာကြံဖြေရှင်းကြရပါသည်။ သူတို့ပေးသည့် သတင်းလည်းယူ၊ ကိုယ်လိုချင်သည့် သတင်းအချက်အလက်လည်း ရသလောက်ယူရသည်။ သူတို့ပေးသည့်သတင်းကို နယ်သတင်းသမားက ရေးပို့၍ သတင်းစာ၊ ဂျာနယ်က မသုံးသည့်အခါသတင်းထောက်ကို "သတင်းပျောက်"ဟု ပြောကြသည်။ "ပုလင်းပေးမှ သတင်းရေးတယ်" အော်ကြသည်။ ကာယကံရှင်ဖြစ်သူ သတင်းသမားက "သတင်းစာတိုက်က အသုံးပြုမှသာ ရေးသည့်သတင်း ပါပါသည်" ဟု ရှင်းပြသော်လည်း လက်သင့်မခံပါ။

သတင်းသမားများသည် ရာဇဝင်လူဆိုးများ မဟုတ်ကြပါ။ ပြဋ္ဌာန်းထားသည့် သတင်းမီဒီယာဥပဒေနှင့်အညီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီသာ သတင်းရယူရေးသားကြသူများဖြစ်ပါသည်။ မီဒီယာဥပဒေနှင့်မညီညွတ်သည့် သတင်းမျိုး၊ မဟုတ်မမှန်လီဆယ်ရေးသားသည့်သတင်းမျိုးကို ရေးသားပါက တရားစွဲဆိုအပြစ်ပေးခြင်းများကို အချိန်မရွေးခံရမည့်သူများဖြစ်ပါသည်။

ထို့ကြောင့် သတင်းသမားများကို ခွဲခြားဆက်ဆံခြင်း၊ အများပြည်သူသိပိုင်ခွင့်ရှိသည့်၊ သတင်းသမားများလည်း ရယူခွင့်ရှိသည့် သတင်းအချက်အလက်မျိုးကို အကြောင်းအမျိုးမျိုးပြ၍ မပေးခြင်း၊ သတင်းသမားများအား မိမိတို့ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကိုသာ သတင်းရေးသားစေလိုခြင်းများကို ပြုပြင်သင့်ကြောင်း အကြံပြုချင်ပါသည်။

နယ်သတင်းသမားများအနေဖြင့် ဌာနဆိုင်ရာအလိုက် သတင်းအချက်အလက်မေးမြန်းသတင်းရယူရာတွင် တာဝန်ယူဖြေကြားမည့်သူတစ်ဦးမရှိက သတင်းအချက်အလက်မပေးနိုင်ခြင်းများကိုလည်း ပြုပြင်သင့်ပါသည်။ သင်ဆရာမြင်ဆရာများကျေးဇူးဖြင့် မိမိမြို့နယ် မိမိဒေသကောင်းကျိုးရှိမည့် သတင်းများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ သတင်းမီဒီယာများတွင် ရေးသားခဲ့သည်မှာ ၉ နှစ်တာကာလမျှသာရှိသေး၍ စာမဖွဲ့လောက်သေးသည့် သတင်းသမားအတွေ့အကြုံသာ မိမိတွင်ရှိသည်ဟု ခံယူပါသည်။ နယ်သတင်းသမားတစ်ဦးအနေဖြင့် ပြည်သူ့သို့မျက်နှာမူသည့် သတင်းများရှာဖွေရေးသားသည့်အခါ တွေ့ကြုံရသည့်အခက်အခဲတချို့ကို ဘဝတူနယ် သတင်းသမားများ၊ မီဒီယာကို အသုံးချစရာတစ်ခုအဖြစ်သာရှုမြင်၍ သတင်းသမားများကို တွေ့လျှင် ရာဇဝင်လူဆိုးကြီးများနှယ် ထင်မြင်ယူဆနေတတ်သည့် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်အချို့အား သတင်းသမားများသည်လည်း ပြည်သူ့အတွက် ကောင်းကျိုးပြုနေသူများအဖြစ် ခံယူရှုမြင် ကူညီလာကြစေရန် မျှော်လင့်ချက်ဖြင့် ရေးသားလိုက်ပါသည်။

## ပုံကျစျေးသည်များအတွက် ကွန်ကရစ်ခင်း

**ပျဉ်းမနား ဩဂုတ် ၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ အာဟာရသုခစျေးကြီးတွင် ရောင်းချလျက်ရှိသော ပုံကျစျေးသည်များအား အဆင်ပြေချောမွေ့စေရန်နှင့် အဆင့်မြင့်စွာ စနစ်တကျရောင်းချနိုင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ (စျေးများဌာန)မှ စျေး၏ တောင်ဘက် (ညောင်ပင်ကွင်း)နေရာတွင် ကွန်ကရစ်ခင်း၍ ပုံကျစျေးရောင်းချရန် နေရာချထားပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အာဟာရသုခစျေးတွင် ပုံကျစျေးသည်ဦးရေ ၇၀၀ ကျော် ခန့်ရှိရာ အဆိုပါစျေးသည်များ စနစ်တကျရောင်းချနိုင်ရန်အတွက် ပုံကျဆိုင်နေရာများကို စီစဉ်လျက်ရှိ၍ မကြာမီအချိန်တွင် စျေးသည်များ စတင်ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



## ရွေ့လျားဆေးကုသပေးရေးယာဉ်နှင့် ကျန်းမာရေးစောင့်ရှောက်ပေး

**ကျောက်မဲ ဩဂုတ် ၈**

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသပေးရေးယာဉ် (Mobile Medical Unit)က နယ်လှည့်ဆေးကုသခြင်းကို ကျောက်မဲမြို့ရှိ လူမှုဖူလုံရေးမှတ်ပုံတင်ထားသည့် အလုပ်ဌာနများတွင် ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

အဆိုပါ ရွေ့လျားဆေးကုသရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့မှ ဒေါက်တာ စိုးမင်းဦးဦးဆောင်သော ဒေါက်တာ အောင်ရဲခိုင်၊ ဆရာ ဦးဖြိုးစည်သူ (ရောဂါရှာဖွေရေးဆိုင်ရာအတတ်ပညာရှင်)နှင့် ကျန်းမာရေးဝန်ထမ်းများသည် လူမှုဖူလုံရေးမှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ၂၆၅ ဦးတို့၏ အထွေထွေ ရောဂါများကို စမ်းသပ်စစ်ဆေးမှုများပြုလုပ်ကာ လိုအပ်သည့် သောက်ဆေး ထိုးဆေးများဖြင့် ယာဉ်ပေါ်ရှိဆေးခန်းတွင် ကုသဆောင်ရွက်ပေးကြကြောင်း သိရသည်။

"အဓိကက အာမခံလုပ်သားတွေ လုပ်ငန်းခွင်မပျက် ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ရည်ရွယ်ပြီး ပထမအကြိမ် စီစဉ်ဖြစ်တာပါ။ အထွေထွေရောဂါတွေကို ကုသမှုပေးတဲ့အပြင် ရောဂါရှာဖွေဖို့ လိုအပ်တဲ့သူတွေကို သွေးအမျိုးအစား အသည်းရောင်အသားဝါဘီပိုး၊ စီပိုး၊ ကာလသားပိုး၊ HIVပိုး၊ ကျောက်ကပ်အဆစ်အမျက်ရောင် ရောဂါတွေဖြစ်တဲ့ သွေးလေးဖက်နာ၊ ပိုးလေးဖက်နာ၊ ဆီးလမ်းကြောင်းရောဂါနဲ့ သွေးတွင်းအဆီဓာတ်တွေ၊ ဆီးချိုစတဲ့ ရောဂါပိုးတွေကို အမျိုးအစားအလိုက် ယာဉ်ပေါ်မှာပါတဲ့ ဓာတ်ခွဲခန်းမှာ စစ်ဆေးပေးပါတယ်။ အကယ်၍ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်ရင် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး မန္တလေးသို့ ညွှန်းပို့ပေးပါတယ်" ဟု ကျောက်မဲမြို့နယ် လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံ ဒေါ်သီတာက ပြောသည်။

"လူမှုဖူလုံရေးအဖွဲ့မှာ ဝင်ထားတဲ့အတွက် လုပ်ငန်းခွင်မှာ ထိခိုက်ဒဏ်ရာရတာပဲဖြစ်စေ မကျန်းမာရင်ဘဲဖြစ်စေ ကုန်ကျရမယ့် ကုသမှုစရိတ်တွေကို အထိုက်အလျောက် တာဝန်ယူထားပေးတဲ့ အဖွဲ့အစည်းရှိနေတော့ ဘဝလုံခြုံမှု ရစေပါတယ်"ဟု မြန်မာစီပီကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကပြောသည်။ ကျောက်မဲမြို့နယ် လူမှုဖူလုံရေးအဖွဲ့ တွင် အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ အစည်း ၁၆ ဌာနမှ ဝန်ထမ်း ၁၁၇၅ ဦးသည် လူမှုဖူလုံရေးအဖွဲ့ဝင်များအဖြစ် မှတ်ပုံတင်ထားကြကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**




**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ၊ ချမ်းမြေ့မြေပြည်ရွာ၊ နိုင်ငံသာ၏**

# လယ်ယာတောင်သူဦးကြီးများ၏ မိတ်ဆွေကောင်း

**ဝါသန်မိုးရာသီသို့ရောက်လေလျှင် မြေကြီးကိုတူးဆွရာ၌လည်းကောင်း၊ ပန်းအိုးများထဲတွင်လည်းကောင်း၊ မြေကြီးပေါ်တွင်လည်းကောင်း၊ တီကောင်ကိုအများဆုံးတွေ့ရပေသည်။**

**မိမိတို့လူမျိုးသည် တီကောင်ကိုများစွာရွံရှာကြသည်။ စင်စစ်အားဖြင့် ရွံရှာဖွယ်ရာအကြောင်းတစ်စုံတစ်ရာမရှိပါပေ။ ယင်းတီကောင်သည် လယ်ယာ၊ ဥယျာဉ်ခြံစသည်တို့၌ မြေသြဇာကောင်းမွန်စေရန် များစွာအသုံးဝင်သော အကောင်မျိုးဖြစ်သောကြောင့် တောင်သူလယ်သမားဦးကြီးတို့၏ မိတ်ကောင်းဆွေမွန်ဖြစ်ပေသည်။**

အဆိုပါတီကောင်ကို ကမ္ဘာအနှံ့အပြား ပူနွေးစိုစွတ်သည့်ဒေသတိုင်း၌ တွေ့ရှိနိုင်ပေသည်။ အရောင်အဆင်းမှာနီညိုရောင်ဖြစ်သည်။ အရှည်မှာ တစ်လက်မ၏ ၂၅ ပိုင်းတစ်ပိုင်းမှ ပေများစွာအထိရှည်သည်။ အရှည်ဆုံးသော တီကောင်များကို ကမ္ဘာ့အပူပိုင်းဒေသများတွင် တွေ့နိုင်သည်။ တီကောင်၏ကိုယ်သည် အေး၍စိုစွတ်ပြီး ချွဲသည်။ ဖားကဲ့သို့ သွေးငတ်တိရစ္ဆာန်ဖြစ်သည့်အတွက် ခွေး၊ ကြောင်၊ နွားများကဲ့သို့ အပူကို ဆောင်ထားဖို့ ကိုယ်သွေးများရှိရန် မလိုအပ်ပေ။

တီကောင်သည် တွန့်လိမ်ကောက်ကွေး၍သွားသည်။ အရိုးမရှိသောအကောင်မျိုးဖြစ်သည်။ ကိုယ်၌ အတွင်းအရစ်များရှိသည်။ အရှေ့ပိုင်းတွင်ရှိသည့် အတွင်းအရစ်များသည် နောက်ပိုင်းတွင်ရှိသော အတွင်းအရစ်များထက် အလုံးကြီးသည်။ ဦးခေါင်းမှအမြီးတိုင်အောင် အတွန့်အရစ်ပေါင်း ၁၂၀ ကျော် ရှိသည်။ ယင်းသို့ အတွန့်အရစ်များရှိခြင်းကြောင့် တီကောင်ကို အတွန့်အရစ်ရှိ တိရစ္ဆာန်မျိုးဟုခေါ်သည်။

တီကောင်၏ပါးစပ်သည် ဦးခေါင်းပိုင်း ပထမရစ်၏ အောက်ဘက်တွင် အပေါက်ဝိုင်းကဲ့သို့ ဖြစ်နေသည်။ အစာကိုစားသည့်အခါပါးစပ်ကို ရှည်လျားသောနှုတ်ခမ်းဖြင့် ဖုံးအုပ်ထားလေ့ရှိသည်။ ဦးခေါင်းဘက်မှ အမြီးဘက်သို့ ကိုယ်၏ အောက်ဘက်မှစမ်းသပ်လျှင် ချောမွေ့သည်။ အမြီးဘက်မှဦးခေါင်းဘက်သို့ စမ်းသပ်ကြည့်လျှင်မူ ကြမ်း၍ စူးရှသည့်ဆူးကလေးများကို စမ်းမိတတ်သည်။ ယင်းဆူးလေးများကို မှန်ဘီလူးဖြင့်ကြည့်လျှင် အရစ်အသီးသီး၌ အောက်ပိုင်းတွင် အနောက်သို့ ကိုင်း၍ လန်နေသည့် ဆူးကလေးရှစ်ချောင်းစီရှိသည်။ တီကောင်၌အရစ် ၁၂၀ ရှိသည့်အတွက် ခြေထောက်ကဲ့သို့ဖြစ်နေသော ဆူးတိုကလေးများမှာ ၉၆၀ ခန့်ရှိလေသည်။

တီကောင်များသည် တွင်းနေသတ္တဝါမျိုးဖြစ်သည့်အတိုင်း မိမိတို့နေထိုင်ရန်တွင်းကို ပြုလုပ်ရာတွင် ချွန်သော ဦးခေါင်းဖြင့် မြေကြီးကိုထိုးဖောက်၍ ချောသော ကိုယ်ဖြင့်ဦးခေါင်းကတူးသမျှ လိုက်၍ဝင်သွားနိုင်ပေသည်။ တီကောင်၏ကိုယ်မှထွက်သော အရိအရွဲများသည် ကိုယ်၌ မြေမှုန်များ မကပ်စေသည့်အပြင် တွင်းထဲသို့ သက်သာလွယ်ကူစွာဖြင့် လျှော့သွားနိုင်ရန်အတွက်လည်း အထောက်အပံ့ဖြစ်စေရန် သဘာဝက ဖန်တီးပေးထားသည်။

> **တီသတ္တဝါများသည် မြေဟောင်းကို မြေသစ် (မြေလှန်စနစ်) ဖြစ်စေသည့်အတွက် တောင်သူလယ်သမားဦးကြီးများအား များစွာကူညီထောက်ပံ့တတ်သဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော တိရစ္ဆာန်မျိုးမဟုတ်မူဘဲ တောင်သူလယ်သမားတို့၏ အကျိုးပြုသတ္တဝါဖြစ်ကြောင်းကို သတိပြုသင့်**

**တီကျစ်စာ**

တီကောင်သည် တွင်းတူးသွားစဉ် မြေကြီးကိုမျို၍ ယင်းကို အမြီးဘက်ရှိအပေါက်မှ ထုတ်သည်။ ထုတ်ပစ်သော မြေကြီးများကို ပန်းအိုး၊ ဥယျာဉ်၊ လယ်ယာမြေ စသည်တို့၌ တွေ့မြင်ရပြီး ယင်းကို တီကျစ်စာဟုခေါ်သည်။ တီကျစ်စာများသည် မြေသြဇာအလွန်ကောင်းမွန်သောမြေဖြစ်သည်။ ထို့ကြောင့် သဘာဝပညာရှင်ကြီး ဂီးလဗစ်နိုက်က တီကောင်များသာ မရှိခဲ့လျှင် မြေကြီးသည်မြေသြဇာကင်း၍ တန်ဖိုးမရှိဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့ပေသည်။ ပညာရှင်ချားလ်ဒါဝင်ကလည်း ဥယျာဉ်မြေတစ်ဧကလျှင် တီကောင်ပေါင်း ၅၃၀၀၀ ခန့်ရှိ၍ ယင်းတို့၏ ကိုယ်တွင်းမှ မြေဆီလွှာ ၁၀ တန်မျှ နှစ်တိုင်း ထွက်လျက်ရှိသည်ဟု ခန့်မှန်းခဲ့သည်။ မှန်းခြေအားဖြင့် မြေတစ်ဧက၏ အပေါ်လွှာ၌ တစ်နှစ်လျှင် တီကျစ်စာ ၁၀ တန်မျှ ပြည့်နှက်လျက်ရှိပေသည်။ ထုံးသည် အပူဓာတ်ဖြစ်သောကြောင့် တီကိုထုံးနှင့်တို့လျှင် တွန့်ဝင်သွားသဖြင့် "တီကို ထုံးနှင့်တို့သလို" ဟူ၍စကားပုံဆိုရိုးပေါ်လာကြောင်း သိရသည်။

**တီကောင်၏အစာ**

တီ၏တွင်းဝ၌ သစ်ရွက်စ၊ ကောက်ရိုးစများကို တွေ့မြင်ရတတ်သည်။ တီတို့စားသောက်ရန် ညဉ့်အခါကဆွဲယူထားကြခြင်းဖြစ်သည်။ ထို့အပြင် ဆွေးမြည့်သော သစ်ရွက်များ၊ မုန်လာ၊ ကန်စွန်း၊ ဂေါ်ဖီ၊ ကြက်သွန် စသည့်အပင်များကိုလည်း စားသောက်ကြသည်။ တီကောင်၏ ထူးခြားသော အစာမှာ မြေကြီးကို တူးဆွရင်း မြေကြီးပါရှိသည့် အသားအရွက်ဓာတ်များဖြစ်သည်။ ယင်းတို့ကို ဝါးမျို၍ အစာကြေစေသည်။ အဆိုပါဓာတ်များ မပါသော မြေစာများကို ကိုယ်မှ စွန့်ပစ်၍ တွင်းဝ၌ "တီကျစ်စာ" ခေါ် မြေလုံးမြေတောင့်များကို ဖြစ်စေသည်။

**ပေါက်ဖွားခြင်း**

တီသတ္တဝါကောင်သည် ဥမှပေါက်ဖွားသည်။ ဥများကို မာသည့်နေရာများ၌ ဥထားတတ်ကြသည်။ ဥ အရွယ်မှ မုန်ညင်းစေ့ပမာဏရှိသည်။ တီကောင်သည် နှစ်ပိုင်းပြတ်သွားလျှင် ခေါင်းပိုင်းမှ အမြီးသစ်တစ်ခု ထပ်မံထွက်လာသည်။

**တီကောင်ကြောင့် အသုံးဝင်ပုံများ**

(၁) သစ်ပင်၏ အမြစ်များကို မိုးရေဝင်စေခြင်း၊ မိုးဥတုအခါ တီတွင်းထဲသို့ မိုးရေဝင်သဖြင့် သစ်ပင်၏အမြစ်ပတ်လည်တွင် မိုးရေစိုစွတ် မှုဖြစ်စေသည်။

(၂) မြေကို ပွစေပြီး မြေမာပေါ်၌ မိုးရွာပြီးလျှင် မြေသည် မာခဲနေသဖြင့် ရေမဝင်ဘဲ ဖြစ်နေသည်။ တီတွင်းများရှိလျှင် မြေပွ၍ မိုးရေကို ပင်လယ်ရေမြှုပ်ကဲ့သို့ ရေကို စုပ်ယူစေနိုင်သည်။

(၃) မြေထဲသို့ လေဝင်ရောက်စေပြီး မြေကျစ်မာခဲနေလျှင် သစ်ပင်ပန်းပင်တို့သည် လေ၊ ရေများမရှိ ခြောက်သွေ့သဖြင့် သေဖွယ်ရာရှိသည်။ ထိုသို့ ခြောက်သွေ့သည့်အခါ တီတွင်းများ၌ လေရှိသည်။ တချို့စားကျက်များသည် လယ်မထွန်ရသေးသဖြင့် မာခဲလိမ့်မည်ဖြစ်သော်လည်း တီသည် တွင်းတူး၍ မြက်ပင်အမြစ်များကို လေဝင်စေသည်။

(၄) သစ်ရွက်သစ်ညှောက်တို့အား မြေသြဇာကောင်းမွန်စေပြီး တီကောင်စားရန် တွင်းသို့ ဆွဲယူသွားသော သစ်ရွက်သစ်ညှောက်တို့သည် ဆွေးမြည့်ပုပ်သိုး၍ မြေသြဇာကောင်းမွန်စေသည်။

(၅) ပန်းပင်ငယ်များအား မြေသြဇာကောင်းစေပြီး တီသည် အများအားဖြင့် မိမိတွင်းမှ တီကျစ်စာများကို အပင်များ၏ အမြစ်အနီးအနား၌ ထုတ်ပစ်သည့်အတွက် သစ်ပင်ပန်းပင်ငယ်တို့၏အမြစ်များကို မြေသြဇာကောင်းစေသည်။

(၆) မြေဟောင်းကို မြေသစ်(မြေလှန်စနစ်)ဖြစ်စေပြီး အပေါ်ယံမြေသည် မြေသြဇာဓာတ်ကုန်ခန်းသဖြင့် မြေသြဇာကောင်းမွန်သည့် အောက်မြေကို အပေါ်သို့ရောက်ရန် မြေလှန်စနစ်ဖြင့် တူးဆွယက်ကန်ကြရသည်။ ထိုအလုပ်ကို တီကောင်များက ပြုလုပ်သည်။ တီတွင်း တူးခြင်းအားဖြင့် အောက်မြေဖြစ်သည့် တီကျစ်စာများကို အပေါ်သို့ ရောက်စေ၍ မြေဟောင်းကို သြဇာကောင်းသော မြေသစ်ဖြစ်စေသည်။

ခြုံငုံသုံးသပ်ရလျှင် တီသတ္တဝါများသည် မြေဟောင်းကို မြေသစ်(မြေလှန်စနစ်)ဖြစ်စေသည့်အတွက် တောင်သူလယ်သမားဦးကြီးများအား များစွာကူညီထောက်ပံ့တတ်သဖြင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော တိရစ္ဆာန်မျိုး မဟုတ်မူဘဲ တောင်သူလယ်သမားတို့၏ အကျိုးပြုသတ္တဝါ ဖြစ်ကြောင်းကို သတိပြုသင့်ပါရန် တင်ပြလိုက်ရပါသည်။

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

# ငါးသိုင်းချောင်းမြို့ ဝေန်ရေကာတာကြံ့ခိုင်မှုအတွက် အဆက်မပြတ်စုပေါင်းဆောင်ရွက်လျက်ရှိ

**ငါးသိုင်းချောင်း ဩဂုတ် ၈**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ဝေန်မြစ်ရေသည် ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ပေ ၃၀ ဒသမ ၆၀ စိုးရိမ်ရေမှတ်အထက် သုံးပေနှင့် ၀ ဒသမ ၆၀ လက်မသို့ရောက်ရှိရာ နံနက် ၁၁ နာရီခွဲတွင် မြို့မရပ်ကွက် ကမ်းနားလမ်း ဝေန်ရေကာတာ တာမိုင် ၄၇/၀+၆၀ ၌ လက်မဝက်ခန့်အကျယ်ရှိ ရေယိုစိမ့်ပေါက်တစ်ပေါက်တွေ့ရှိရသဖြင့် သက်ဆိုင်ရာဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေး၊ မြို့နယ်ဦးစီး အရာရှိ(တွဲဖက်)ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များက သဲအိတ် ရေခွေပြုလုပ်ထိန်းသိမ်းခြင်းဖြင့် အချိန်မီပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ငါးသိုင်းချောင်းမြို့ဝေန်ရေကာတာတစ်လျှောက် ဌာနဆိုင်ရာနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက နေ့/ညမပြတ် ရေကာတာရေယိုစိမ့်ပေါက်စစ်ဆေးခြင်းနှင့်ရေကင်းချထားခြင်း၊ ဝိုင်းဝန်းစုပေါင်းထိန်းသိမ်းခြင်း လုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ လက်ရှိရေမှတ်အထိ ရေကာတာကြံ့ခိုင်မှုကောင်းမွန်နေပြီး ဒေသခံပြည်သူများ ပုံမှန်ဆက်သွယ်သွားလာလျက်ရှိသည်။

ဝေန်မြစ်ရေမှာဆက်လက်မြင့်တက်နေပြီး မြစ်ကမ်းဘေးမြေနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာအုပ်စု ၂၄ စုတွင် ဩဂုတ် ၇ ရက်အထိ ကယ်ဆယ်ရေးစခန်း လေးခု၌ ရေဝင်နစ်မြုပ်အိမ်ထောင်စု ၄၄ စု လူဦးရေ ၁၈၄ ဦးအထိ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဝိုင်းဝန်းစုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်စိုး ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သည် ဩဂုတ် ၅ ရက်က ရမည်းသင်းမြို့ကြေးနီကန်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးမျိုး ၁၅၀၀၀ ထည့်သွင်းကြစဉ်

အတ်ကလေး(ရမည်းသင်း)

# ရေဘေးသင့်ပြည်သူများအတွက် ဓာတ်ပုံရောင်းချပွဲ ကျုံးဘေး၌ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးမြို့ရှိ SP Family ပရဟိတအဖွဲ့နှင့် ဓာတ်ပုံဆရာများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအတွက် ကူညီလှူဒါန်းနိုင်ရန် ဓာတ်ပုံပြပွဲနှင့် ရောင်းချပွဲကို မန္တလေးမြို့ကျုံးအရှေ့ဘက်၊ အမျိုးသားကဇာတ်ရုံရှေ့၌ ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံအရွယ်အစားအကန့်အသတ်မရှိပြသထားကာ ရောင်းဈေးမှာ ကြမ်းခင်းဈေး အနည်းဆုံးငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး ဝယ်ယူအားပေးနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် ပြသရောင်းချခဲ့မှုမှရသော အလှူငွေကျပ်သိန်း ၁၀၀ ကျော်အား ညောင်ဦးမြို့နှင့် မုံရွာမြို့နယ်များရှိ ရေဘေးသင့်ကျေးရွာပြည်သူများအား လှူဒါန်းခဲ့ကြောင်း၊ ယခုနှစ်ရရှိငွေများကိုလည်း တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည်ဖြစ်ကြောင်း SP Family မှ မဟန်နွယ်သီရိက ပြောသည်။ ဓာတ်ပုံပြပွဲတွင် မန္တလေးမြို့မှ ဓာတ်ပုံပညာရှင်များ၏ မြန်မာပြည်အနှံ့ရှုခင်းများ၊ ယဉ်ကျေးမှုလက်ရာများ၊ ဓလေ့ထုံးစံများ၊ တိုင်းရင်းသားရိုးရာပွဲတော်ပုံများ စသည့်လက်ရာများ ပြသထားကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ရေဘေးသင့်သူများအား ရေနှင့်အစားအသောက်များပေးဝေ

**စစ်ကိုင်း ဩဂုတ် ၈**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေ တိုးလာခဲ့ခြင်းကြောင့် မြစ်ကမ်းအနီး နေထိုင်သူများနှင့် မြေအနိမ့်ပိုင်းရပ်ကွက်များ ရေနစ်မြုပ်မှု ဒဏ်ခံစားနေကြရပြီး တချို့ရေဘေးသင့်ပြည်သူ အများအပြား ဘုရားဝင်းများနှင့် ရပ်ကွက်ဓမ္မာရုံများ၌ ကုန်းတက်နေကြကြောင်း သိရသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအား ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လိုလို ရေသန့်နှင့် အစားအသောက်များ ဝေငှပေးလျက်ရှိရာ စစ်ကိုင်းမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းမြို့ Myanmar Prime Gold Power Co.Ltd မှ ဩဂုတ် ၅ ရက်က ရေနစ်မြုပ်မှုအများဆုံး ခံစားရသည့် စစ်ကိုင်းမြို့ အနောက်ပိုင်း ကျေးရွာများဖြစ်သည့် ရိပ်သာကျွန်း၊ ကန္တာရတော်၊ ဂုံညင်းတောင်၊ ညောင်ကုန်းတာတိုင်သိမ့်ကျောင်း၊ ခိုနန်းကျောင်း စသည့် ရေဘေးသင့်ဒေသများသို့ ခေါက်ဆွဲခြောက်များနှင့် ရေသန့်ဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။ (ဝဖဖ)



# လမ်းဘေးဝဲယာတွင်ရေပိုက်မြှုပ်ရန် တူးဖော်ထားသောမြေကျင်းကြီးများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကိုစိုးရိမ်နေကြရ

**လှိုင်ကော် ဩဂုတ် ၈**

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါခုနူရပ်ကွက်အတွင်း(၅)လမ်းနှင့် ဖဖော်လမ်းတို့၏ လမ်းဆုံအနီး (၅) လမ်းဘေးဝဲယာတွင် ရေပိုက်လိုင်းမြှုပ်နှံရန် တူးဖော်ထားသော နှစ်ပေခန့်အနက်ရှိ မြေကျင်းကြီးများကြောင့် လမ်းသွား၊ လမ်းလာများအတွက် ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်ရလျက်ရှိရာ လုပ်ငန်းပြီးမြောက်ပါက ပြန်လည်မြေဖို့ထားရန် လိုအပ်ကြောင်း သိရသည်။

"ရေပိုက်လိုင်းမြှုပ်နှံဖို့ဒီမြေကျင်းကြီးတွေကိုတူးဖော်ထားတာ နှစ်လလောက်တော့ရှိပြီ။ ကားလမ်းဘေးကပ်လျက်ဝဲယာမှာတူးဖော်ထားတာ ဖြစ်လို့လမ်းသွား၊ လမ်းလာတွေ အတွက် ယာဉ်အန္တရာယ် စိုးရိမ်ရပါတယ်။ ညအချိန်ဒီလမ်းပေါ်မှာ ဖြတ်သန်းသွားလာကြတဲ့မော်တော်ယာဉ်တွေ၊ မော်တော်ဆိုင်ကယ်တွေအနေနဲ့ တစ်စီးနဲ့တစ်စီး ရှောင်တိမ်းတဲ့အခါ လမ်းဘေးချမောင်းလိုက်ရင် မတော်တဆ မြေကျင်းထဲကျပြီး ယာဉ်အန္တရာယ်ဖြစ်နိုင်ပါတယ်။ လမ်းဘေးဝဲယာမှာ လုပ်ငန်းလိုအပ်ချက်အရ မြေကျင်းတူးကြတဲ့အခါ လုပ်ငန်းပြီးမြောက်အောင် အလျင်အမြန်ဆောင်ရွက်ပြီး မြေပြန်ဖို့ခဲ့ဖို့လိုအပ်ပါတယ်"ဟု ဒေါခုနူရပ်ကွက်နေသူ တစ်ဦးက ပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် ရေလွတ်ရာသို့ အိမ်ထောင်စုများရွှေ့ပြောင်း

**ကန်ကြီးထောင့် ဩဂုတ် ၈**

ကန်ကြီးထောင့်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် အထက်မြစ်ရေများ ကျဆင်းလာမှုကြောင့် ဒါးကမြစ်ရေ မြင့်တက်လာရာ ဩဂုတ် ၆ ရက်တွင် စိုးရိမ်ရေမှတ် ၁၈ ပေအောက် ၁၅ ပေသို့ ရောက်ရှိ နေကြောင်း သိရသည်။

အဆိုပါ မြစ်ရေများ မြင့်တက်လာမှုကြောင့် ကန်ကြီးထောင့် မြို့ပေါ် ရပ်ကွက်များဖြစ်သော ကမ်းနားလမ်း၊ ကြိတ်တန်းလမ်း၊ အောင်ချမ်းသာရပ်ကွက်တို့ရှိ အိမ်ထောင်စု ၁၄ စု အိမ်ခြေ ၁၄ လုံးမှ လူဦးရေ၆၄ ဦးကို ရေဘေးကယ်ဆယ်ရေးစခန်းဖြစ်သော မြို့နယ်အားကစားရုံသို့ လည်းကောင်း၊ သာယာကုန်းရပ်ကွက်ရှိ အိမ်ထောင်စု သုံးစု အိမ်ခြေသုံးလုံးမှ လူဦးရေ ၁၆ ဦးအား သီတဂူခါတော်မီ ဘုန်းကြီးကျောင်းသို့ လည်းကောင်း ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ အဆိုပါရေဘေးစခန်းနှစ်ခုမှ ရေဘေးသင့်ပြည်သူများအား အစားအသောက်နှင့် ကျန်းမာရေးတို့အတွက် လိုအပ်သည်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



# လေရှီးမြို့နယ်နှင့်ဟုမ္မလင်းမြို့နယ်တွင် မြေငှားဂရန်များထုတ်ပေး

**ခန္တီး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ရန်နွေးကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများအား မြေငှားဂရန်များကို လျှောက်ထားသူလက်ဝယ်အရောက်ပေးအပ်ပွဲကို ဩဂုတ် ၆ ရက်က ရန်နွေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ခန္တီးခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ခန္တီးခရိုင်အုပ်ချုပ်ရေးမှူးနှင့် လေရှီးမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရန်နွေးကျေးရွာမှ မြေငှားဂရန်လျှောက်ထားသူ ၉၂ ဦးတို့အားမြေငှားဂရန်များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြသည်။

အလားတူ ဩဂုတ် ၆ ရက်ကလည်း ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလင်းက တောင်ကုန်းသာကျေးရွာမှ မြေငှားဂရန်လျှောက်ထားသူ ၄၂ ဦးတို့ကိုလည်း လက်ဝယ်အရောက် မြေငှားဂရန်များကို ထုတ်ပေးခဲ့ကြောင်းသိရသည်။

**စန်းလွင်ဦး ( ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ပေါင်းတည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မီးသတ်စခန်း၌ ဩဂုတ် ၄ ရက် က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၆)သင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်း ထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က သင်တန်းကာလအတွင်း သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးဉာဏ်ဝင်းသိန်းက သင်တန်းနှင့် ပတ်သက်သော စည်းမျဉ်း၊ စည်းကမ်းများအား ဖတ်ကြားရှင်းလင်းခဲ့သည်။ အဆိုပါသင်တန်းတွင် အသက်ကယ်ကြိုးချည်နည်းစနစ်များ၊ ရှာဖွေကယ်ဆယ်ရေးကြိုးကူးနည်းစနစ်များ၊ ရှေးဦးသူနာပြုစု နည်းစနစ်များ၊ လူနာသယ်ဆောင်နည်းများ၊ BA sed တပ်ဆင် အသုံးပြုနည်း စနစ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အမှတ်အသားများ (International Making System)၊ Life Jacket ဖြင့် ရေပြင်အသက်ကယ်နည်းစနစ်များအား စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# မူးယစ်ဆေးဝါးနှင့်ယာဉ်အန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲ

**ကနီ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က အမှာစကားပြောကြားပြီး တက်ရောက်လာသော ပြည်သူများက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ သိရှိလိုသည်များ ဆွေးနွေးတင်ပြကြသည်။ အဆိုပါဆွေးနွေးတင်ပြမှုများအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆလိုင်း(ပြန်/ဆက်)**

# မိုးတွင်းကျောင်းတက်ရန် ခက်ခဲနေသည့်လမ်းပိုင်းအား အမြန်ဆုံးပြုပြင်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**မြစ်သား ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ဒါးရယ်ကောင်းနှင့် မရုက်လမ်းပိုင်းသည် ကျောင်းသားများ မိုးတွင်းကျောင်းတက်ရန် ခက်ခဲနေသည့် လမ်းပိုင်းဖြစ်နေကြောင်း ဒေသခံများ တင်ပြလာမှုအပေါ်တွင် အမြန်ဆုံးပြုပြင်နိုင်ရန် ဩဂုတ် ၅ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးပြီးနောက် အဆိုပါလမ်းပိုင်းအား လုပ်ငန်းပြောင်းဘတ်ဂျက်အရဂဝံလမ်းအဖြစ် ပေ ၄၀၀၀ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

# ကျောင်းကျန်းမာရေးကွင်းဆင်းဆောင်ရွက်

**ကန်ပက်လက် ဩဂုတ် ၈**

ချင်းပြည်နယ် ကန်ပက်လက်မြို့ပေါ်ရပ်ကွက် (၂)ရပ်ကွက်ရှိ အထက၊ အလကနှင့်အမက ကျောင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ပေါင်ရှန်းလျန်နှင့်ကျန်းမာရေးဝန်ထမ်းများ က အထွေထွေရောဂါနှင့်သွားနှင့်ခံတွင်းရောဂါများကို စစ်ဆေးကုသပေးပြီး လိုအပ်သည့် ဆေးဝါးများအား အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သစ်တောမှန်လျှင်အသုံးဝင် အစဉ်ထာဝရထိန်းသိမ်းကြ။**

# ဓနုဖြူမြို့နယ်တွင် တာများကြံ့ခိုင်မှုရှိရေး ဆက်လက်ဆောင်ရွက်

**ဓနုဖြူ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ဩဂုတ် ၆ ရက်က တမြားကျေးရွာအုပ်စု တမြားကျေးရွာ တာလမ်းဘေး (အခြေခံပညာမူလတန်းကျောင်းအနီး) ရေပေါက် နှစ်ပေါက်တွေ့ရှိ၍ ရေခွဲဆောင်ရွက်လျက်ရှိပြီး အုန်းပင်ကွင်းအုပ်စု မရမ်းချောင်းကျေးရွာ မရမ်းချောင်းတာအားခိုင်ခန့်မှုရှိစေရန်အတွက် သဲအိတ်များထပ်မံဆင့်နေကြောင်း သိရသည်။

ထို့နောက် အုန်းပင်ကွင်းအုပ်စု မရမ်းချောင်းကျေးရွာ ရေဘေးရှောင် အိမ်ခြေ ၁၂ လုံးအား တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လှူဒါန်းသည့် ဆန်၊ ငါးသေတ္တာများအား တစ်အိမ်ထောင် လျှင် ဆန်ခြောက်ဘူး၊ ငါးသေတ္တာလေးဘူးစီ အုန်းပင်ကွင်း အုပ်ချုပ်ရေးမှူးရုံးတွင် ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။

(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဇရာဝတီခန်းမ။

(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။

(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။

(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။

(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
# တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်း အသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ
**စတင်ရောင်းချမည့်နေ့ရက်** - ၁၀-၈-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီ

၄။ **တင်ဒါပိတ်ရက်** - ၉-၉-၂၀၁၆ ရက် ညနေ ၁၆း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ (ဒုတိယအကြိမ်) ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**

(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၈-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင် (၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | FQ(2) Machinery Spare Parts/IRR/ 2016-2017 | Machinery Spare Parts | 1 Lot | USD |
| 2. | FQ(3)Simulator/IRR/ 2016-2017 | Simulator | 1 Lot | USD |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

---

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**ပရိဘောဂပစ္စည်းများ**

(က) Meeting Table (2'6"x2'6"x2'6")
(ခ) Computer Table
(ဂ) Meeting Table(5'x2'6"x2'6")
(ဃ) ဗီရို (Leeco CBO3) (3x1'6")
(င) 4 Drawers Cabinet
(စ) Leeco Locker

(၂) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၅-၈-၂၀၁၆ ရက်
**တင်ဒါရောင်းချမည့်နေရာ** - ငွေစာရင်းဌာန၊နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

၃။ အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၈၈၊ ၂၃၉၀၀နှင့် ၀၉-၇၈၅၇၈၅၆၁၆ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်ဌာန (ထောက်ကြန့်)ရန်ကုန်တိုင်းဒေသကြီး၌ မော်တော်ယာဉ်စစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ်အဆောက်အအုံ အလျား ၉၈ ပေ၊ အနံပေ၆၀၊ အမြင့် ၁၇ ပေ (ရေ၊ မီး၊ ဆေးအပါအဝင်)တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၈-၈-၂၀၁၆ရက်မှ ၂၉-၈-၂၀၁၆ရက်ထိ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ၁၆း၃၀နာရီတိတိ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၆-၉-၂၀၁၆ရက်(အင်္ဂါနေ့)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂၉) နေပြည်တော်တွင် ၈-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

---

### မိဘအမည်မှန်

ချောင်းဦးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မကေခိုင်ငယ်၏ မိဘအမည်မှန်မှာ ဦးမောင်မောင်ဦး ၅/ခဥတ(နိုင်)၀၆၃၀၁၄နှင့် ဒေါ်အေးမြင့်ငွေး ၅/ခဥတ(နိုင်) ၀၄၂၃၄၀ ဖြစ်ပါသည်။

---

### ဖခင်အမည်မှန်

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ မုံရွေးကြေးမုံအထက၊ နဝမတန်း(A2)မှ မောင်နိုင်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးချိုဘူး ၅/မရန(နိုင်)၀၀၂၈၃၇ဖြစ်ပါကြောင်း။

**ဦးချိုဘူး**

---

## အလုပ်ကြော်ငြာ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project-NCDDP)

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(နေပြည်တော်) တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| | | | | |
|---|---|---|---|---|
| (၁) | National Training Experts | Ref: (C.65) | (၂၄)လ | (၃)ဦး |
| (၂) | National Assistant Trainers | Ref: (C.66) | (၂၄)လ | (၇)ဦး |
| (၃) | National Project Accountant | Ref: (C.71) | (၂၄)လ | (၁)ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၁၉-၈-၂၀၁၆ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့်လုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ Website (http://www. cdd.drdmyanmar.org) တွင်ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးကျော်စွာအောင်(ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၉၀၇၁**
**Email:unioncddprocurement@gmail.com**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (Yangon) အရောက် နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.08/EPGE/2016-2017**

(က) 12 & 6.6kV Power Cable, Control Cable & Termination Kit (1 Lot)

**Tender No.09/EPGE/2016-2017**

(က) 132 kV G.C.B (2) Sets, 66kV G.C.B (2)Sets & 33kV G.C.B (2)Sets
(ခ) 132kV C.T,P.T & L.A (1)Set
(ဂ) 125 kV DC Battery Bank & Battery Charger (10) Sets
(ဃ) 220 V DC Battery Bank & Battery Charger (3)Sets
(င) 110V DC Battery Bank & Battery Charger (2)Sets
(စ) 48V DC Battery Bank & Battery Charger (1)Set

**Tender No.10/EPGE/2016-2017**

(က) Frame 6 Gas Turbine for
- Conical Filter (864) Nos
- Cylinderical Fileter (864)Nos

**Tender No.11/EPGE/2016-2017**

(က) Gas Turbine Rotor Bearing (2)Sets
(ခ) Load Gear Bearing (2)Sets

၂။ Tender No-08, 09, 10 & 11 ၏ တင်ဒါပိတ်ရက်မှာ ၈-၉-၂၀၁၆ ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၇၈နှင့် ၈၁၀၄၂၇၉**

---

### ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/ဒပယ(နိုင်)၀၇၃၈၁၁ ဖြစ်ပါသည်။

**ဦးမြင့်စိုး**

---

### ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ တက်ခေါင်းကျေးရွာ၊ မူလွန်ကျောင်း၊ သတ္တမတန်းမှ မောင်မင်းမော်ကွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/ဒပယ(နိုင်)၀၇၃၈၁၁ ဖြစ်ပါသည်။

**ဦးမြင့်စိုး**

---

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ နဘက်စံပြကျေးရွာ၊ နဝမတန်း(B)မှ မသက်မာထွေး၏ ဖခင်အမည်မှန်မှာ ဦးညွှန့်ဝင်း ၅/မမန(နိုင်)၁၀၂၅၄၇ ဖြစ်ပါသည်။

**ဦးညွှန့်ဝင်း**

---

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကမှ ကျောင်းဝင်အမှတ် ၉၈၇၈ မောင်ချစ်စန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစောဘိုစိန် ၅/ဖပန(နိုင်)၀၂၂၂၅၅ ဖြစ်ပါကြောင်း။

**ဦးစောဘိုစိန်**

---

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက၊ ချောင်းဦးမြို့၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်ထွန်းနိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးတွတ် ၅/ခဥတ(နိုင်)၀၁၉၁၇၆ဖြစ်ပါသည်။**ဦးတွတ်**

---

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက၊ ချောင်းဦးမြို့၊ တက္ကသိုလ်ဝင်တန်း (F)မှ မဇာလီအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်းအောင် ၅/ခဥတ(နိုင်)၀၅၄၈၈၈ ဖြစ်ပါသည်။

**ဦးသန်းဝင်းအောင်**

---

## ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံမှ ကောက်ခံသည့်အခွန်နှုန်းများ၊ အခွန်နှင့် အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေခွန်(Income Tax)နှင့် သွယ်ဝိုက်ခွန် ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/တန်ဖိုးဖြည့်ခွန်(VAT)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(GST)စသည်ဖြင့် ကောက်ခံနေကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံအမည် | ဝင်ငွေခွန် | ကုန်သွယ်လုပ်ငန်းခွန်/တန်ဖိုးဖြည့်အခွန်/ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် |
|---|---|---|---|
| ၁။ | ဩစတြေးလျ | ၂၅% | ၂၀% |
| ၂။ | တရုတ် | ၂၅% | ၁၇% |
| ၃။ | အိန္ဒိယ | ၃၀% | ၁၅% |
| ၄။ | ဂျပန် | ၂၅.၅% | ၈% |
| ၅။ | မလေးရှား | ၂၅% | ၆% |
| ၆။ | ကမ္ဘောဒီးယား | ၂၀% | ၁၀% |
| ၇။ | အင်ဒိုနီးရှား | ၂၅% | ၁၀% |
| ၈။ | ထိုင်း | ၂၀% | ၇% |
| ၉။ | စင်ကာပူ | ၁၇% | ၇% |
| ၁၀။ | မြန်မာ | ၂၅% | ၅% |

**ရှင်းလင်းချက်**။ အထက်ပါ Corporate Taxes (2014-2015) Worldwide Tax Summaries ၏ email:www.pwc.com/taxsummaries တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်နှင့်ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး (GDP) များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

| စဉ် | နိုင်ငံအမည် | အခွန်နှင့်အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး |
|---|---|---|
| ၁။ | မလေးရှား | ၁၅.၆% |
| ၂။ | ကမ္ဘောဒီးယား | ၁၁.၁% |
| ၃။ | အင်ဒိုနီးရှား | ၁၁.၄% |
| ၄။ | ထိုင်း | ၁၅.၅% |
| ၅။ | စင်ကာပူ | ၁၃.၉% |

| နိုင်ငံအမည် | အခွန်နှင့်အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး | | | |
|---|---|---|---|---|
| | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
| မြန်မာ | ၃.၈၂% | ၆.၅၉% | ၇.၅၃% | ၉.၈၅% |

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ မြို့သစ်(၃)၊ ဒဂုံလမ်း၊ အိမ်အမှတ် ၂၁(ခ) နေ ဦးစိုးနိုင် (ဘ)ဦးကျင်ဟုတ် ၆/မအရ(နိုင်)၀၁၈၀၄၀မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ဦးမြတ်လေးလမ်းနှင့် ရွှေစံပါယ်လမ်းထောင့်တွင်တည်ရှိသော အကွက်အမှတ်နှင့်အမည် ၃၉(င)၊ ဘုရားကိုင်၊ ဦးပိုင်အမှတ် ၁၁၊ ဧရိယာ၀ ဒသမ ၀၅၅၈ဧက အိမ်ရာမြေကွက်တစ်ကွက်နှင့် မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ဇေယျာသီရိ(၁)ရပ်၊ ချမ်းသာလမ်းတွင်တည်ရှိသော အကွက်အမှတ်နှင့်အမည် ၃၉(ခ) ဘုရားကိုင်၊ ဦးပိုင်အမှတ် ၃၅၇၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧက အိမ်ရာမြေ(၁)ကွက်တို့မှာ ကွယ်လွန်သူ ဦးကျင်ဟုတ်၊ ဒေါ်အုန်းကြည်မှ ကျန်ရစ်သော မိဘအမွေအနှစ် အမွေပုံပစ္စည်းများဖြစ်ကြပါသည်။ သို့ဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကွယ်လွန်သူမိဘနှစ်ပါး၏ အမွေခံသားသမီးများဖြစ်ကြသော ကျွန်တော်အပါအဝင် (၁)ဒေါ်ကျင်လွမ်၊ (၂)ဒေါ်ရှုကျင်၊ (၃)ဒေါ်အင်ကြူ၊ (၄)ဒေါ်သန်းကြူ၊ (၅)ဒေါ်ခင်အေးဆင့်၊ (၆)ဦးစိုးအောင်တို့၏ မောင်နှမ(၇)ဦးမှ အချိုးတူ အညီအမျှအကျိုးခံစားခွင့်ရှိကြသည့်အလျောက် အဆိုပါမောင်နှမ(၇)ဦးစလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက်တည်းမှဖြစ်စေ၊ မောင်နှမ(၇)ဦးမစုံလင်ဘဲဖြစ်စေ၊ အဆိုပါမြေကွက်များကို တစ်ပါးသူသို့ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း စသည့်လုပ်ရပ်များ ပြုလုပ်ခွင့်လုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးနိုင်(ဘ)ဦးကျင်ဟုတ်**
**အမှတ် ၂၁(ခ)၊ ဒဂုံလမ်း၊ မြို့သစ်(၃)၊ မြိတ်တောင်ရပ်ကွက်၊ မြိတ်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၃၅၁၃ Honda Wave Alpha 100,M/C ယာဉ်လက်ဝယ်ရှိသူ Thaike Shwe Pyi Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ် ၉နေ ဒေါ်စိုးမြင့်၏ ခင်ပွန်း ဦးတိုးကြည် [ဦးဆောင်ညွှန်ကြားရေးမှူး၊ (ငြိမ်း)၊ ကုန်သွယ်/လယ်ယာ] အသက်(၈၈)နှစ်သည် ၅-၈-၂၀၁၆ရက် (သောကြာနေ့) ည ၉း၀၉နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စီမံ(စီးပွား)အဆင့်(၁)ဝန်ထမ်းများ**
**ကုန်သွယ်/လယ်ယာ[1st Batch (81-82)]**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချန်ပို
### အသက်(၈၅)နှစ်

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ဒေါက်တာဒေါ်ခင်သီတို့၏ဖခင်ဖြစ်သူ ဦးချန်ပို့သည် ၇-၈-၂၀၁၆ရက် နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**မြန်မာအမျိုးသားလေကြောင်း**

## ဗိုလ်ကြီးလင်းသိန်းဦး (ငြိမ်း)
**ကြည်း-၃၃၅၇၈၊ DSTA (အပတ်စဉ်-၃)**
### အသက်(၃၉)နှစ်

ရန်ကုန်မြို့နေ(ဗိုလ်မှူးကြီးသိန်းဦး)-ဒေါ်ခင်မေမြတို့၏သားကြီး၊ ကိုတေဇယုကြည်-မသဥ္ဇာသိန်းဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မနော်ဟရီရိပ်သာ၊ L-၂၀၄နေ ဦးလှမင်း - ဒေါ်ဘရစ်ဂျစ်ခါးတို့၏သားသမက်၊ ဒေါ်အေးမြလှ (CHRISTINE)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထက်စံ(DSY)၊ မမြလင်းလက်မိုး( DSY)တို့၏ချစ်လှစွာသောဖခင်သည် ၈-၈-၂၀၁၆ရက် နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကြေကွဲဝမ်းနည်းခြင်း

တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၃) ဗိုလ်လောင်းသင်တန်းမှ အနှစ်(၂၀)လုံး ရင်းနှီးချစ်ခင်ရသော ရဲဘော် ရဲဘက် သူငယ်ချင်း ကြည်း-၃၃၅၇၈ ဗိုလ်ကြီးလင်းသိန်းဦး(ငြိမ်း) အသက်(၃၉)နှစ်သည် ၈-၈-၂၀၁၆ရက် နံနက်ပိုင်းတွင် နေအိမ်၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။ သူငယ်ချင်း လင်းသိန်းဦး ကောင်းရာဘုံဘဝရောက်ရှိပါစေ။

**တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၃)မှ**
**ကျောင်းနေဖက်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလင်းသိန်းဦး (ငြိမ်း)
**ကြည်း-၃၃၅၇၈၊ DSTA (အမှတ်စဉ်-၃)**
### အသက်(၃၉)နှစ်

ဗိုလ်ကြီးလင်းသိန်းဦး(ငြိမ်း)သည် ၈-၈-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၄)မှ ညီငယ်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလင်းသိန်းဦး (ငြိမ်း)
**ကြည်း-၃၃၅၇၈**
### အသက်(၃၉)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၃) ဗိုလ်လောင်းသင်တန်းမှ ကြည်း-၃၃၅၇၈ ဗိုလ်ကြီးလင်းသိန်းဦး(ငြိမ်း)သည် ၈-၈-၂၀၁၆ရက် နံနက်ပိုင်း၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၅)မှညီငယ်များ**

## ဝမ်းနည်းကြေကွဲခြင်း
## လင်းသိန်းဦး (ဦးလင်း)
### အသက်(၃၉)နှစ်

သား---
ကြုံရမယ် ဆိုတာသိပြီးသား-- ဒါပေမယ့်
မကြုံချင်ဘူး မကြားချင်ဘူးကွာ---
သိပ်ကိုတုန်လှုပ်သွားတယ်

**ဦးသန်းထွန်း-အကယ်ဒမီ ဝါဝါဝင်းရွှေ**
**အကယ်ဒမီ နေအောင်-မေဇင်နှင်း**

## ဝမ်းနည်းကြေကွဲခြင်း
## လင်းသိန်းဦး (ဦးလင်း)
### အသက်(၃၉)နှစ်

ဦးလင်း---
အပေါင်းအသင်းအားလုံးကိုထားသွားတာ သိပ်ကိုစောလွန်းတယ်
မယုံနိုင်ဘူး---

**ကိုသန်းထိုက်လင်း-ပုံ့ပုံ့**
**ကိုဝင်းထွဋ်ဝင်း-ဟေနွယ်**
**ဒေါက်တာမျိုး-အိ**
**ဒေါက်တာမုန်း-ယမင်း**
**ခွန်ရန်နောင်စိုး-ဝိုင်း**

## ဒေါ်သန်းသန်းမြင့် (Helen)
### အသက်(၉၀)

စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခိုင်ခိုင်မာ၏မိခင်ကြီးသည် ၆-၈-၂၀၁၆ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါသည်။

**ဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းမိသားစု**
**ဝိတိုရိယဆေးရုံကြီး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ထွေးစိန်
**(ယခင် ခေတ်လိုက် ပရိဘောဂနှင့် စက်ခုံစက်ဖုံး၊ ပုဇွန်တောင်)**
**(ဘီလူးကျွန်း၊ တကူကနာကျေးရွာ)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၂နေ (ဦးချစ်မောင်-ဒေါ်စော)တို့၏သမီး၊ (ဦးကျင်စိန်-ဒေါ်နှင်းတင်)တို့၏သမီးချွေးမ၊ (ဦးကြည်ဆင့်)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်သိန်း-ဒေါ်မရှိန်)၊ (ဦးငြိမ်း-ဒေါ်သောင်းမြ)၊ (ဦးအုံးကျော်-ဒေါ်ပု)၊ (ဦးသောင်းတင်-ဒေါ်ပျစ်)၊ (ဦးနီ)၊ ဒေါ်ထွန်းကြည်၊ ဦးအေးမြင့်-(ဒေါ်လှမွေး)၊ (ဦးဖေအေး-ဒေါ်လှတင်)တို့၏ညီမ၊ ဦးအောင်သန်း-ဒေါ်စမ်းမိတို့၏အစ်မ၊ တူ၊ တူမ ၆၀တို့၏အဒေါ်သည် ၇-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ပုဇွန်တောင်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ထွေးစိန် အသက်(၈၃)နှစ်
**(ယခင် ခေတ်လိုက် ပရိဘောဂနှင့် စက်ခုံ၊ စက်ဖုံး၊ ပုဇွန်တောင်)**
**(ဘီလူးကျွန်း၊ တကူကနာကျေးရွာ)**

ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၂နေ (ဦးချစ်မောင်-ဒေါ်စော)တို့၏သမီး၊ (ဦးကျင်စိန်-ဒေါ်နှင်းတင်)တို့၏သမီးချွေးမ၊ (ဦးစင့်ငှာ-ဒေါ်အေးပို)တို့၏ညီမ၊ (ဦးကြည်ဆင့်)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်ခင်)-ဒေါ်သောင်းတင်၊ ဦးလှငွေ-ဒေါ်ကြည်ငွေ(အမျိုးသားဆံသ)၊ (ဦးကျော်လှ)-ဒေါ်ခင်စမ်းအေး(Mother Son's Mobile)၊ (ဦးသန်းလှဦး)၊ ဦးမင်းစိုးအောင်-ဒေါ်မြင့်မြင့်မော်(Top Choice ရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးကိုကိုမျိုး-ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ပုဇွန်တောင်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်စိန်(ခ)ဒိုရာစိန်
### အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈လမ်း၊ အမှတ် ၁၉(မြေညီထပ်)နေ (ဦးမောင်မောင်တင်-ဒေါ်ခင်ပု)တို့၏သမီး၊ (ဦးစိန်ဘန်း-ဒေါ်ကြည်)တို့၏သမီးချွေးမ၊(ကျော့တင်မောင်မောင်)၏အစ်မ၊ဦးတင်ရီ(UNITEAM MARINE)၏ဇနီး၊ စောမြင့်ထွန်းဟန် (MK ပုံနှိပ်တိုက်) - ဒေါ်ကလျာရီ၊ ဦးဇော်ဝင်း (BOSUN, UNITEAM MARINE)-ဒေါ်တင်ဇာရီတို့၏မိခင်၊ မောင်ဟိန်းထက်အောင် (OS,UNITEAM MARINE)၊ မအိအိဇော်ဝင်း(ထ-၃၊ တောင်ညွန့်)၊ နော်အေးစုဟန်(ထ-၅၊ ဗိုလ်တထောင်)၊ စောသုတဟန်(ထ-၅၊ ဗိုလ်တထောင်)၊ စောဆိုင်မွန်ထွန်းဟန်(ထ-၅၊ ဗိုလ်တထောင်)တို့၏အဘွားသည် ၈-၈-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

Myanmar Automobile Development Public Co.,Ltd ၏ Executive Director ဦးသန်းထိုက်လွင်၏ဖခင် ဦးအုန်းလွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Myanmar Automobile Development Public Co.,Ltd**

## ဦးဝင်းမြင့်
**ခရိုင်မှူး(ကျိုင်းတုံ)**
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**လဝက**
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် ၆၃နေ (ဦးစံရှိန်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဦးသိန်းရဲထွဋ်-ဒေါ်သန်းသန်းအေးတို့၏အစ်ကို၊ ဒေါ်ညိုညိုအောင် (ကုန်သွယ်၊ ငြိမ်း) တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုခိုင်မင်း(Unitine)၊ မသင်းနွယ်ဦး(Chem-Final yr) (မာဃ ကုန်ထုတ်လုပ်မှုလုပ်ငန်း)တို့၏ ဖခင်သည် ၇-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်မြိုင်
**(မိုးကုတ်ယောဂီ)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊အမှတ် ၈၂နေ စလင်းကျောင်းတိုက် ဆွမ်းစားကျောင်း၊ တိုက်ကြပ်ဆရာတော် ဦးတိလောက၏ရဟန်းအစ်မကြီး၊ (ဦးဘိုးမောင်-ဒေါ်ရွှေညွန့်)တို့၏သမီး၊ (ဦးမောင်တင့်-ဒေါ်အေးကြည်)၊ (ဦးကျော်သိန်း-ဒေါ်အေးချစ်)၊ (ဦးကျော်မြင့်-ဒေါ်တုတ်)၊ (ဒေါ်မြရီ)၊ (ဦးကျင်မြိုင် - ဒေါ်လှစိန်)တို့၏ညီမ၊ တူ၊ တူမ ၁၈ယောက်တို့၏အဒေါ်သည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မောင်အုန်း
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ် ၅၃၁-အေနေ (ပီအော ဦးထွန်းရင်-ဒေါ်ပျားအုံ)တို့၏သား၊ (ဦးအောင်ညွန့်-ဒေါ်ကွမ်းမာ)တို့၏ သားသမက်၊ (ဒေါ်ခင်သိန်း)၊ (ဒေါ်ခင်မြင့်ရင်)တို့၏ အစ်ကို/မောင်၊ ဦးအောင်သန်းဦး-ဒေါ်မိုးစံပယ်၊ ဦးဝင်းကိုကို-ဒေါ်သန့်သန့်ဆင့်၊ ဦးကျော်ကျော်အုံး-ဒေါ်ချောစုတို့၏ဖခင်၊ မေစုမွန်၊ ကိုဇော်မျိုး-မသင်းစန္ဒီ၊ ကိုနေဦးလှိုင်၊ ကိုအောင်ထက်၊ ကိုမင်းသန့်ကို၊ မယွန်းလပြည့်၊ မောင်မုတ်သုန်ဇွန်တို့၏အဘိုး၊ မောင်ရဲမင်းဦး၊ မကြယ်စင်မျိုးမြတ်သူတို့၏ ဘိုးဘိုးကြီး၊ ဒေါ်တင်နု၏ချစ်လှစွာသောခင်ပွန်းသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မြင့် (မြန်အောင်)
**(CMA ငြိမ်း)**
**(ပန်းဘဲတန်း မဟာသိမ်တော်ကြီး ဂေါပက)**
### အသက်(၈၂)နှစ်

မြန်အောင်မြို့နေ (ဦးထင်ကျော်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်ခင်သောင်းဆွေ၏အစ်ကို၊ ရန်ကုန်မြို့နေ (ဒေါ်စမ်းမြင့်) ကကလှမ်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်လတ်-ဒေါ်နီလာမြင့်၊ဦးမြတ်သူ-ဒေါ်မာလာမြင့်၊ ဦးဇာနီမြင့်-ဒေါ်မိစမ်းမာလာ၊ ဦးကျော်ကျော်မြင့်တို့၏ချစ်လှစွာသောဖခင်၊ မယွန်းပွင့်မာလာ၊မောင်စည်သူ၊ မဆုလတ်မြင့်တို့၏အဘိုးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ ၁၉/ဦးညိုခြံနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဇ၀နနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးခင်မြင့်
**သက်ကြီးကန်တော့ခံ**
### အသက်(၈၂)နှစ်

မြန်အောင်မြို့နေ(ဦးထင်ကျော်-ဒေါ်ကြည်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ ၁၉/ဦးညိုခြံနေ (ဒေါ်စမ်းမြင့်)၏ခင်ပွန်းသည် ၇-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးအောင်နိုင်
**Operations Executive**
**(MAHA NADI MARITIME SERVICES CO.,LTD.)**
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် ၁၁၊ အခန်း ၁၀နေ (ဦးမြင့်ဆွေ-ဒေါ်ကြည်ကြည်နွယ်)တို့၏သား၊ (ဦးသာအောင်)-ဒေါ်အယ်လိဇဘက်တို့၏သားသမက်၊ ဦးစိုးငွေ-ဒေါ်ဆွေနွယ်ဦး၊ (ဦးမြင့်ခိုင်)-ဒေါ်ဆွေနွယ်မြင့်တို့၏မောင်၊ (ဦးအောင်ဇော်)-ဒေါ်ခင်ဒေဝီကျော်တို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး၊ မငြိမ်းဆုနိုင်(ခ)ဝါဆို (Receptionist, Constructrive Engineers Ltd.)၊ မောင်ထူးအောင်သာတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နော်ထူးလူဖော၏ချစ်လှစွာသောခင်ပွန်းသည် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဦးအော်လီအာမတ်
**(ရဲ-ရုံးအုပ်စာရေးကြီး၊ ငြိမ်း)**
**အသက်နှင့်မီးအာမခံကိုယ်စားလှယ်ဟောင်း**
**မိဘမဲ့ဂေဟာနာယက(ဟောင်း)**
### အသက်(၈၆)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဦးလှဖေကျေးရွာနေ ဦးမူဟာမတ်ဟူဆိန်း-ဒေါ်ဖေတာနီတို့၏သား၊ ကျောင်းဆရာ(ငြိမ်း)ဦးအီလီယာစ်-ဒေါ်နာဓိယာခါတူတို့၏သားသမက်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ခပ-၁၁-၄၀၆-ချင်းပျံလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ဒီလ်ဟာရစ်(ခ)ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ခင်မောင်လွင်၊ ဒေါ်အေးအေးလွင်-ဦးတင်မောင်ကြည်(ခ)ဦးမူဟိဒ္ဒိန်၊ ဦးမောင်မောင်လွင်-ဒေါ်အေးအေးမာ၊ ဒေါ်ကြည်ကြည်လွင်-အဒူဟာဖိစ်၊ ဒေါ်ရီရီလွင်-ဦးအာယုပ်ခန့်တို့၏ဖခင်၊ မအေးမိုးမိုးထွန်း၊ မခင်မာလွင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၆ရက် ည ၇း၁၀နာရီတွင် စစ်တွေမြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူပြီး ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် စစ်တွေမြို့၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်စန်းတင့် (ဘိုကလေး)
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**MEHS (1) မက်သဒစ်၊ အထက(၂)ဒဂုံ၊ အထက(၃)ဒဂုံ**
**အထက(၄)တာမွေ၊ အထက(၁)တ/ဥက္ကလာပ**
**အထက(၅)ကြည့်မြင်တိုင်၊ ထ(၁)၊ ထ(၂) ဘိုကလေး**
### အသက်(၈၂)နှစ်

ဘိုကလေးမြို့နေ (ဦးပွကြီး-ဒေါ်စိန်ခင်)တို့၏သမီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းနေ (ဦးနေဝင်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်လွင်ဦး(ခေတ္တ-စင်ကာပူ)-ဒေါ်သန်းသန်းပြုံး၊ ဦးကျော်စန်းဦး-ဒေါ်မြသန္တာဝင်း(MMGG)၊ ဦးအောင်မျိုးဇော်-ဒေါ်သူဇာဝင်း[မြန်မာတိုင်း(မ်)]၏မိခင်ကြီး၊ မခင်ပြည့်ပြည့်ဇော်(ရောဝတီဘဏ်)၊ မောင်သန့်ဇော်ထွန်း(WYTU)၊ မောင်ခန့်အုပ်စိုး(မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ)၊ မောင်သူရိန်လင်း၊ မောင်အောင်ဘုန်းပြည့်တို့၏အဘွားသည် ၇-၈-၂၀၁၆ရက် နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် ညနေ ၄နာရီတွင် အနော်ရထာအိမ်ရာ၊ နေကြာသာယာကုန်းလမ်း၊ တိုက် ၄၊ အခန်း ၁၀၄မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## မန်းကွန်းလွင်စံငွေ
**[BA (Ed) B.Ed, အငြိမ်းစား]**
**မြို့နယ်ပညာရေးမှူး(ငြိမ်း)**
### အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ တေဇရပ်ကွက်၊ဘုရင့်နောင်လမ်း၊ အမှတ် ၁၉နေ သူနာပြုဆရာမကြီး ဂေါ့စိန်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဆရာကြီး (မန်းကူပါစံငွေ-ဂေါ့ကြေးမုံ)တို့၏သား၊ ဆရာမကြီး ဂေါ့အဲလ်နောစံငွေ၏တူ၊ ဆရာမဂေါ့မြခင်၊ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)(မန်းအောင်စံငွေ)တို့၏မောင်/ညီ၊ နမ့်ဝင်းဝင်းလွင်၊ စကျော်လွင်၊ (စအေးလွင်)တို့၏ချစ်လှစွာသောဖခင်၊ နမ့်ခင်ခင်ငွေ၊ (စကျော်ငွေ)၊ နမ့်တင်တင်ငွေ၊ နမ့်သန်းသန်းငွေ၊ နမ့်စန်းစန်းငွေတို့၏ဦးလေးသည် ၈-၈-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၉း၄၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကျုံပျော်မြို့ နှစ်ခြင်းခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျုံပျော်အသင်းတော်နှင့် ရေတိမ်အသင်းတော်တို့မှ အသင်းသူ အသင်းသားများနှင့် ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်စန်းနု
### အသက်(၆၂)နှစ်

နတ်မောက်မြို့နယ်၊လမ်းကတိုးကျေးရွာနေ (ဦးတိုး)-ဒေါ်လှိုင်တို့၏သမီး၊ (ဦးစံပါယ် - ဒေါ်အုန်းရှင်)တို့၏ သမီးချွေးမ၊ ဒေါ်အေးအေးချို၊ ဦးစိုးပိုင်တို့၏အစ်မ၊ ဦးစောကြိုင်၏ညီမ၊ ဒေါ်မြဆယ်၏အစ်မ၊ မကြည်သာစမ်း၊ ဗိုလ်ကြီးအောင်အောင် - မဖြိုးသန္တာတို့၏မိခင်၊ မောင်ခန့်သူရ၏အဘွား၊ဗိုလ်ကြီးသန်းစိန်(ငြိမ်း) MEC ၏ချစ်လှစွာသောဇနီးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊(၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၄၅၊ အခန်း ၃ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ပု(ခ)
## ဦးအောင်ဝင်း (မြင်းခြံ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁)လမ်း၊ တိုက် ၁၈၊ အခန်း ၃၀၄ အေ-ဘလောက်နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ (ဦးလှမောင်)-ဒေါ်စန်းစန်းရီ၊ ဦးတင်ညွန့်-ဒေါ်သန်းသန်းငွေ၊ ဦးဇော်မင်း-ဒေါ်ခင်မာထွေးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃း၂၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးဝင်းမြင့်
### အသက်(၆၉)နှစ်

အသင်းဝင် ဒေါ်ညိုညိုအောင်၏ ခင်ပွန်း ဦးဝင်းမြင့်သည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် ၆၃နေ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ကိုမြတ်သူ
### အသက်(၃၇)နှစ်

ရခိုင်ပြည်နယ်၊ ဂွမြို့နေ(ဦးလှမောင်)-ဒေါ်ကျင်ပု၊ ဦးမောင်မောင်-ဒေါ်တင်ညွန့်တို့၏မြေး၊(ဦးကံမြင့်)-ဒေါ်ခင်မာရီတို့၏သား၊ (ဦးဇော်မင်းအောင်)-ဒေါ်ကြည်မြင့် (အထက-၃၊ မြောက်ဒဂုံ)၊ ကိုလေးမြင့်-မခင်အေး၊ ဒေါ်ခင်မာဝေတို့၏တူသည် ၈-၈-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရွှေပြည်သာမြို့နယ်၊ ခရေပန်းခြံလမ်း၊ အမှတ် ၁၇၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံ
# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

## မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၈ ဦး MAI လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနက် နေရပ်ပြန်ရန် အခက်အခဲရှိနေသူများအား နေရပ်ပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ ပြည်ပအလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံသားများ နေရပ်ပြန်လည်ပို့ဆောင်ရေးအတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအနက် C of I ရရှိပြီး နိုင်ငံသား ၁၃၈ ဦးသည် ယနေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ■



## ရန်ကုန်မြို့တော်ခန်းမရှေ့၌ (၂၈)နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စာ - ၉

## ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ၌ ဝသန်ရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရီရီသန့်**

**ရန်ကုန် ဩဂုတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် (၆)ကြိမ်မြောက် ဝသန်ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၆)ကြိမ်မြောက် ဝသန်ရုပ်ရှင်ပွဲတော်တွင် ပြည်တွင်းပြိုင်ပွဲဝင် ဇာတ်လမ်းတိုရုပ်ရှင်ကား ခုနစ်ကား၊ မှတ်တမ်းတင်ရုပ်ရှင် ခုနစ်ကား၊ နည်းပညာဇာတ်ကား (Animation) တစ်ကား စုစုပေါင်း ၁၅ ကားနှင့် အရှေ့တောင်အာရှ မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှ မှတ်တမ်းရုပ်ရှင် ငါးကား၊ အရှေ့တောင်အာရှနိုင်ငံများမှ လေးကား စုစုပေါင်း ကိုးကားတို့ကို ပြသရန် ရွေးချယ်ထားပြီးဖြစ်သည်။

ပထမအကြိမ် ဝသန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၁ ခုနှစ်က စတင်ကျင်းပခဲ့သည်။ ပွဲတော်နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက www.facebook.com/wathannfilmfest နှင့် website www.wathannfilmfestival.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။